
# ဝိုးကျော်သူ

ဈိုင်းမညီး (တတိယပိုင်း)



ပထမအကြိမ်

၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ

အုပ်ရေ ၅၀၀

တန်ဖိုး ၃၅-ကျပ်

အဖုံးရိုက်

ဦးကျော်မိုးစိန် (မြ-၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁-လမ်း၊ ရန်ကုန်။

ထုတ်ဝေသူ

ဦးထွန်းရှိန် (မင်းလွင်) (မြ-၀၀၂၀၅) ပန်းစုံမြိုင်စာသ[illegible]
၀၄၃၊ အောင်သစ္စာ ၃-လမ်း၊
၄-ရပ်ကွက်၊ သာကေတ၊ ရန်ကုန်။

ပုံနှိပ်သူ

ဦးပါကြီး (မြ-၀၁၉၅)
ဆန်းသစ်စပုံနှိပ်တိုက်
၅၀၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

မိုးကျော်သူ

---

# ဗျိုင်းမည်း

(တတိယပိုင်း)

## တည်ကြက်

ဆရာကြီး နန်းကုန်း၏ အိမ်ဂေဟာမှာ အခဝေးတွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

လုထင်းက အတော်ကလေးကြာအောင် ပြေးသွားပြီးမှ ခြေလှမ်း ရပ်လိုက်၏။

အိမ်မှထွက်လာပြီးနောက်ပိုင်း အခက်အခဲ ဘေးဒုက္ခများနှင့် ဆက်တိုက်ကြုံတွေ့ခဲ့ရကာ အကြီးအကျယ် စိတ်ပျက်နေပြီ ဖြစ်လေသည်။

သူ့အတွက် ပြန်စရာ အိမ်မရှိပါ။ နားခိုစရာမရှိပါ။ မိတ်ဆွေဟူ၍ သင်္ချိုင်းစောင့် အာချီသာရှိ၏။

ပလွေရှင်က သူ့အား ကူညီခဲ့သူဖြစ်သည်။

ပလွေရှင်မှာ မည်သူဖြစ်ပါသနည်း။

အဘယ့်ကြောင့် ကူညီခဲ့ရပါသနည်း။

သူမသိပါချေ။

ပလေ့ရှင်သာ ကူညီခြင်းမပြုလျှင် သူ့အတွက် ရှေ့ဆက်ရပ်တည်နေနိုင်စွမ်း ရှိတော့မည် မဟုတ်ချေ။

သူ၏သိုင်းပညာ မခေပါချေ။

သို့သော် တကယ်တမ်းတွင် ရန်သူကို ယှဉ်ပြိုင်နိုင်ရန် မလုံလောက်သေးကြောင်း လက်တွေ့သင်ခန်းစာရခဲ့၏။

သူ့ဘဝ ဆက်၍ ရှင်သန်နေနိုင်ရန် သိုင်းပညာ လေ့ကျင့်ရန် လိုအပ်ကြောင်း နားလည်လာသည်။

သူ၏မိခင်က မြောင်နယ်ခြားသို့သွားကာ အဆိပ်ပညာ သင်ယူရန် စေခိုင်းခဲ့လေသည်။

ပြည်မတွင် သူ့အား သိုင်းပညာ သင်ပေးမည့်သူ မရှိပါ။ သူ့အားတန်းတူရည်တူ ဆက်ဆံမည့်သူပင်မရှိဘဲ ဒုက္ခပေးလိုသူများသာ ပြည့်နှက်နေ၏။

လုထင်း ပြတ်သားစွာ ဆုံးဖြတ်လိုက်သည်။

မြောင်နယ်ခြားသို့ မရောက်ရောက်အောင်သွားရန် ဖြစ်လေသည်။

သူတွေးတောစဉ်းစားနေစဉ် နောက်ကျောဘက်မှ ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုထင်း ရင်ထိတ်သွားပြီး လှည့်ကြည့်လိုက်၏။

'မပြေးနဲ့'

အော်ငေါက်သံများနှင့်အတူ လူတစ်စု ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရ၏။



လုထင်း ပြေးထွက်သွားရန် ဟန်ပြင်လိုက်သော်လည်း ပြေးထွက်တော့မည် မဟုတ်ကြောင်း နားလည်လိုက်လေသည်။

ပြေးလွှားလာသူများကား မင်းသားလေး ကျင်းစိန်၏ တပည့်များ ဖြစ်ကြလေသည်။

ထိုလူများသည် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြပြီး လုထင်းအား ဝိုင်းရံထားလိုက်ကြလေသည်။

လုထင်း အံကြိတ်လိုက်သည်။

'ဒီလောက်တောင် ဒုက္ခပေးချင်ကြတဲ့လူတွေ သိကြသေးတာပေါ့'

အော်ငေါက်ရင်း သူက စတင်တိုက်ခိုက်လိုက်လေသည်။

ဝိုင်းရံထားသူများကလည်း ဩသံပေးကာ ပြန်လည်တိုက်ခိုက်ကြလေသည်။

လုထင်းကား လက်နက်ကိုင်ဆောင်ထားခြင်းမရှိပါ။

သို့သော် သူက အစွန့်ကျွမ်းကျင်သည့် မေ့ဆေးပညာ အသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။

ပေါ့ပါးသော ကိုယ်ဖော့ပညာဖြင့် ရန်သူများအကြား ခုန်ပျံရှောင်တိမ်းရင်း လက်နှစ်ဘက်တွင် ဝေ့ယမ်းလိုက်လျှင်....

'အား'

'အင့်'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ဆက်တိုက် ထွက်ပေါ်လာသည်။

မင်းသားလေးကျောင်းစိန်၏ တပည့်များမှာ တစ်ယောက်ပြီး တစ်ယောက် လဲကျကုန်၏။

သုံးလေးယောက် လဲကျသွားလျှင် သူတို့၏ တိုက်ခိုက်မှု ဖရိုဖရဲဖြစ်ကာ ပြီး ချက်ချင်း နောက်ဆုတ်သွားကြလေသည်။

လုထင်း မဲ့ပြုံး ပြုံးလိုက်သည်။

'ကျုပ်က မေ့ဆေးအသုံးပြုလိုက်တယ်၊ ခင်ဗျားတို့လူတွေ နေ့တစ်ဝက်အချိန်အတွင်း လူကောင်းပကတိ ပြန်ဖြစ်လာလိမ့်မယ်၊ လဲနေတဲ့လူတွေခေါ်ပြီး မြန်မြန် ထွက်သွားကြပေတော့၊ ဒါမှမဟုတ်ရင် ကျုပ်က အဆိပ်ကို အသုံးပြုရလိမ့်မယ်'

ဟု ခြိမ်းခြောက်ပြောဆိုလိုက်လေသည်။

မင်းသားလေး ကျောင်းစိန်၏လူများ မကျေမနပ် ဖြစ်သွားကြလေသည်။

သို့သော် သိုင်းလောကသားများသည် အဆိပ်ကိုလွန်စွာ ကြောက်ရွံ့သလို မုန်းတီးစက်ဆုပ်ရလေကား ဘာမှ မပြောတော့ဘဲ လဲကျနေသူများကို ထမ်းပိုးကာ ပြေးလွှား ထွက်ခွာသွားကြ၏။

လုထင်းအား တိုက်ခိုက်ရန် မည်သူမျှ မကြိုးစားကြပါတော့ချေ။

ထိုလူများ ပြေးလွှားထွက်ခွာသွားမှ လုထင်း သက်ပြင်းချနိုင်လိုက်လေသည်။

'ဟူး....တော်ပါသေးရဲ့၊ သူတို့သာ ထွက်မသွားဘဲ ဆက်ပြီး တိုက်ခိုက်ကြမယ်ဆိုရင် တစ်ချိန်မဟုတ်တစ်ချိန် ငါလဲဒုက္ခရောက် သွားမှာပဲ'



ဟု တီးတိုးညည်းညူလိုက်မိသည်။

ထိုစဉ်....

'ဖျောင်း....ဖျောင်း....ဖျောင်း'

လက်ခုပ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ လုထင်း လှမ်းကြည့်လိုက်သည်။

ထိုအခါ ရွှေဝါရောင် ဝတ်ဆင်ထားသူတစ်ယောက် သစ်ပင်များကြားမှ ထွက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူမှာ အစ်ကိုကြီးချို ဖြစ်လေသည်။

အစ်ကိုကြီးချိုကိုမြင်လျှင် လုထင်း မျက်မှောင်ကြုတ်သွားပြီး မျက်တောင်မခတ် စိုက်ကြည့်နေလိုက်သည်။

အစ်ကိုကြီးချိုက လုထင်းအား ပြုံးပြလိုက်ပြီး....

'မင်းဘယ်ဆိုးလို့တုန်း သံမဏိယပ်တောင် ဝမ်းလျန်ရဲ့ပညာ ရထားလိုက်တာပဲ'

ဟု ပြောလိုက်လေသည်။

လုထင်းက....

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

'ဩော်....မင်းက မေ့ဆေးပညာကို ကောင်းကောင်းအသုံး ချနိုင်လို့ပါ၊ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလို အောက်တန်းကျတဲ့ပညာ တတ်ထားတာ ချီးကျူးရမလား၊ ကဲ့ရဲ့မရလား ငါတောင် မပြောတတ်တော့ဘူး'

'ဘာဗျ'

'ငါပြောတာ မကြားဘူးလား၊ မင်းကဘာသဘောနဲ့ မြေပြန့်ကို ဆင်းလာတာလဲ၊ ဘာအကြံအစည်များ ရှိနေလို့လဲ'

'ခင်....ခင်ဗျား စကားကြည့်ပြောပါ'

အစ်ကိုကြီးချို မဲ့ပြုံးပြုံးလိုက်သည်။

'သခင်မလေး ရှိနေလို့ပေါ့ကွာ၊ နို့မဟုတ်ရင် မင်းလိုလူမျိုးကို ကောင်းကောင်းကြီး ဆုံးမလိုက်ပြီဆိုတာ မှတ်ထား'

လုထင်း ခံပြင်းသွားသည်။

နန်းကုန်းယန်(ဝါ)စုအိမ်းကို သူမကျေမနပ် ဖြစ်ခဲ့သည်မှာ ကြာချေပြီ။

ယခုတော့ နန်းကုန်းယန်နှင့်မှ တိုက်တိုက်ဆိုင်ဆိုင် လာပြီး ဆုံတွေ့ရလေသည်။

နန်းကုန်းယန်နှင့် ပတ်သက်နေသည့် အစ်ကိုကြီးချိုကိုလည်း သဘောမကျ ဖြစ်မိ၏။

သူနှင့်ဆုံတွေ့သူတိုင်းက သူ့အား လူဆိုးဓားပြအဖြစ် သတ်မှတ်ကာ ဒုက္ခပေးရန် ကြိုးစားနေကြသဖြင့် ခက်ထန် ကြမ်းတမ်းသောစိတ်များ ဝင်ရောက်လာစပြုနေပြီ ဖြစ်သည်။

သူ့အား ရန်စလာသူအပေါင်းကို ချက်ချင်း လက်တုံ့ပြန်လိုစိတ်များလည်း ကိန်းအောင်းနေပြီ ဖြစ်လေသည်။

အစ်ကိုကြီးချိုကိုကြည့်ကာ....

'ကိစ္စမရှိပါဘူးဗျာ၊ ခင်ဗျားသခင်မလေးကိုလဲ ကျုပ်ကဂရုစိုက်တာ မဟုတ်ပါဘူး၊ ခင်ဗျား ဆုံးမချင်တယ်ဆိုရင် လာ၊ ပြီး ဆုံးမနိုင်ပါတယ်၊ စကားကြီးစကားကျယ်တော့ ပြောမနေပါနဲ့'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

အစ်ကိုကြီးချို ပိုပြီး မကျေမနပ် ဖြစ်သွား၏။



'မင်းက သခင်မလေးကို စော်ကားတယ်ပေါ့လေ၊ ကောင်းပြီ သခင်မလေးကို စော်ကားမော်ကားပြောလို့ ငါကဆုံးမတာကို သခင်မလေး အပြစ်တင်မှာ မဟုတ်ဘူး'

စကားဆုံးလျှင် ရှေ့သို့ လျှပ်တစ်ပြက်တိုးလာပြီး လုထင်း၏ ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

လုထင်းကား ရန်သူများနှင့် ရင်ဆိုင်ခဲ့ပြီဖြစ်ရာ သတိထားနေတတ်သည့်အကျင့် ရလာပြီ ဖြစ်လေသည်။

ထို့ကြောင့် အစ်ကိုကြီးချိုတိုက်ခိုက်လာသည်နှင့် ချက်ချင်း ပြန်လည် တိုက်ခိုက်နိုင်ခဲ့လေသည်။

သူကလက်ဝါးဆန့်ထုတ်ကာ ပြန်လည် ခုခံလိုက်၏။

လက်ဝါးနှစ်ဘက် ဆုံတွေ့မိလျှင်....

'ဂွန်း' ဒရိုး

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။

အစ်ကိုကြီးချို မလှုပ်မယှက် ရပ်နေသည်။ ဒိမ်း

လုထင်းကား နောက်သို့ ခြေလှမ်းသုံးလှမ်းမျှ ဆုတ်သွားရလေသည်။

အစ်ကိုကြီးချို ပြုံးလိုက်သည်။

'မင်းဘယ်ဆိုးလိုတုန်း၊ နောက်တစ်ကွက်လောက် ခုခံကြည့်ပါဦး'

ပြောပြီး ထပ်မံတိုက်ခိုက်လေသည်။

ယခုတစ်ကြိမ် သူက လက်ဝါးရိုက်ထုတ်လိုက်ပြီး လက်တစ်ဝက်တွင် လက်ချောင်းကလေးများကွေးကာ လက်သီးပုံသဏ္ဍာန်ဖြင့် လုထင်း၏မျက်နှာဆီသို့ ထိုးသွင်းလိုက်ခြင်း ဖြစ်လေသည်။

လုထင်းမှာ ယခုမှ သိုင်းပညာမသင်ခဲ့မိသည်ကို နောင်တရနေသည်။

အမှန်ဆိုလျှင် သူ၏မိခင်နှင့် ဦးလေးသည် သူတို့တတ်မြောက်ထားသည့် ထိပ်တန်းသိုင်းပညာများ သူ့အား သင်ကြားပေးလေသည်။

သို့သော် သူက စိတ်မဝင်စားသဖြင့် ကောင်းစွာတတ်မြောက်ခြင်း မရှိခဲ့ပါချေ။

သိုင်းကွက် လေးငါးဆယ်ကွက် ခန့်သာလျှင် ဖြစ်ဖြစ်မြောက်မြောက် တတ်ကျွမ်းခဲ့သည် ဆိုရပေမည်။

ရန်သူနှင့် ရင်ဆိုင်ရသည့်အခါ ထိုသိုင်းကွက်များ ထုတ်ဖော်သဘော ပြန်လည်တိုက်ခိုက်ခြင်းဖြစ်၏။

သူ့
မှတ်က
သောင်

* * *

သိုင်းကွက် မယ်မယ်ရရ မတတ်သော်လည်း ကိုယ်ဖော့ပညာနှင့် မေ့ဆေးပညာကို မိခင်နီးပါး တတ်မြောက်ခဲ့သည်က ကံကောင်းသည် ဆိုရပေလိမ့်မည်။



သူက တတ်ကျွမ်းအောင် သင်ယူခြင်းမပြုလျှင် မိခင်ကြီး စိတ်ဆိုးမည်ကို ကြောက်ရွံ့ခြင်းကြောင့် ကျိတ်မှိတ် သင်ခဲ့ရာမှ ကျွမ်းကျင်စွာ တတ်မြောက်ခဲ့ခြင်း ဖြစ်ပေတော့၏။

အစ်ကိုကြီးချို၏ တိုက်ကွက်မှာ လျင်မြန်လှပြီး အားမာန်အပြည့်ပါသည်ကို မြင်လျှင် လုထင်း ထိပ်တိုက် ရင်မဆိုင်ဝံ့ပါတော့ချေ။

ဘေးသို့ လှစ်ခနဲ ခုန်ရှောင်လိုက်ရ၏။

'ဝှီး....'

အစ်ကိုကြီးချို၏ လက်သီးမှာ သူ၏နားထင်ဘေးမှ ဝီခနဲ မြည်ကာ ဖြတ်ကျော်သွားရာ၊ နားထင်ပူစပ်ပူလောင် ဖြစ်သွားသည်ဟု ခံစားလိုက်ရ၏။

လက်သီးချက်သာ ထိမှန်သွားလျှင် မျက်နှာတစ်ခုလုံး အရိုးများကျိုးကာ သွေးချင်းချင်း နီရဲသွားမည် ဖြစ်ပေသည်။

အစ်ကိုကြီးချိုက သူ့အား ရက်ရက်စက်စက် ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်နေပြီ မဟုတ်ပါလား။

လုထင်း ခံပြင်းလာလေသည်။

'ခင်ဗျားက ကျုပ်ကို သတ်ပစ်ချင်တာကိုး....၊ ကောင်းပြီလေ....'

စကားဆုံးလျှင် လက်နှစ်ဘက် ဝေ့ယမ်းလိုက်လေသည်။ ထိုအချိန်တွင် အစ်ကိုကြီးချိုက တတိယမြောက် သိုင်းကွက် ဖော်ထုတ်ကာ တိုက်ခိုက်လာပြီ ဖြစ်လေသည်။

လုထင်း လက်ဝေ့ယမ်းလိုက်သည်နှင့် အနီရောင် အမှုန်များ လွင့်ပျံ့လာသည်။

အစ်ကိုကြီးချိုက သတိ ပြုမိသော်လည်း နောက်မဆုတ်ဘဲ ရှေ့တိုး တိုက်ခိုက်လိုက်၏။

လုထင်း ရင်ထိတ်သွား၏။

သူက အလွန်ပြင်းထန်သော မေ့ဆေးမှုန့်ဖြင့် တိုက်ခိုက်လိုက်သည် ဖြစ်သော်လည်း အကိုကြီးချို အဘယ့်ကြောင့် မကြောက်မရွံ့သည်ကို စဉ်းစားမရချေ။

သူ တွေးတောနေစဉ်မှာပင်....

'ငါတို့က အဆိပ်တို့ မေ့ဆေးတို့ ကြောက်တဲ့ လူတွေမှတ်သလား'

အစ်ကိုကြီးချို၏ စကားသံ ထွက်ပေါ်လာသည်။

တဆက်တည်းပင် သူ၏လက်သီးတစ်လုံးသည် လုထင်း၏ပခုံးကို ထိမှန်သွားလေသည်။

'ဝုန်း....'

'အား....'

လုထင်းမှာ အော်ဟစ်ကာ အနောက်ဘက် လွင့်စဉ်သွားလေတော့၏။

အစ်ကိုကြီးချိုက ဆက်၍ တိုက်ခိုက်ခြင်း မပြုတော့ဘဲ ရပ်လိုက်၏။

လုထင်း ချက်ချင်းလူးလိမ့်ထလာသည်။

သူ၏ ဝဲဘက် လက်ကား.... တွဲလောင်းကျနေပြီ ဖြစ်လေသည်။

လုထင်း အံတင်းတင်းကြိတ်ထားသည်။



နာကျင်မှုကို ကြိတ်မှိတ်ခဲ့ရင်း အစ်ကိုကြီးချိုအား တိုက်ခိုက်ရန် ရှေ့တိုးသွားလေသည်။

အစ်ကိုကြီးချို ခေါင်းယမ်းလိုက်သည်။

'မင်းရဲ့ မလောက်လေးမလောက်စား ပညာလေးနဲ့ ငါ့ကိုယှဉ်လို့ မရပါဘူးကွာ၊ သခင်မလေး မျက်နှာကြောင့် မင်းကို ခွင့်လွှတ်လိုက်မယ်၊ ကဲ... ဒီက မြန်မြန် ထွက်သွားပေတော့'

လက်ဝေ့ယမ်းကာ ပြောလိုက်လေသည်။ လုထင်းထွက်သွားရန် လုံးဝ စိတ်မကူးပါချေ။

* * *

အစ်ကိုကြီးချိုထံသို့ ဦးတည်သွားရင်း....

'ကျုပ်က ခင်ဗျားကို ဆုံးမပြီးမှ ထွက်သွားမယ်'

စကားဆုံးလျှင် တိုက်ခိုက်ရန် အကောင်းပကတိ ရှိနေသေးသည့် လက်ကို အပေါ် မြှောက်လိုက်လေသည်။

အစ်ကိုကြီးချိုက သူ့ထက်ဦးအောင် ခြေတောက် မြှောက်ကာ ကန်ကျောက်လိုက်လေသည်။

လုထင်း မရှောင်နိုင်ပါတော့ချေ။

'ဝုန်း....'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး.... အနောက်ဘက် လွင့်စဉ်သွားပြန်တော့သည်။

ယခုတစ်ကြိမ် အတော်လေးကြာမှ လူးလိမ့် ထလာနိုင်၏။ အစ်ကိုကြီးချို သဘောကျစွာ ပြုံးနေသည်။

လုထင်းအား ဆုံးမလိုက်ရခြင်းကြောင့် ကျေနပ်နေဟန် ရှိလေသည်။

လုထင်းကို စေ့စေ့ကြည့်ကာ....

'ဘယ်လိုလဲ၊ မင်း ထွက်သွားတော့မယ်မဟုတ်လား'

ဟု ပြောလိုက်၏။

လုထင်း ခေါင်းယမ်းလိုက်သည်။

'ခင်ဗျားကို မဆုံးမရဘဲ မသွားဘူး'

စကားဆုံးလျှင် အစ်ကိုကြီးထံ ပြေးဝင် သွားပြန်လေသည်။

အစ်ကိုကြီးက....

'ကောင်းပြီ၊ ငါ့အပြစ် မဟုတ်တော့ဘူး'

စကားဆုံးလျှင် လက်တစ်ဘက်ကလက်သီး လက်တစ်ဘက်က လက်ဝါးစောင်းပုံသဏ္ဌာန်ဖြင့် ပြိုင်တူ တိုက်ခိုက်လိုက်လေသည်။

လုထင်းက အားတင်းကာ ပြန်လည် တိုက်ခိုက်လေသည်။ သို့သော်....

အစ်ကိုကြီးချို၏အား မည်သို့မျှ မယှဉ်နိုင်ပါချေ။

'အား....'



အစ်ကိုကြီးချို၏ တိုက်ခိုက်မှု ခံလိုက်ရလျှင် မြေပေါ် အရှပ်ကြီးဖြတ် လဲကျသွားလေသည်။

ယခုတစ်ကြိမ် မြေပေါ်မှ ပြန်ထမလာနိုင်ပါတော့ချေ။

• • •

အစ်ကိုကြီးချိုက....

'ဘယ်လိုလဲ မင်း တိုက်ခိုက်ချင်သေးသလား'

ဟု မေးလိုက်သည်။

လုထင်းက ဘာမှ ပြန်မပြောနိုင်ပါချေ။

မြေပေါ်မှ လူးလိမ့်ကာ ညည်းညူနေ၏။

အစ်ကိုကြီးချိုက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။ လူသူကင်းရှင်းနေသည်ကို မြင်လျှင်....

'မင်းကို သခင်မလေးက သိပ်ပြီး အရေးပေးတယ်၊ ဒါကို လိုက်ရင် ဘယ်သူသိနိုင်မှာလဲ'

ပြောပြီး လုထင်းအနီးသို့ ချဉ်းကပ်သွားလေသည်။

လုထင်းမှာ ရှောင်တိမ်းရန်၊ ခုခံရန် မဆိုထားနှင့် မြေပေါ်မှပင် မထနိုင်ပါချေ။

ငါက ကျေနပ်မယ်မျှား ထင်သလား၊ မင်းကို ငါက သတ်ပစ်

အစ်ကိုကြီးချိုက လုထင်းအနီးသို့ရပ်ကာ လက်ကို အပေါ် မြှောက်လိုက်၏။

လုထင်း၏ လည်ကုတ်ပေါ်သို့ လက်ဝါးစောင်းဖြင့် ခုတ်ချရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'ဘယ်ခက်တာကိုး'

သက်ပြင်းချသံနှင့်အတူ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အစ်ကိုကြီးချို၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွား၏။

အနောက်ဘက်သို့ ချက်ချင်းလှည့်ကြည့်လိုက်သည်။

ထိုအခါ သစ်ပင်များကြားမှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူ သည် ပလေ့ရှင် ဖြစ်လေသည်။

အစ်ကိုကြီးချို မျက်မှောင်ကြုတ်သွား၏။

'မင်းက ဘယ်သူလဲ'

ဟု လှမ်းမေးလိုက်သည်။

ပလေ့ရှင်က....

'ငါဘယ်သူလဲဆိုတာ အရေးမကြီးဘူး မင်း ဒီက မြန်မြန် ထွက်သွားရင် ကောင်းမယ်'

အစ်ကိုကြီးချို ပြုံးလိုက်လေသည်။

'မင်းက မင်းသားလေးကျင်းစိန်ကိုဝင်ပြီး တားဆီးနိုင်တာနဲ့ ငါ့ကို မောင်းထုတ်လို့ ရမယ်ထင်ရင် မှားသွားမှာပေါ့'



'မင်း ထင်ချင်သလို ထင်နိုင်တယ်၊ ဒါပေမယ့် ဒီက မြန်မြန် သွားဖို့တော့ လိုလိမ့်မယ်'

'ငါက ထွက်မသွားဘူးဆိုရင်ကော'

ပလေ့ရှင် ခေါင်းညိတ်လိုက်သည်။

'လွယ်ပါတယ်၊ မင်းကို မောင်းထုတ်လိုက်ရုံ ရှိတာပေါ့'

'ဟွန်း....မင်းကများ ငါ့ကိုမောင်းထုတ်နိုင်မလား ကြည့်ကြသေးတာပေါ့'

ပလေ့ရှင်မှာ လုထင်း၏မိတ်ဆွေတစ်ယောက် ဖြစ်ရမည်ဟု အစ်ကိုကြီးချို ယူဆသား၏။

လုထင်းက မေ့ဆေးပညာ တော်သော်လည်း သိုင်းပညာ ဟုတ္တိပတ္တိ တတ်မြောက်ထားသည် မဟုတ်ချေ။

လုထင်း၏ မိတ်ဆွေ သိုင်းပညာ တော်သည်ထားဦး သူ့အား ယှဉ်နိုင်မည်မဟုတ်ဟု ယူဆထားသည်။

ထို့ကြောင့် ပလေ့ရှင်ကိုလျှပ်တစ်ပြက်ပြေးဝင်သွားပြီး တိုက်ခိုက်လိုက်လေသည်။

ပလေ့ရှင် တုတ်တုတ်မျှမလှုပ်ဘဲ ရပ်နေ၏။

အစ်ကိုကြီးချို အနီးသို့ရောက်လာမှ လက်တစ်ဘက် ဆန့်ထုတ်လိုက်၏။

အစ်ကိုကြီးချိုက လက်ဝါးဖြင့် ပလေ့ရှင်၏ရင်ဝကို ရိုက်ချလိုက်သည်။

ပလေ့ရှင်က သူ၏လက်ဝါးအလယ်တည့်တည့်ကို လက်ညှိုးဖြင့် ထောက်ချလိုက်လေသည်။

အစ်ကိုကြီးချို ရင်ထိတ်သွား၏။

လက်ဝါးကို ချက်ချင်း ပြန်လည်ရုပ်သိမ်းလိုက်ပြီး ခန္ဓာကိုယ်ချာခနဲလှည့်ကာ ခြေထောက်ဖြင့် ပတ်၍ကန်ကျောက်လိုက်၏။

အစ်ကိုကြီးချို ခြေထောက်ဖြင့် ကန်ကျောက်လာလျှင် ခြေသလုံးပေါ်သို့ လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေသည်။

အစ်ကိုကြီးချို မျက်နှာပျက်သွား၏။

ဆက်၍တိုက်ခိုက်ခြင်း မပြုဝံ့တော့ဘဲ မြေပေါ် ခြေဆောင့်၍ တစ်ဘက်သို့ခုန်ထွက်သွားလေသည်။

ပလေ့ရှင်က သူ့အား မျက်တောင်မခတ် စိုက်ကြည့်နေ၏။ လှုပ်လှုပ်ရှားရှား တိုက်ခိုက်ခြင်း လုံးဝမပြုချေ။

• • •

အစ်ကိုကြီးချိုက မလှမ်းမကမ်း၌ ရပ်တန့်လိုက်၏။ ပလေ့ရှင်အား မယုံကြည်နိုင်စွာ ကြည့်ကာ....

'မင်း....မင်းဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

ပလေ့ရှင် ခေါင်းယမ်းလိုက်သည်။

'ငါ ဘယ်သူလဲဆိုတာ အရေးမကြီးဘူး၊ မင်း ဒီက မြန်မြန်ထွက်သွားဖို့ပဲ အရေးကြီးတယ်'



'မင်း....မင်း....'

'ဘာလဲ....မင်း မသွားသေးဘူးလား'

အစ်ကိုကြီးချိုက အံကြိတ်လိုက်သည်။

သူက လူထင်းအား အလွယ်တကူ အနိုင်ယူနိုင်ခဲ့လေသည်။ ယခုမှ ပလေ့ရှင်သည် သူ့အား အလွယ်တကူ အနိုင်ယူနိုင်သည့် အနေအထား ရှိနေသည် မဟုတ်ပါလား။

'ကောင်းပြီလေ၊ မင်းမပြောပေမယ့် မင်း ဘယ်သူလဲဆိုတာ သိနိုင်တဲ့နည်းလမ်း ရှိပါတယ်'

အော်ပြောပြီး ပလေ့ရှင်ထံ ပြေးဝင်ကာ တိုက်ခိုက် လေသည်။

ပလေ့ရှင် ခေါင်းယမ်းလိုက်သည်။

'မင်း ဒုက္ခရောက်ချင်ပြီ ထင်တယ်'

ပြောရင်း ပြန်လည် တိုက်ခိုက်လိုက်လေသည်။

အစ်ကိုကြီးချိုက လက်တစ်ဘက်ကို စက်ဝိုင်းပုံ ဝေ့ယမ်းလိုက်ပြီး လက်ချောင်းကို ငှက်နှုတ်သီးပုံသဏ္ဌာန်စုကာ ပလေ့ရှင်၏မျက်နှာဆီသို့ ထိုးစိုက်ချလိုက်လေသည်။

ပလေ့ရှင်ကား မလှုပ်မယှက် ရပ်နေဆဲ....

အစ်ကိုကြီးချို အနီးသို့ရောက်လာလျှင် ခြေထောက်တစ်ဘက် မြှောက်ကာ ကန်ကျောက်လိုက်၏။

အစ်ကိုကြီးချို ရင်ထိတ်သွား၏။

သူ့လက်ချောင်းကလေးများ ပလေ့ရှင်အား မမီမီ ပလေ့ရှင်၏ခြေထောက်ကန်ချက်က သူ့အား ထိသွားမည်ဖြစ်ကြောင်း ဆင်ခြင်မိလေသည်။

ထို့ကြောင့်....

နောက်ကျွမ်းပစ်ကာ အနောက်ဘက်သို့ ပြန်လည် ခုန်ဆုတ်လိုက်ရပြန်လေသည်။

ပလေ့ရှင် ခေါင်းယမ်းလိုက်သည်။

'မင်း ထွက်သွားဖို့ ကောင်းပြီ'

အစ်ကိုကြီးချိုက....

'မင်းကို ဆုံးမပြီးမှ ငါသွားမယ်'

ပြောပြောဆိုဆို ထပ်မံ တိုက်ခိုက်လိုက်လေသည်။

ယခုတစ်ကြိမ်....

သူက လက်နှစ်ဘက်ခြေနှစ်ဘက် တရစပ် အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

* * *

ဆရာကြီးနန်းကုန်း၏ ကျော်ကြားသော ရန်နိုင် သိုင်းကွက်များကို ထုတ်ဖော်အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။

ရန်နိုင်သိုင်းကွက်၏ ထူးခြားချက်မှာ မိုးသီးမိုးပေါက် ပမာ တရစပ်တိုက်ခိုက်ရခြင်း ဖြစ်၏။



သိုင်းကွက် ဖော်ထုတ်မိသည့် အချိန်မှစပြီး ရန်သူ လဲကျသွားသည်အထိ တရစပ် တိုက်ခိုက်ရခြင်း ဖြစ်ပေတော့သည်။

အစ်ကိုကြီးချို၏ ပြင်းထန်လှသော တိုက်ကွက်များကို မြင်လျှင် ပလေ့ရှင် သက်ပြင်းချလိုက်လေသည်။

'အသိဉာဏ် နဲတဲ့လူဆီမှာ.... ပညာလာစုနေတာ နှစ်မြောဖို့ကောင်းတယ်၊ လူထင်းသာ ဒီလိုပညာမျိုးရလိုက်ရင် အတော်ကောင်းမှာပဲ'

ဟု ရေရွတ်လိုက်သည်။

တဆက်တည်းပင် ရှေ့သို့ ဝမ်းလျားထိုး လဲချလိုက်ပြီး တိုးဝင်လာမည့် အစ်ကိုကြီးချိုအား ခြေထောက် နှစ်ချောင်းဖြင့် ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ကင်းမြီးကောက် ထောင်သည့် အနေအထားဖြင့် ကန်ကျောက် တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေတော့၏။

အစ်ကိုကြီးချို ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ပလေ့ရှင်က ဝမ်းလျားထိုး မှောက်ချလိုက်ခြင်းကြောင့် ရုတ်တရက် သူ၏မြင်ကွင်းမှ ပျောက်သွားသလို ရှိနေ၏။

သူ၏တိုက်ကွက်များသည် ကင်းမြီးကောက် ထောင်လိုက်သည့် အနေအထားသို့ ရောက်သွားသော ပလေ့ရှင်အား ထိထိရောက်ရောက် မတိုက်ခိုက်နိုင်ပါတော့ချေ။

ပလေ့ရှင်၏ ခြေထောက်နှစ်ဘက်ကြား လေထဲသို့သာ တိုက်ခိုက်မိ၏။

ထိုစဉ်....

ပလေ့ရှင်က ခြေဆောက်နှစ်ချောင်းဖြင့် ဆတ်ခနဲ ဆတ်ခနဲ ကန်ကျောက်လိုက်လေရာ အစ်ကိုကြီးချို၏ ပခုံးနှစ်ဘက်ကို တန်းတန်းမတ်မတ် ထိမှန်သွားလေတော့သည်။

အစ်ကိုကြီးချို ရှောင်တိမ်းရန် ကြိုးစားလိုက်ပါသော်လည်း

'အား....

စူးရှစွာ အော်ဟစ်ကာ အဝေးသို့ လွင့်စဉ်သွားတော့၏။

ပလေ့ရှင်က ဆက်ပြီး တိုက်ခိုက်ခြင်း မပြုပါချေ။

လက်နှစ်ဘက် နောက်ပစ်ကာ အေးအေးဆေးဆေးရပ်နေသည်။

* * *

ဆက်ပြီး တိုက်ခိုက်စရာ မလိုတော့သည့်သဘော ဖြစ်လေသည်။

အစ်ကိုကြီးချို မြေပေါ်မှ ခုန်ထလာသည်။

ဆရာကြီးနန်းကုန်း၏ တပည့်ကြီး ဖြစ်လေရာ သိုင်းပညာ အလွန်ထူးချွန်သဖြင့် လူတိုင်း ကြည်ညိုလေးစားခြင်း ခံရလေသည်။



သိုင်းလောက၌ သူ၏ပညာဖြင့် ကောင်းစွာရပ်တည်နိုင်မည် ဟုလည်း မိမိကိုယ်ကို ယုံကြည်စိတ်ချထားသူ ဖြစ်ပေသည်။

ယခုမှာမူ မသိသူတစ်ယောက်အား မရှုမလှ ရှုံးနိမ့်သွားပြီ ဖြစ်လေသည်။

အစ်ကိုကြီးချို အံတင်းတင်း ကြိတ်လိုက်သည်။

ထပ်မံ တိုက်ခိုက်ရန် လက်နှစ်ဘက် မြှောက်လိုက်၏။

'အား....'

လက်လှုပ်ရှားလိုက်သည်နှင့် မခံမရပ်နိုင်အောင် နာကျင် သွားပြီး လွှတ်ခနဲ အော်လိုက်မိလေသည်။

သူ၏ ဝဲယာ လက်နှစ်ဘက်စလုံး အဆစ်လွဲကာ လုံးဝလှုပ်ရှား မရဘဲ တွဲလောင်းကျနေပြီ မဟုတ်ပါလား။

အစ်ကိုကြီး ချို မျက်နှာပျက်သွားလေသည်။

ပလေ့ရှင်က....

'မင်း ထွက်သွားတော့မလား'

ဟု မေးလိုက်၏။

ယခုတစ်ကြိမ် အစ်ကိုကြီးချို စကားတစ်လုံးမျှ မပြောတော့ ချေ။

ပလေ့ရှင်အား တစ်ချက်စိုက်ကြည့်လိုက်ပြီး ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။

တခဏအတွင်း မြင်ကွင်းမှ ကွယ်ပျောက်သွား၏။

ထိုအခါ....

ပလေ့ရှင်က လုထင်းထံသို့ ချဉ်းကပ်သွားလေသည်။

လုထင်းကား သတိလစ် မေ့မျောနေပြီ ဖြစ်လေသည်။

ပလေ့ရှင် စိတ်ပျက်သွားသည့်အလား ခေါင်းယမ်းလိုက်သည်။

ပြီးလျှင်....

လုထင်းအား ပခုံးပေါ်ထမ်းကာ ပြေးလွှား ထွက်ခွာသွားလေတော့သည်။

## ရွှင်ပျော်ပျော်အဘိုးအို

မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ အခန်းတွင်းဝယ် ကြီးစိုးနေ၏။

အခန်းဝတွင် ဇာပဝါခန်းဆီး ကာရံထားသည်။

ထို့ကြောင့်....

အတွင်းဘက်သို့ မပီဝိုးတဝါး မြင်တွေ့နေရလေသည်။

အတွင်းဘက်ဝယ် နကြွရုပ်ကလေးအလား ချောမောလှပသည့် မိန်းကလေးတစ်ယောက် ထိုင်နေသည်ကို တွေ့မြင်နေရလေသည်။

အစ်ကိုကြီးချို(ဝါ)ချိုကန်းက အခန်းဝတွင် ခြေလှမ်းရပ်လိုက်သည်။

အခန်းတွင်းဝယ် ထိုင်နေသည့် မိန်းကလေးကို တစ်ချက် လှမ်းကြည့်လိုက်၏။

'သခင်မလေး'

သူ၏နှုတ်ဖျားမှ ထွက်ပေါ်လာသည့်စကားသံကား ခြောက်သွေ့ အက်ကွဲနေသည်။

သူ၏အသံ ပေါ်ထွက်လာသည်နှင့် မိန်းကလေး ထိုင်ရာမှ ထလာသည်။

ဓာခန်းဆီးကိုဖယ်ကာ အပြင်ဘက်ထွက်လာလေသည်။

ထိုမိန်းကလေးမှာ နန်းကုန်းယန် ဖြစ်လေသည်။

နန်းကုန်းယန် မျက်မှောင်ကြုတ်သွား၏။

ချိုကန်း၏မျက်နှာ မသာမယာ ဖြစ်နေသည် မဟုတ်ပါလား။

'အစ်ကိုကြီးချို ဘာများဖြစ်လို့လဲ'

စိုးရိမ်ပူပန်သောလေသံဖြင့် မေးလိုက်လေသည်။

ချိုကန်းက...

'သ....သခင်မလေးခိုင်းတဲ့ ကိစ္စ'

'ဟင် ဘာဖြစ်လို့လဲ'

'သူ....သူက လူဆိုးဓားပြတစ်ယောက် ဖြစ်နေပါတယ်'

နန်းကုန်းယန် ပြုံးလိုက်သည်။

ဦးခေါင်း အသာအယာ ခါယမ်းကာ....

'သူ့အမေက သံမဏိယပ်တောင် ဝမ်းလျှန်ပါ၊ သူ့ကိုလူဆိုးဓားပြလို့ ထင်နေကြတာပါ၊ တကယ်တော့ သူဟာ လူကောင်းတစ်ယောက်ပါ'



'မဟုတ်ဘူး သခင်မလေး၊ သူက ခြံဝင်းအပြင်ဘက် ရောက်တာနဲ့ သွေးသုံးဖော်ကို မေ့ဆေးအသုံးပြုပြီး တိုက်ခိုက်လိုက်တယ်'

နန်းကုန်းယန် မျက်မှောင်ကြုတ်သွား၏။

ချိုကန်းကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး....

'သူကစပြီး တိုက်ခိုက်တယ် ဟုတ်လား'

'ဟုတ်ပါတယ် သခင်မလေး'

'ကဲ ဆက်ပြောစမ်းပါဦး'

'သူ့လက်ချက်ကြောင့် သွေးသုံးဖော် ရှုံးနိမ့်သွားပါတယ်'

နန်းကုန်းယန် ပြုံးလိုက်သည်။

'သူက ဘယ်ဆိုးလို့တုန်း'

'သူက မင်းသားလေးကျင်းစိန်နဲ့ ရင်ဆိုင်ခဲ့ပါသေးတယ်'

'ဟုတ်လား၊ မင်းသားလေးကျင်းစိန် ရှုံးသွားသလား၊ သူက နိုင်မယ်တော့ မထင်ဘူး'

ချိုကန်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် သူမနိုင်ပါဘူး၊ ဒါကြောင့် သူ့မိတ်ဆွေတစ်ယောက် အကူအညီ ခေါ်လိုက်ပါတယ်'

'ဟင် သူ့မှာ မိတ်ဆွေပါလာတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'ပြောစမ်းပါဦး သူ့မိတ်ဆွေ ဘယ်သူလဲ'

'လူဆိုး ဓားပြတစ်ယောက် ဖြစ်မှာပါ၊ သိုင်းပညာ အတော်လေး ထူးချွန်ပါတယ်၊ မင်းသားလေးကျင်းစိန် ရှုံးသွားပါတယ်'

နန်းကုန်းယန် အံ့ဩသွားသည်။

မင်းသားလေးကျောင်းစိန်မှာ ခေသူမဟုတ်မှန်း သူမ သိရှိလာသည်။

ထိပ်သီးသိုင်းသမားတစ်ယောက် မဟုတ်သော်လည်း သိုင်းလောက၌ ကောင်းစွာ ရပ်တည်နိုင်သူ ဖြစ်၏။

ချိုကန်းထက် သိုင်းပညာ အဆင့်တစ်ဆင့်သာ နိမ့်မည်ဟု နားလည်ထားလေသည်။

'သူတို့ အကြိတ်အနယ် တိုက်ခိုက်ပြီးမှ ရှုံးသွားတာလား' ဟု မေးလေသည်။

ချိုကန်း ခေါင်းယမ်းလိုက်လေသည်။

'မဟုတ်ပါဘူး၊ လုထင်းရဲ့အဖော်က အလွယ်တကူ အနိုင်ယူသွားတာပါ'

'တယ်ဟုတ်ပါလား၊ ဒီလူဘယ်ဆိုးလို့တုန်း လုထင်းကကော'

'သူက လုထင်းကို ထွက်သွားခိုင်းခဲ့ပါတယ်'

'ကျောင်းစိန်ရဲ့လူတွေကကော ဘာလုပ်နေသလဲ'

'သူ့လူတွေက လုထင်းနောက်ကို လိုက်သွားကြပေမယ့် လုထင်း မေ့အားကြောင့် ထွက်ပြေးကြပါတယ်'

'အစ်ကိုကြီးကကော'

'ကျုပ်ကတော့ လုထင်းရဲ့လုပ်ရမ်းတာ တရားလွန်ပြီး သခင်ကြီးရဲ့မျက်နှာကို မထောက်မထား ဒီနေရာတစ်ဝိုက်မှာ စော်ကားမော်ကားလုပ်တာ မကောင်းဘူးလို့ တားမြစ်ခဲ့ပါတယ်'

နန်းကုန်းယန် ပါးစပ်ပိတ်ထားလိုက်လေသည်။

ချိုကန်းက ဆက်ပြောလိုက်လေသည်။



'ဒါပေမယ့် သူက လက်မခံလို့ သခင်မလေးဆီ ပြန်လိုက်လာဖို့ ခေါ်တဲ့အခါ လက်မခံဘဲ တိုက်ခိုက်ခဲ့ပါတယ်'

'သူက အစ်ကိုကြီးကို တိုက်ခိုက်ခဲ့တယ်မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒုက္ခပါပဲ၊ အစ်ကိုကြီးကကော ပြန်ပြီး တိုက်ခိုက်ခဲ့သေးသလား'

'သခင်မလေးက သူ့ဒုက္ခရောက်မှာ စိုးရိမ်နေတယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါကြောင့် ခုခံတိုက်ခိုက်ခြင်းမပြုဘဲ ရှောင်းဖျခဲ့ပါတယ်'

'သူက ဘာပြောတလဲ'

'သူက လက်မခံဘဲ ပြင်းပြင်းထန်ထန် တိုက်ခိုက်ပါတယ်၊ တစ်နေ့ သခင်မလေးနဲ့ သခင်းကြီးကိုပါ တိုက်ခိုက် သုတ်သင်ပစ်မယ်လို့ ခြိမ်းခြောက်ပါသေးတယ်'

နန်းကုန်းယန် သက်ပြင်းချလိုက်လေသည်။

ချိုကန်းက....

'ကျုပ်က သူ့ကိုတိုက်ခိုက်ခြင်း မပြုတာကို အခွင့်ကောင်းယူပြီး နည်းမျိုးစုံနဲ့ တိုက်ခိုက်ပါတယ်၊ ကျုပ်ကသူ့ကို သတိထားနေတုန်း သူ့အဖော် တိတ်တဆိတ်ရောက်လာပြီး ကျုပ်ကို တိုက်ခိုက်ခဲ့ပါတယ်'

နန်းကုန်းယန် ရင်ထိတ်သွားလေသည်။

'အစ်ကိုကြီး ဘယ်လိုနေသလဲဟင်'

'ကျုပ်....'

ချီကန်း ရှေ့ဆက်မပြောဘဲ ခေါင်းငုံ့ထားလိုက်လေသည်။ ချီကန်း အဘယ့်ကြောင့် မျက်နှာမကောင်းဘဲ ဖြစ်နေသည်ကို ယခုမှ နန်းကုန်းယန် နားလည် သဘောပေါက်သွားလေသည်။

ချီကန်းမှာ ရှုံးနိမ့်လာခဲ့ပြီး မဟုတ်ပါလား။ ချီကန်း ရှုံးနိမ့်သွားသည်အထိ တိုက်ခိုက်နိုင်သည့် ရန်သူအား ပေါ့ပေါ့တန်တန် သဘောထား၍ ရတော့မည် မဟုတ်ပါချေ။

* * *

နန်းကုန်းယန့်က ချီကန်းအား စိုက်ကြည့်လိုက်ပြီး....

'အစ်ကိုကြီး ဘယ်လို ဒဏ်ရာများ ရသွားသလဲ....၊ ပြောပါဦး....'

'ကျုပ်....ကျုပ်လက်နှစ်ဘက်....'

ချီကန်း စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့် သွားပြန်လေသည်။

နန်းကုန်းယန်က....

'ပြစမ်းပါဦး'

ပြောပြောဆိုဆို ချီကန်း၏ လက်တစ်ဘက်ကို လှမ်းဆွဲလိုက်လေသည်။



'အမယ်လေး'

ချီကန်း လွှတ်ခနဲ အော်လိုက်သည်။

နန်းကုန်းယန်ပင် ရင်ထိတ်ကာ လက်လွှတ် ပေးလိုက်လေသည်။

ချီကန်း နောက်ဆုတ်လိုက်၏။

သူ၏လက်နှစ်ဘက်ကား တွဲလောင်း ကျနေပါ၏။

'တော်တော် ရက်စက်တာပဲ'

နန်းကုန်းယန် ရေရွတ်လိုက်၏။

သူမ၏ရင်ထဲ မကျေမနပ်ဖြစ်လာသည်။

ချီကန်း၏ လက်နှစ်ဘက်ကား ပြန်လည်အသုံးပြု၍ ရသည့်တိုင် သိုင်းပညာ အသုံးပြုရန် ခက်ခဲသွားပေလိမ့်မည်။

ချီကန်း ခေါင်းငုံ့ထားလိုက်၏။

သူ၏ လက်နှစ်ဘက် ဆုံးရှုံးသွားသည်ထက် နန်းကုန်းယန်၏ လုထင်းအား သုတ်သင် ရှင်းလင်းပစ်စေလို၏။

အကြောင်းမှာ သူက နန်းကုန်းယန်အား တိတ်တခိုးမေတ္တာ သက်ဝင်နေခြင်းကြောင့် ဖြစ်ပေတော့သည်။

ထိုအကြောင်းကို သူကိုယ်တိုင်မှလွဲပြီး မည်သူမှသိနိုင်ကြလိမ့်မည် မဟုတ်ပါချေ။

နန်းကုန်းယန့်က....

'သူတို့ ထွက်သွားကြပြီလား'

ဟု မေးလိုက်၏။

ချီကန်း ခေါင်းညိတ်လိုက်၏။

နန်းကုန်းယန်က....

'အစ်ကိုကြီးလက်ကဒက်ချာကို မ ပေါ့နဲ့၊ ဆေးသွားထည့်လိုက်ဦး၊ ကျွန်မ ဖေဖေနဲ့ သွားတွေ့လိုက်ဦးမယ်၊ ဖေဖေ့ရဲ့အခြေအနေကိုကြည့်ပြီး သူတို့နောက်လိုက်သွားရင် လိုက်သွားမယ်၊ အစ်ကိုကြီး အေးအေးဆေးဆေး အနားယူနေပါ၊ အဲဒီလူကို ကျွန်မ ဖမ်းခေါ်လာခဲ့မယ် ဟုတ်ပြီလား'

ချိုကန်း ပြုံးလိုက်လေသည်။

* * *

'သခင်မလေးရဲ့ကျေးဇူး ကြီးလှပါတယ်'

'အို....အစ်ကိုကြီးကလဲ ကျွန်မကို သခင်မလေးလို့ မခေါ်စမ်းပါနဲ့၊ ညီမလေးလို့ ခေါ်နိုင်တယ်လို့ ကျွန်မပြောထားတယ် မဟုတ်လား'

နန်းကုန်းယန်ကား ချိုကန်းအပေါ် ရိုးရိုးသားသား မေတ္တာ နှစ်မ အရင်းသဖွယ် ခင်မင်နေခြင်း ဖြစ်ပေသည်။

ချိုကန်းမှာ သူမ၏စကားကြောင့် ဝေဒနာကိုပင် မေ့လျော့ကာ မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားလေသည်။



နန်းကုန်းယန်က....

'ကဲ....ကဲ....အစ်ကိုကြီး ဆေး သွားထည့်လိုက်ဦး....၊ ကျွန်မ ဖေဖေနဲ့ သွားတွေ့လိုက်ဦးမယ်'

ချိုကန်းက နှုတ်ဆက်ပြီး ထွက်သွားလေသည်။ သူ၏ရင်ထဲ ဝမ်းသာပျော်ရွှင်နေ၏။

တစ်နေ့ နန်းကုန်းယန်နှင့် လက်ထပ်ရမည်ဟုလည်း စိတ်ကူးယဉ်တွေးတောမိလေတော့သည်။

## သိုင်းလောကမှ အဘိုးအို

အဆောက်အအုံ အနောက်ဘက်တွင် သန့်ရှင်းသပ်ရပ်သော အခန်းတစ်ခု ရှိလေသည်။

အခန်းတွင်းဝယ် ပြတင်းပေါက် ရှစ်ခုတိတိ ရှိ၏။

ပြတင်းပေါက်အားလုံး ဖွင့်ထားသည်။

နေရောင်ခြည်သည် ပြတင်းပေါက်မှ တဆင့် တိုးဝင်လာရာ အခန်းတွင်းဝယ် လင်းလင်းချင်းချင်း ဖြစ်နေပေသည်။

အခန်းထောင့်၌ ကြေးခုတင် တစ်လုံး ရှိနေပြီး ခုတင်ပေါ်ဝယ် အဘိုးအိုတစ်ယောက် လဲလျောင်းနေလေသည်။

ထိုအဘိုးအိုမှာ အသက် ခြောက်ဆယ်ကျော်ခန့် ရှိပြီဖြစ်သည်။

အရိုးပေါ် အရေတင် ပိန်ချုံးနေသလို ဆံပင်များသာမက မျက်ခုံးမွေး၊ နှုတ်ခမ်းမွေးများပါ ဖြူဖွေးနေလေသည်။

ထိုအဘိုးအိုသည်ကား သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည့် ဆရာကြီးနန်းကုန်း ဖြစ်လေသည်။

သူ့အား သိုင်းလောကသားများက ခေါင်းဖြူထိပ်သီးဟု ခေါ်ကြသည်။

အချို့က ပညာရှင်စိမ်းဟု ခေါ်ကြသည်။

အချို့ကား ပြိုင်ဘက်ကင်းသည့် နန်းကုန်းဆရာကြီးဟု ခေါ်ကြလေသည်။

မည်သို့ဆိုကြစေ သူ၏အမည်မှာ နန်းကုန်းစိမ်း ဖြစ်လေသည်။

နန်းကုန်းစိမ်းသည် သိုင်းလောက၌ အသက် အငယ့်ငါးနှစ် အရွယ်ကပင် စတင်ခြေချခဲ့သူ ဖြစ်လေသည်။

အသက် ငါးဆယ်ကျော်သောအခါ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ပြီ ဖြစ်လေသည်။

နန်းကုန်းစိမ်းအား အဖြူရောင်သိုင်းသမားများက ချစ်ခင်လေးစားကြပြီး အနက်ရောင်သိုင်းသမားများကား ရွံမုန်းကြလေသည်။

နန်းကုန်းစိမ်းသည် ငယ်ရွယ်စဉ်ကပင် အသက်အရွယ် ကြီးရင့်လာသည့်တိုင် မကောင်းသူပယ် ကောင်းသူကယ်ကာ အများအကျိုး ဆောင်ရွက်ခဲ့သည် မဟုတ်ပါလား။



ထို့ကြောင့်လည်း နန်းကုန်းစိမ်း အိပ်ရာထဲ လဲနေသောအခါ လာရောက်သတင်းမေးသူ၊ လာရောက်ဂါရဝပြုသူများ ပွဲတော်ကြီးတစ်ခုအလား စည်ကားခဲ့ခြင်း ဖြစ်ပေတော့သည်။

နန်းကုန်းစိမ်း၏ ကျန်းမာရေး အခြေအနေမှာတစ်နေ့တစ်ခြား ဆိုးဝါးလာပြီ ဖြစ်လေသည်။

သူ့အား သိုင်းလောက၌ ထင်ရှားသည့် သမားတော်ကြီး တန့်ဟန်ကိုယ်တိုင် ဂရုစိုက် ကုသပေးခဲ့၏။

သမားတော်တန့်ဟန်သည် နန်းကုန်းကဲ့သို့ ထင်ရှား ကျော်ကြားသူ သစ်ယော်ကက်ဖြစ်လေသည်။

* * *

သူတို့နှစ်ယောက်မှာ ခင်မင်ရင်းနှီးသော မိတ်ဆွေဖြစ်ကြ၏။

နန်းကုန်းစိမ်း ရောဂါဝေဒနာခံစားရသည်နှင့် သမားတော်ကြီးတန့်ဟန်ကိုယ်တိုင် လာရောက် ကုသပေးနေခြင်း ဖြစ်ပေတော့သည်။

သို့သော် နန်းကုန်းစိမ်း၏ ဝေဒနာမှာ သက်သာမလာဘဲ တစ်နေ့တစ်ခြား ဆိုးဝါးလာသည်။

ယခုဆိုလျှင် တစ်ချက်တစ်ချက် သတိကင်းလွတ်သွားသည့် အဖြစ်သို့ပင် ရောက်ရှိနေပြီ ဖြစ်၏။

သမားတော်ကြီးတန့်ဟန် ကြိုးစားကုသပါသော်လည်း လက်မှိုင်ချရတော့မည့် အနေအခြေသို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

နန်းကုန်းယန် အခန်းတွင်းသို့ လှမ်းဝင်လိုက်သည့်အခါ ဆေးနံ့များကို ဦးစွာ ရှူရှိုက်လိုက်ရလေသည်။

နန်းကုန်းယန်မျက်နှာကလေး ညှိုးသွားသည်။

ဖခင်ဖြစ်သူအတွက် မျှော်လင့်ချက် မရှိတော့ဟူသည့် အသိစိတ်က သူမအား စိတ်ဓာတ်ကျဆင်းသွားစေသည်။

ဝမ်းနည်းကြေကွဲ လာစေလေသည်။

နန်းကုန်းယန်၏ ခြေလှမ်းများ လေးလံသွား၏။

အခန်းထောင့်သို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ ကြေးခုတင်ပေါ်၌ အဘိုးအိုတစ်ယောက် မလှုပ်မယှက် လဲလျောင်းနေသည်ကို တွေ့ရ၏။

'ဖေဖေ'

အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ရုံ ခေါ်လိုက်၏။

ထို့နောက် ခြေဖော့နင်းကာ ချဉ်းကပ်သွားလေသည်။

နန်းကုန်းစိမ်း မျက်လုံးမှိတ်ထား၏။

သူ့ကိုယ်ပေါ်၌ ဂွမ်းစောင်တစ်ထည် လွှမ်းခြုံထားလေ၏။

နန်းကုန်းစိမ်းနှင့် အလွန်ရင်းနှီးသူများ၊ သိုင်းလောကမှ အထင်ကရပုဂ္ဂိုလ်များ ရောက်ရှိလာလျှင် ပုံတူပန်းချီကားချပ်ကို ဂါရဝမပြုစေဘဲ မျက်မြင်တွေ့ရှိ ဂါရဝပြုနိုင်ရန် နန်းကုန်းယန် စီစဉ်ခဲ့၏။



သို့သော် မည်သူမဆို အခန်းအပြင်ဘက်မှနေ၍သာ ဂါရဝပြုခွင့် ရှိပေသည်။

အခန်းအတွင်းသို့ သူမနှင့် သမားတော်ကြီးတန့်ဟန်တို့ နှစ်ယောက်မှလွဲပြီး အခြားမည်သူမျှ မဝင်ရချေ။

လူထင်းရောက်လာပြီး ပုံတူပန်းချီကားချပ်အား ဂါရဝပြုနေချိန်ဝယ် သွေးသုံးဖော်နှင့်မင်းသားလေးကျင်းစိန်တို့က အခန်းရှေ့သို့ရောက်ကာ ဂါရဝပြုနေခြင်းကြောင့် လူချင်းမဆုံမိခြင်း ဖြစ်ပေသည်။

• • •

နန်းကုန်းယန် ခုတင်အနီးသို့ရောက်သွားချိန်ဝယ် နန်းကုန်းစိမ်း မျက်လုံးဖွင့်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

နန်းကုန်းယန် ဝမ်းသာသွားသည်။

'ဖေဖေတောင် နိုးနေပြီကိုး'

ပြောရင်း ထိုင်ခုံတစ်လုံးဆွဲကာ ခုတင်ဘေးဝယ် ကပ်လျက်ထိုင်ချလိုက်လေသည်။

နန်းကုန်းစိမ်း၏လက်ကိုလည်း ဆုပ်ကိုင်ထားလိုက်သည်။

နန်းကုန်းစိမ်းလက်များကား သံမဏိချောင်းများပမာ မာကျောကာ အေးစက်နေချေပြီ။

ထိုလက်များသည် လူ့ အသက်ပေါင်းများစွာကို ကယ်တင်ခဲ့ပြီးနောက် အနုက်ရောင်သိုင်းသမားများစွာကို ချေမှုန်းခဲ့သည့်လက်များပင် မဟုတ်ပါလား။

နန်းကုန်းစိမ်း၏ နှုတ်ခမ်းအစုံ တလှုပ်လှုပ်ဖြစ်လာ၏။

အကြောင်းသိနေပြီ ဖြစ်သည့် နန်းကုန်းယန်က နှုတ်ခမ်းအနီးသို့နားဖြင့် ကပ်ကာ နားထောင်လိုက်လေသည်။

ထိုအခါ....

'သမီးဖေဖေ ကို စာရွက်နဲ့ စုတ်တံပေးပါ'

ဟုပြောလိုက်ခြင်း ဖြစ်သည်ကို ကြားလိုက်ရလေသည်။

နန်းကုန်းယန်က ချက်ချင်းပင် စာရွက်နှင့် စုတ်တံ ယူပေးလိုက်လေသည်

ပြောလျှင် မောနေမည်ကို စိုးရိမ်ခြင်းကြောင့် စုတ်တံနှင့် စာရွက် အသင့်ဆောင်ထားခဲ့သည်မှာ အတော်ကြာပေပြီ။

နန်းကုန်းစိမ်း ကိုယ်တိုင်ကလည်း စကား ပြောခြင်းထက် စာရေးရခြင်းကို ပို၍ သဘောကျသည်မဟုတ်လား။

စာရွက်နှင့် စုတ်တံရလျှင် နန်းကုန်းစိမ်းက တစ်လုံးချင်း ရေးချလိုက်၏။

အလိုရှိသည့် ပစ္စည်းတစ်ခုခု သို့မဟုတ် မှစေခိုင်း လိုသည့်ကိစ္စတစ်ခုခု ရေးခြင်းသာ ဖြစ်မည်ဟု နန်းကုန်းယန် ယူဆထားလေသည်။

သို့သော်...



နန်းကုန်းစိမ်းအတန်ကြာသည့်တိုင်ရေးသားနေခြင်းကြောင့် အံ့ဩသွား၏။

စာရွက်ကိုမသိမသာအကဲခတ် ကြည့်လိုက်လျှင် စာလုံးများပြည့်နေသည်ကို တွေ့ရလေသည်။

နန်းကုန်းယန် စိုးရိမ် ပူပန်သွားသည်။

'ဖေဖေ ဘာတွေရေးနေတာလဲဟင်၊ အေးအေးဆေးဆေး အနားယူနေပါလား ဖေဖေရယ်'

ဟုဖျောင်းဖျ လိုက်လေသည်။

နန်းကုန်းစိမ်း၏ မျက်လုံးအစုံဝယ် အပြုံးရိပ်များ ဖြစ်ပေါ်လာ၏။

စာကို ရှေ့ဆက်ရေးမှ ဖြစ်မည်ဟူသော အရိပ်အယောင်များလည်းပါဝင်နေသည်ဟု နန်းကုန်းယန် ယူဆထားမိ၏။

• • •

ဖခင်ဖြစ်သူမှာ မည်သို့မျှ ပြန်လည်ကောင်းမွန် လာတော့မည်မဟုတ်ဟု သမားတော်ကြီး တန့်ဟာန်က ရှင်းပြခဲ့ပြီး ဖြစ်သည်။

နန်းကုန်းစိမ်းမှာ ခုတင်ပေါ်၌ လဲလျောင်းရင်း သေဆုံးသွားရမည့် အချိန်ကို စောင့်မျှော်နေသူပမာဖြစ်နေ၏။

အသက်ရှင်လျက် သေဆုံးနေသည်နှင့် မခြားပါတကား။

ဖခင်ကြီး စိတ်မချမ်းသာစေရန် ရည်သန်ကာ နန်းကုန်းယန် ဟန့်တားခြင်းမပြုဘဲ နေလိုက်လေသည်။

နန်းကုန်းစိမ်းက စာရွက် တစ်ရွက်ပြီး တစ်ရွက် ရေးလိုက်သည်။

အတော် ကြာကြာ ရေးပြီးလျှင် လက်ညောင်းသည့်အခါ စုတ်တံကိုဘေးချကာ မှိန်းနေလိုက်၏။

နန်းကုန်းယန် ဘာမှမပြောဘဲ တွေတွေကြီး ငေးကြည့်နေမိလေသည်။

နန်းကုန်းစိမ်း မျက်လုံးပြန်ဖွင့်လာသည်။

သူ၏နှုတ်ခမ်းများလည်း တလှုပ်လှုပ် ဖြစ်လာသည်။

နန်းကုန်းယန်က နှုတ်ခမ်းနားကပ်ကာ နားထောင် လိုက်ပြန်သည်။

ယခုတစ်ကြိမ်....

'သမီး ဖေဖေ့ရဲ့ခေါင်းအုံးအောက်ကို နှိုက်လိုက်ပါ'

ဟု ပြောလာလေသည်။

နန်းကုန်းယန်က ချက်ချင်းပင် ခေါင်းအုံး အောက်သို့ လက်နှိုက်လိုက်ရာ ရေးပြီးသား စာရွက် တစ်ထပ် ရှိနေသည်ကို တွေ့ရလေသည်။

စာရွက်များကား အမှတ်စဉ် တပ်ထားပြီး အစီအရီ ထပ်ထား၏။



ပထမဆုံး စာရွက်ခေါင်းစည်းနှင့် သမီးဟု ရေးထားသည်ကို တွေ့ရသဖြင့် စိတ်ဝင်စားသွားလေသည်။

ထိုစဉ်....

နန်းကုန်းစိမ်း၏နှုတ်ခမ်း တလှုပ်လှုပ်ဖြစ်လာပြန်သည်။

နန်းကုန်းယန် နားထောင်လိုက်သော အခါ....

'ဖေဖေရေးထားတဲ့စာကိုယူသွားပြီး သေသေချာချာဖတ်ပါ၊ အင်မတန် အရေးကြီးတယ်'

ဟူ၍ ကြားရလေသည်။

နန်းကုန်းယန်ရင်ထဲလှုပ်ရှားသွားသည်။

စာရွက်ထပ်ကြီးကို ကိုင်ကာငိုင်နေမိ၏။

နန်းကုန်းစိမ်းက မျက်လုံး မှိတ်ထားလိုက်သည်။

အေးအေးဆေးဆေး အနားယူတော့မည် ဆိုသည့် သဘောဖြစ်လေသည်။

နန်းကုန်းယန် သက်ပြင်း ချလိုက်သည်။

စာရွက်များကို အင်္ကျီအိတ်ထဲ သိမ်းဆည်းကာ ဖခင်ကို ဂါရဝပြုပြီး ခြေဖော့နင်း၍ အခန်းတွင်းမှ ပြန်ထွက်လာခဲ့လေသည်။

အခန်းပြင်သို့ ရောက်လျှင် လူတစ်ယောက် လှမ်းလာနေသည်ကိုတွေ့ရ၏။

ထိုလူမှာ....

မီးခိုးရောင် အဝတ်အစားများ ဝတ်ဆင်ထားသည့် အဘိုးအို တစ်ယောက် ဖြစ်သည်။

ထိုအဘိုးအိုကိုမြင်လျှင် နန်းကုန်းယန် ဝမ်းသာသွားလေသည်။

'ဘဘတန့်'

ဟု ခေါ်လိုက်၏။

ထိုအဘိုးအိုမှာ....

သမားတော်ကြီး တန့်ဟန် ဖြစ်သည်။

တန့်ဟန်က နန်းကုန်းယန် အခန်းတွင်းမှ ထွက်လာသည်ကို မြင်လျှင် မေးဆတ်ပြကာ....

'ဘယ်လိုလဲ'

ဟု မေးလိုက်၏။

နန်းကုန်းယန် ခေါင်းညိတ်ကာ....

'အိပ်ပျော်နေပါတယ်'

တန့်ဟန် သက်ပြင်းချလိုက်သည်။

* * *

'အင်း သူ့အတွက် အခုလို အေးအေးဆေးဆေး မှိန်းနေတာ အကောင်းဆုံးပါပဲ၊ ငါလဲ နောက်မှပဲ ဝင်တွေ့တော့မယ်၊



အခု လောလောဆယ် မင်းကို ပြောစရာရှိသေးတယ်၊ လာလိုက်ခဲ့'

ပြောပြီး လှည့်ထွက်သွား၏။

နန်းကုန်းယန် ကြောင်အမ်းအမ်း ဖြစ်သွား၏။

သို့သော်....

ထူးခြားသည့် ကိစ္စတစ်ခုခု ရှိနေပြီဖြစ်ကြောင်း ခန့်ခြင်မိရာ ချက်ချင်း နောက်မှလိုက်သွားသည်။

သူတို့နှစ်ယောက် စင်္ကြံလမ်းကို ကျော်ဖြတ်ကာ အနောက်ဘက် တံခါးပေါက်မှ တစ်ဆင့် အပြင်ဘက် လှမ်းထွက်လိုက်ကြ၏။

တံခါးအပြင်ဘက် ထွက်မိသည်နှင့် အဆောက်အအုံကြီး အနောက်ဘက် ပန်းဥယျာဉ်ရှေ့သို့ ရောက်ရှိသွားကြ၏။

သမားတော်ကြီး တန့်ဟန်က ပန်းဥယျာဉ်အတွင်းသို့ ဝင်သွားရာ နန်းကုန်းယန်လည်း လိုက်သွားလေသည်။

'ဟုတ်တယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်က ဒီလိုပညာမျိုးအသုံးပြုတဲ့ သိုင်းသမားတစ်ယောက် သိုင်းလောကမှာ ပေါ်ထွက်လာဖူးတယ်'

'သူကဘယ်သူလဲဗျာ'

'သိုင်းလောကသားတွေက သူ့ကို ရှင်ပျော်ပျော် အတိုးအို လို့ ခေါ်ကြတယ်'

နန်းကုန်းယန် အံ့သြသွားလေသည်။

သူမကိုယ်သူမ သိုင်းပညာကော၊ အတွေ့အကြုံ ဗဟုသုတပါ အလွန်ကြွယ်ဝသည်ဟု ယူဆ ထားခဲ့လေသည်။

• • •

ယခုမူ....

သမားတော်ကြီး တန့်ဟန်၏စကား ကြားမှ သူမ၏ဗဟုသုတ သည် လိုနေသေးကြောင်း ရှဉ်းစားမိလေသည်။

အကြောင်းမှာ....

ရှင်ပျော်ပျော် အတိုးအိုဆိုသည့်အမည်ကို သူမ လုံးဝမကြား ဘူးခြင်းကြောင့် ဖြစ်လေသည်။

သမားတော်ကြီး တန့်ဟန်က ဆက်ပြောလိုက်သည်။

‘ရှင်ပျော်ပျော်အဘိုးအိုရဲ့ သိုင်းပညာဟာ တမူ ထူးခြားတယ်၊ သူက လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ သွေးကြောတွေ၊ အရိုးအဆစ်တွေ၊ ဘယ်နည်းဘယ်ပုံ ဖွဲ့စည်းထားတယ် ဆိုတာ သေသေချာချာလေ့လာတယ်၊ အဓိကကျတာတွေကိုမှတ်ထားတယ်၊ ဘယ်နေရာကိုတိုက်ခိုက်ရင် ဘယ်လိုဖြစ်မယ်၊ လူတွေရဲ့ပျော့ကွက်ဟာ ဘယ်လို ရှိတယ်ဆိုတာတွေ လေ့လာပြီးမှ သိုင်းပညာ တီထွင်ထားတာပဲ၊ ဥပမာ ပြောရရင် လူတစ်ယောက်ကို နောက်ကျောဘက်က လက်ညှိုးနဲ့ အမှတ်တမဲ့ ....တို့လိုက်လို့ အဲဒီလူ အလန့်တကြား ထခုန်လိုက်တဲ့အခါမှာ တစ်ခါတစ်ရံ အထင်လွဲသွားတတ်တယ် ကြောရိုး ဆစ်တွေကြားမှာ အသားဆိုင် ဒါမှမဟုတ် အကြောအချို့ ညပ်သွားပြီး ခါးနာတာ....၊ ကျောအောင့်တာတို့ ဖြစ်သွားတတ်ကြတယ် မဟုတ်လား’

နန်းကုန်းယန် ခေါင်းညိတ်လိုက်သည်။

‘ဟုတ်ပါတယ်’

‘အဲဒီသဘောမျိုးပဲ လူတစ်ယောက်ရဲ့ ဘယ်နေရာကိုထိလိုက်တာနဲ့ အဲဒီလူ ဘယ်လိုဖြစ်သွားမယ်ဆိုတာ သူကလေ့လာတယ်၊ သူက သာမန်တို့ထိတာမျိုးမဟုတ်ဘဲ အတွင်းအား အသုံးချလိုက်တော့ တစ်ဘက်လူ ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရသွားတတ်တယ်ပေါ့’

နန်းကုန်းယန် ပင့်သက်ရှိုက်လိုက်သည်။

မိစ္ဆာ အိပ်မက်ပညာမှာ အလွန်ထူးဆန်းပြီး ကြောက်မက်ဖွယ် ကောင်းလှသည်ဟု နားလည်လာလေသည်။

သမားတော်ကြီး တန့်ဟန်က ဆက်ပြောလိုက်၏။



‘မိစ္ဆာအိပ်မက်ပညာ လေ့ကျင့်တဲ့အခါ ထူးထူးခြားခြား လူတွေအလောင်းတွေကို ခွဲခြမ်းစိတ်ဖြာပြီး အရိုးအကြော တည်ဆောက်ပုံ အသွေးအသားနဲ့ အကြောမျှင်တွေ၊ အဆီပြင်တွေ ဘယ်လိုဆက်စပ်နေတယ်ဆိုတာရယ်၊ အရိုးအချင်းချင်း ဘယ်လို ဂွင်ကျ ဆက်စပ်နေတယ် ဆိုတာတွေကို လေ့လာရတယ်....၊ ပြီးတော့မှ သိုင်းကွက် တီထွင်လေ့ကျင့်ရတာပဲ’

‘တော်တော်ထူးခြားပြီး ရက်စက်တာပဲ’

သမားတော်ကြီး တန့်ဟန်က....

‘ချီကန်းဟာ မိစ္ဆာအိပ်မက်ပညာ တတ်မြောက်ထားသူရဲ့ တိုက်ခိုက်မှု ခံလိုက်ရတယ်လို့ ကျုပ်ပြောရဲတယ်’

နန်းကုန်းယန် ပါးစပ် ပိတ်ထားလိုက်လေသည်။

* * *

သမားတော်ကြီးတန့်ဟန်က ဆက်၍ ရှင်းပြပြန်သည်။

‘မိစ္ဆာအိပ်မက်ပညာနဲ့ တိုက်ခိုက်ခံလိုက်ရရင်.... ခံရသူဟာ ထူးထူး ခြားခြား နာကျင်သွားတယ် လို့တောင် ခံစားရတာ မဟုတ်ဘူး၊ ဒါပေမယ့် ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ အသုံးပြုလို့မရဘဲ ဒုက္ခိတ ဖြစ်သွားတော့တာပဲ’

'ရှင်ပျော်ပျော် အတိုးအိုအကြောင်း ဘာဘာ သိသလားဟင်'
သမားတော်ကြီး တန့်ဟန် ခေါင်းယမ်းလိုက်လေသည်။

'မသိဘူး၊ သိုင်းလောကသားတွေလဲ သူ့အကြောင်း သိချင်ကြတယ်၊ ဒါပေမယ့် တိတိကျကျ စုံစုံလင်လင် သိတဲ့လူ မရှိသလောက်ပဲ၊ သူ့အကြောင်းကို ဒဏ္ဍာရီပုံပြင်တပုဒ်လို ပြောဆိုနေကြတာပဲ ရှိလယ်'

'ဘယ်လိုပြောကြတယ်ဆိုတာ ရှင်းပြပါဦး'

'ပြောကြတာတွေကတော့ စုံလို့ပဲ၊ ဒါပေမယ့် ယုတ္တိရှိတာကတော့ သူဟာ ရှင်ပျော်ပျော် တောင်ကြားမှာနေတယ်၊ သိုင်းလောကကို ဆယ်နှစ်တစ်ကြိမ်လောက်ပဲထွက်တတ်တယ်....၊ သူထွက်လာတဲ့အချိန်မှာ သိုင်းလောကမှာ ထိပ်ဆုံးဆိုတဲ့ ပုဂ္ဂိုလ်နဲ့ ယှဉ်ပြိုင်တတ်တယ်၊ ပြီးရင် သတင်းမကြားရတော့ဘဲ ပျောက်ဆုံး သွားတတ်ပြန်ရော'

နန်းကုန်းယန်၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

'သိုင်းလောက ထိပ်သီးပုဂ္ဂိုလ်နဲ့ ယှဉ်ပြိုင်ခဲ့တယ် ဆိုတော့ သက်သေ အထောက်အထားတွေ ရှိမှာပေါ့ နော်'

သမားတော်ကြီးတန့်ဟန် ခေါင်းညိတ် လိုက်လေသည်။

'ရှိတာပေါ့'

'ဒါဖြင့် ဘယ်သူတွေဆိုတာ ပြောပြပါလား'

'ကျုပ်သိတာတော့ လူနှစ်ယောက်ပဲ ရှိတယ်၊ ဒါပေမယ့် သူတို့က ရှင်ပျော်ပျော် အတိုးအိုနဲ့ ရင်ဆိုင်ခဲ့ကြရတယ်လို့ လူသိရှင်ကြား ထုတ်ဖော်ဝန်ခံခြင်း မပြုကြဘူး'



'ဘာဖြစ်လို့လဲ'

'သူတို့တတွေဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားကြပါတယ်၊ ဒါပေမယ့် မမျှော်လင့်ဘဲ ဒုက္ခိတတွေ ဖြစ်ကုန်ကြတယ်၊ သူတို့ဒီလိုဖြစ်အောင် ဘယ်သူ လုပ်ခဲ့တာလဲ၊ သူတို့ဟာရန်သူနဲ့ ရင်ဆိုင်တိုက်ခိုက်ခဲ့တယ်လို့လဲ သတင်း မကြားခဲ့ရဘူး၊ သူတို့ဟာ ထူးထူးခြားခြား ဘယ်သူနဲ့မှလဲ ရင်မဆိုင်ခဲ့ဘဲ ဒုက္ခိတတွေဖြစ်ကုန်တယ်၊ ဒါကြောင့် ရှင်ပျော်ပျော်အတိုးအိုနဲ့ တွေ့ခဲ့ကြပြီလို့ သိုင်းလောကသားတွေ ထင်ကြေးပေးကြတာပဲ ကျုပ်ကလဲ ဟုတ်မှန်လိမ့်မယ်လို့ထင်မိတယ်'

'အဲဒီလူနှစ်ယောက်ဟာ ဘယ်သူတွေလဲဟင်'

'တစ်ယောက်က ရွှေကျားပျံ 'ဟုတ်အိမ်း'လို့ ခေါ်တယ်၊ နောက်တစ်ယောက်ကတော့ နောက်ပိုင်း နဂါး 'ကျိုလုံ' လို့ ခေါ်တယ်၊ သူတို့နှစ်ယောက်က တစ်ခေတ် တစ်ယောက်ဆိုသလို သိုင်းလောကမှာ ထင်ရှား ခဲ့သူတွေပေါ့'

နန်းကုန်းယန်ရင်ထဲ လေးလံ သွားလေသည်။

ရွှေကျားပျံ ဟုတ်အိမ်းနှင့် အနောက်နဂါး ကျိုလုံဆိုသည့် အမည်မှာ သူမကောင်းစွာ ကြားဖူးထားလေသည်။

ထိုလူနှစ်ယောက်မှာ သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားပြီး ကြည်ညိုလေးစားဖို့ ကောင်းသူများဖြစ်သည်ဟု သူ၏ဖခင်က မကြာခဏ ပြောပြခဲ့ဖူးသည် မဟုတ်ပါလား။

ဖခင်ဖြစ်သူထံတွင် စုံစမ်း မေးမြန်းကြည့်ရန် စိတ်ကူးပေါ်ပေါက်လာသည်။

သို့သော်....

သူ၏ဖခင်ကိုယ်တိုင်ပင် အိပ်ရာထဲ လဲနေသည့်ကာ၀ ရောက်နေပြီမဟုတ်ပါလား။

ချီကန်းသည်မိစ္ဆာအိပ်မက်ပညာဖြင့် တိုက်ခိုက် ခြင်းခံလိုက်ရပြီဖြစ်သည်။

သူမ လက်ပိုက်ကြည့်နေပါလျှင် နန်းကုန်း မိသားစု၏ ဂုဏ်သိက္ခာကျဆင်း သွားပေတော့မည်။

* * *

ထို့အပြင်....

မိစ္ဆာအိပ်မက်ပညာအသုံးပြုသွားသူသည် လုထင်း၏ မိတ်ဆွေဖြစ်နေ၏။

လုထင်းသည် သိုင်းလောကသားများအား မုန်းတီးနေသူဖြစ်၏။

လုထင်းကသူ၏ မိတ်ဆွေထံ အကူအညီတောင်းမည်ဆိုပါက သိုင်းလောက၌ ၀မ်းနည်း ကြေကွဲဖွယ်ရာ အဖြစ်ဆိုးများ ကျ ိန်းသေပေါ်ပေါက်လာမည် ဖြစ်လေသည်။

သူမအနေနှင့် အချိန်မီတားဆီးရန် တာ၀န် ရှိသည်ဟုယူဆလာလေတော့သည်။



သမားတော်ကြီး တန့်ဟန်က....

'ချီကန်းကို ဘယ်လိုမှ ကုသပေးနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်စိတ်မကောင်း ဖြစ်မိတယ်၊ ရှင်းရှင်း ပြောရရင် မိစ္ဆာအိပ်မက် အသုံးပြုသွားတဲ့လူကို လိုက်ရှာပြီး နှိမ်နင်းပစ်ချင်တယ်၊ ဒါပေမယ့်....'

သူက စကား တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

သူမ၏ ဖခင်အား ဆေးကုသရဦးမည်ဖြစ်၍ မလွယ်သေးကြောင်း နန်းကုန်းယန်နားလည်မိ၏။

သမားတော်ကြီး တန့်ဟန်၏ စိတ်ဓာတ်ကိုလည်း လေးစားမိလေသည်။

သမားတော်ကြီး တန့်ဟန်သည် သိုင်းလောကအကျိုးဆောင်ရွက်လိုစိတ်များ ထက်သန်သူမဟုတ်ပါလား။

သမားတော်ကြီး တန့်ဟန်က ဆက်ပြောလိုက်ပြန်သည်။

'မိစ္ဆာအိပ်မက် ပညာ ပြန်လည် ထွက်ပေါ်လာပြီ ဆိုတော့ ရှင်ပျော်ပျော် အဘိုးအိုဟာ သိုင်းလောကကို ဆင်းလာပြန်ပြီထင်တယ်၊ ဒီတစ်ကြိမ်တော့ သူ့ကို အလစ်ပေးလို့ မဖြစ်ဘူး၊ သိုင်းလောကသားတွေ ၀ိုင်းပြီး တိုက်ခိုက်ကြမှာ သေချာတယ်'

'သိုင်းလောက သားတွေက သူ့ကို ရင်ဆိုင်ဖို့ စုစည်းထားကြတယ်ဟုတ်လား'

'ဟုတ်တယ်၊ ရှင်ပျော်ပျော် အဘိုးအိုဟာ ကြောက်စရာကောင်းတယ်ဆိုတာ သိကြတယ်လေ၊ ဒါကြောင့် ဒီတစ်ကြိမ် သိုင်းလောကမှာ ပြန်လည် ထွက်ပေါ်လာရင် ရင်ဆိုင်ဖို့ကြိုတင်

မိတ်ဆွေဖွဲ့ ထားကြတယ်၊ အားလုံးသဘောတူ မဟာမိတ်ဖွဲ့ပြီး မိစ္ဆာနိုင်အဖွဲ့ လို့ အမည် သတ်မှတ်လိုက်ကြတယ်လေ’

နန်းကုန်းယန် စိတ်ဝင်စားသွားသည်။

‘ဒါဆို အစ်ကိုကြီး ချို အကြောင်း သိသွားရင် မိစ္ဆာနိုင်အဖွဲ့ ဟာ လှုပ်ရှားလာကြတော့မှာပေါ့ဟုတ်လား’

‘သေချာတာပေါ့’

‘ဘဘကကော’

သမားတော်ကြီး တန့်ဟန် ပြုံးလိုက်သည်။

‘ကျုပ်ကော မင်းအဖေပါ မိစ္ဆာနိုင်အဖွဲ့မှာ ပါဝင်ခဲ့ကြတာပေါ့ကွယ်’

နန်းကုန်းယန် စိတ်ဝင်စားသွားသည်။

‘ဖေဖေက နေမကောင်းလို့ ဒီအဖွဲ့မှာ ဆက်ပြီး ပါဝင်လှုပ်ရှားနိုင်တော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ဖေဖေ့ကိုယ်စား ကျွန်မကို လက်မခံနိုင်ဘူးလားဟင်’

သမားတော်ကြီး တန့်ဟန် မျက်လုံးပြူးသွားသည်။

‘မင်းက ပါဝင်ချင်တယ် ဟုတ်လား’

‘ဟုတ်ပါတယ် ဘဘ’

‘ဟင်း... မင်းရဲ့စိတ်ဓာတ်ကို ချီးကျူးပါတယ်၊ ဒါပေမယ့် လက်ခံကြမှာ မဟုတ်ဘူးကွယ့်’

‘ဘာဖြစ်လို့လဲ ဘဘရဲ့’

‘မင်းရဲ့သိုင်းပညာ မခေပါဘူး၊ ဒါပေမယ့် ရှင်ပျော်ပျော် အဘိုးအိုနဲ့ ရင်ဆိုင်လိုက်ရရင် ဘာမှမလုပ်နိုင်ခင် ဒုက္ခိတ ဖြစ်သွားမှာမို့ပါ’



နန်းကုန်းယန် မကျေမနပ် ဖြစ်သွားသည်။

သို့သော်....

ဘာမှမပြောဘဲ နေလိုက်၏။

သမားတော်ကြီး တန့်ဟန်က....

‘မင်းကို အခုလိုခေါ်ပြီး ရှင်းပြရတာက ချိုကန်းရဲ့အဖြစ်ကို ဘယ်သူမှမသိအောင် လျှို့ဝှက်ထားဖို့ပဲ၊ ပြီးတော့ လုထင်းဆိုတဲ့ သူငယ်လေးအကြောင်း သိချင်လို့ပဲ၊ ချိုကန်းကို တိုက်ခိုက်သွားသူဟာ လုထင်းရဲ့မိတ်ဆွေလို့ သိရတယ်’

‘လုထင်းအကြောင်းတော့ ကျွန်မ သိသင့်သလောက် သိပါတယ်၊ ဒါပေမယ့် သူ့မိတ်ဆွေအကြောင်းတော့ လုံးဝမသိပါဘူး’

သမားတော်ကြီး တန့်ဟန် မျက်မှောင်ကြုတ်သွားသည်။

‘လုထင်းရဲ့ မိတ်ဆွေအကြောင်း မသိဘူး၊ ဟုတ်လား’

‘ဟုတ်ပါတယ်ရှင်’

‘အင်း....ဒီလိုဆိုရင် ဘယ်တတ်နိုင်ပါ့မလဲ၊လုထင်းအကြောင်းပဲ ပြောပြပါလား’

နန်းအုံန်းယန်က ပြောပြလိုက်သည်။

‘လုထင်းဟာ သိမ္မာကိုယ်တော်င ဝမ်းလျန်ရဲ့သားပါ’

လုထင်း၏ မိသားစုသည် လုယက်တိုက်ခိုက်ခြင်းဖြင့် အသက်မွေး ဝမ်းကျောင်း ပြုသူများ ဖြစ်ကြောင်း....။

မြို့စားကြီး လုံးကျင်းချန်း၏ ဇနီးသည်အား တိုက်ခိုက်လုပ်ကြံခြင်းကြောင့် မြို့စားကြီး လုံးကျင်းချန်းက သိုင်းလောက

မိတ်ဆွေများထံ အကူအညီတောင်းကာ တိုက်ခိုက် နှိမ်နင်းခဲ့ကြောင်း။

လုထင်းတစ်ယောက်သာ လွတ်မြောက်သွားပြီး ကျန်လူအားလုံး သေဆုံးသွားကြကြောင်း။

လုထင်းမှာ စိတ်ကောင်း နှလုံးကောင်းရှိပြီး လုယက်မှုများနှင့် ပတ်သက်သူ မဟုတ်ကြောင်း။

သိုင်းပညာ ဟုတ္တိပတ္တိမတတ်တဲ့ ဆေးပညာ အနည်းငယ်သာ တတ်မြောက်ကြောင်း ရှင်းပြလိုက်သည်။

လုထင်းက သူ့အား ဒုက္ခပေးသည်ဟု ယူဆပြီး သိုင်းလောကသားများအား မုန်းတီးနေကြောင်းကိုမူ ထည့်မပြောဘဲ ချန်ထားလိုက်သည်။

* * *

သူမဇာတ်ကား ကြားရလျှင် သမားတော်ကြီး တန့်ဟန် အံ့သြသွားလေသည်။

'လုထင်းက တစ်ကောင်ကြွက်ဖြစ်နေပြီ၊ မိတ်ဆွေအပေါင်းအသင်းလဲ မရှိဘူး၊ သူ့မိတ်ဆွေဆိုတာ ဘယ်သူလဲ'

'ကျွန်မလဲ မသိပါဘူး'



'သူ့မိတ်ဆွေဟာ ရှင်ပျော်ပျော် အဘိုးအိုများလား၊ ဒါဆိုရင်လဲ ဘယ်လိုလုပ် မိတ်ဆွေဖြစ်သွားကြတာလဲ၊ သံမဏိယပ်တောင် ဝမ်းလျန်ဟာ ဒီလောက် အဆင့်မရှိပါဘူး၊ ရှင်ပျော်ပျော်အဘိုးအိုနဲ့ လုထင်း မိတ်ဆွေဖြစ်နေတာ အကြောင်းတစ်ခုခုတော့ ရှိရလိမ့်မယ်'

နန်းကုန်းယန် မျက်လုံးပြူးသွားသည်။

သမားတော်ကြီး တန့်ဟန်ကို မယုံကြည်နိုင်စွာကြည့်ကာ....

'လုထင်းရဲ့ မိတ်ဆွေဟာ ရှင်ပျော်ပျော်အဘိုးအို ဟုတ်လား'

'ဟုတ်တယ်လေ၊ ဒါကြောင့် ချူကန်း အခုလို ဒုက္ခရောက်သွားတာပေါ့'

'ဒုက္ခပါပဲ'

နန်းကုန်းယန် ညည်းညူလိုက်သည်။

သမားတော် တန့်ဟန်က....

'ဘာဖြစ်လို့လဲ'

'လုထင်းဟာ သနားစရာကောင်းပါတယ်၊ သေသေချာချာ စဉ်းစားကြည့်ရင် သူ့မှာ ဘာအပြစ်မှ မရှိပါဘူး'

နန်းကုန်းယန်က လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး....

'အင်း....ဒါပေမယ့် လူတွေက သူ့ကိုလဲ လူဆိုး ဓားပြတစ်ယောက်လို သတ်မှတ်ပြီး နှောင့်ယှက်နေကြလို့ ဒုက္ခရောက်နေရရှာပါတယ်'

နန်းကုန်းယန်က လုထင်းအတွက် ရင်းမောစွာဖြင့်....

'အခု သူ ရှင်ပျော်ပျော်အဘိုးအိုနဲ့ မိတ်ဆွေဖွဲ့လိုက်ပြီ ဆိုရင် ဘယ်လိုမှ အဖတ်ဆည်လို့ ရတော့မယ် မထင်ဘူး'

သမားတော်ကြီး တန့်ဟန်က....

'သူဟာ လူကောင်းတစ်ယောက် ဖြစ်လာနိုင်တယ်လို့ မင်း ယုံကြည်ထားတယ် ဟုတ်လား'

နန်းကုန်းယန် ခေါင်းညိတ်လိုက်သည်။

'သူဟာ အစကတည်းက နှလုံးသားဖြူစင်တဲ့ လူကောင်း တစ်ယောက်ပါ၊ လူတွေက သူဟာ လူကောင်းတစ်ယောက် ဖြစ်တယ်ဆိုတာ လက်ခံလာအောင် ကြိုးစားဖို့ပဲလိုပါတယ်၊ အခု အတိုင်းဆိုရင်တော့ သူ့ကို ဘယ်သူကမှ လူကောင်းလို့မြင်နိုင်မှာ မဟုတ်တော့ပါဘူး'

သမားတော်ကြီး တန့်ဟန်က သူမအား နားမလည်နိုင်စွာ ကြည့်လိုက်လေသည်။

သူမသည် အဘယ့်ကြောင့် လုထင်းအတွက် စိုးရိမ်ပူပန်နေရပါသနည်း။

နန်းကုန်းယန်က ဆက်ပြောလေသည်။

'လုထင်းဟာ လူကောင်းတွေက လက်မခံတဲ့အခါ လူတွေရဲ့ အပယ်ခံဘဝ ရောက်လာတဲ့အခါ သူ့ဘဝရပ်တည်ရေးအတွက် မလွှဲမသွေ လမ်းမှားလိုက်ရတော့မှာပါပဲ၊ လုထင်းဟာ လူဆိုး တစ်ယောက်ဖြစ်သွားရင် သူများတွေထက် ပိုပြီး ကြောက်စရာ ကောင်းသူ ဖြစ်လာလိမ့်မယ်လို့ ကျွန်မထင်တယ်၊ သူ့ကို လက်ကမ်း ပေးပြီး လူကောင်းဖြစ်လာအောင် လုပ်ပေးဖို့ လိုပါလိမ့်မယ်၊ သူ့ကိုချဉ်းကပ်ပြီး သူ့ရဲ့မိတ်ဆွေကို ဖော်ထုတ်နိုင်ပါလိမ့်မယ်'



'အင်း....ဒါတော့ဟုတ်တယ်၊ လုထင်း ဘယ်ကိုသွားတယ်ဆိုတာ မင်းသိသလား'

နန်းကုန်းယန် ခေါင်းယမ်းလိုက်သည်။

'ဒါတော့ ကျွန်မလဲ မသိဘူး'

သမားတော်ကြီး တန့်ဟန် သက်ပြင်းချလိုက်သည်။

'ငါက မင်းအဖေကိုထားပစ်ခဲ့ပြီး ထွက်မသွားနိုင်ဘူး၊ အခု အချိန်မှာ မင်းအဖေအတွက် ငါရှိနေဖို့ မလွှဲမသွေ လိုအပ်နေတယ်၊ လုထင်းနောက်ကို လိုက်ဖို့ဆိုတာလဲ မဖြစ်နိုင်ဘူး၊ ဒါကြောင့်....'

'ဘာဆိုလိုတာက....'

'လုထင်းနောက်ကို တော်ရုံတရုံလူ လိုက်သွားဖို့လဲ မဖြစ်နိုင်ဘူး၊ ဒါကြောင့် မင်းလိုက်သွားရင် ကောင်းမယ်လို့ ငါထင်တယ်'

နန်းကုန်းယန် စိတ်လှုပ်ရှားသွားလေသည်။

လုထင်းနှင့်တွေ့ဆုံပြီး ဖျောင်းဖျလိုစိတ် ရှိပေသည်။

လုထင်းအား စည်းရုံးသိမ်းသွင်းနိုင်လျှင် လူကောင်းတစ်ယောက် ဖြစ်လာမည်ဟု ယုံကြည်ထား၏။

လုထင်းနောက်သို့ လိုက်သွားလျှင် အန္တရာယ်ရှိနိုင်ကြောင်းလည်း ရိပ်မိသည်။

လုထင်း၏မိတ်ဆွေသည် အလွန် ကြောက်မက်ဖွယ်ကောင်းသူ တစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။

နန်းကုန်းယန် ငိုင်နေမိလေသည်။

သမားတော်ကြီးတန့်ဟန်က....

'မင်း ဘယ်လိုသဘောရသလဲ'

ဟု မေးလာသည်။

နန်းကုန်းယန် သက်ပြင်းချလိုက်ပြီး....

'ကောင်းပြီလေ၊ ကျွန်မသွားလိုက်ပါ့မယ်'

'မင်းလိုက်သွားမယ်ဆိုရင် ကတိတစ်ခုတော့ ပေးရလိမ့်မယ်'

'ရှင်'

'လုထင်းရဲ့မိတ်ဆွေဟာ ရှစ်ပျော်ပျော်အတိုးအို ဖြစ်နေနိုင်တယ်၊ သူ့ကိုမင်းလဲ ရင်ဆိုင်နိုင်ဖို့မလွယ်ဘူး၊ ဒါကြောင့် လုထင်းနောက်ကိုလိုက်သွားရင်း မိစ္ဆာနိုင်အဖွဲ့နဲ့ အဆက်အသွယ်လုပ်ရလိမ့်မယ်၊ သူတို့က မင်းကိုကူညီလိမ့်မယ်'

'ဟင်....ကျွန်မမှ သူတို့ကိုမသိတာ'

သမားတော်ကြီးတန့်ဟန်က အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်သည်။

သူ၏လက် ပြန်ရုတ်လိုက်သည့်အခါ ရွှေပြားကလေးတစ်ခု ပါလာလေသည်။



ရွှေပြားကလေးအား လှမ်းပေးရင်း....

'ဒီရွှေပြားလေးကို ယူထားပါ၊ ဒါဟာ မိစ္ဆာနိုင်အဖွဲ့ဝင်ဖြစ်တယ်ဆိုတဲ့ အထိမ်းအမှတ်ပဲ'

နန်းကုန်းယန်က လှမ်းယူလိုက်ပြီး စစ်ဆေးကြည့်လိုက်လေသည်။

ထိုအခါ ရွှေပြားပေါ်၌....

'မိစ္ဆာနိုင်'

ဟူသောစာလုံး ရေးသားထားသည်ကို တွေ့ရလေသည်။

နန်းကုန်းယန်က....

'မိစ္ဆာနိုင်အဖွဲ့ကို ဘာကြောင့်လျှို့လျှို့ဝှက်ဝှက် အဖွဲ့ထားရတာလဲဟင်'

ဟု မေးလိုက်၏။

သမားတော်ကြီးတန့်ဟန်က....

'ရှစ်ပျော်ပျော်အတိုးအိုဆိုတဲ့ နာမည်ကြားတာနဲ့ ယုဉ်ပြိုင်ဝံ့သူ မရှိသလောက် ဖြစ်သွားကြတယ်လေ၊ ရှင်ပျော်ပျော်အတိုးအိုကလဲ လူတိုင်းကိုလိုက်ပြီး ရန်ရှာတာမဟုတ်ဘူး၊ ဒါပေမယ့် သိုင်းလောကသားတွေက သူ့ကိုသုတ်သင်ဖို့ မိစ္ဆာနိုင်အဖွဲ့ဖွဲ့စည်းထားတာ သိနေနိုင်တယ်၊ ဒီလိုဆိုရင် မိစ္ဆာနိုင်အဖွဲ့ဝင်တွေကို ကောင်းကောင်းကြီး ဒုက္ခပေးမှာပဲ၊ ဒါကြောင့် တမင်လျှို့ဝှက်ထားတာ မသိမသိုင်သူတွေ ဒုက္ခမရောက်သလို မိစ္ဆာနိုင်အဖွဲ့ဝင်တွေ ဘယ်သူဘယ်ဝါဆိုတာ သိဖို့မလွယ်တော့ အန္တရာယ်ရှိတာပေါ့'

နန်းကုန်းယန် သက်ပြင်းချလိုက်လေသည်။

သမားတော်ကြီးတန့်ဟန်က ဆက်ပြောလိုက်လေသည်။

'အကြောင်းကိစ္စပေါ်ပေါက်လာလို့ မိစ္ဆာနိုင်အဖွဲ့ ဝင်တွေနဲ့ ဆက်သွယ်ချင်တယ်ဆိုရင် ဒီရွှေပြားကို အပေါင်ဆိုင်တစ်ခုခုမှာဝင်ပြီး ရောင်းလိုက်ပါ၊ မင်းကိုသူတို့ ဆက်သွယ်လာကြပါလိမ့်မယ်'

နန်းကုန်းယန် ပြုံးလိုက်လေသည်။

'ဘဘတို့ဆက်သွယ်ပုံက ရယ်စရာကောင်းလိုက်တာ'

'ရယ်စရာမလုပ်နဲ့ ဒီလိုလုပ်လို့ အောင်မြင်မှုအများကြီး ရခဲ့ဖူးတယ်၊ လူထင်းသွားပြီးဆိုတော့ မင်းလဲ အချိန်မဆွဲဘဲ လိုက်သွားရင်ကောင်းမယ်'

ဟု ပြောလိုက်၏။

နန်းကုန်းယန် ခေါင်းညိတ်လိုက်သည်။

'ကျွန်မ သွားပါ့မယ်၊ ဖေဖေ့ကို....'

သူမ၏စကားမဆုံးမီ သမားတော်ကြီးတန့်ဟန်က ကြားဖြတ်ပြောလိုက်သည်။

'မင်းအဖေအတွက် စိတ်ချသာသွား၊ သူ့အတွက် ကျုပ်တာဝန်ယူတယ်၊ သူဟာ ကျန်းမာရေးမကောင်းဘူးဆိုပေမယ့် အခုအတိုင်းဆက်ပြီး အနားယူသွားမယ်ဆိုရင် ခြောက်လ တစ်နှစ်အတွင်း ဘာမှ မဖြစ်နိုင်သေးဘူး'

နန်းကုန်းယန် စိတ်မကောင်းဖြစ်သွား၏။

သမားတော်ကြီးတန့်ဟန်၏ စကားအတိုင်းဆိုလျှင် သူမ၏ဖခင်သည် လူ့လောကၠ ကြာကြာနေရတော့မည် မဟုတ်ကြောင်း ထင်ရှားပေသည်။



သူမခရီးထွက်နေချိန်ဝယ် သူမ၏ဖခင် တစ်ခုခုဖြစ်သွားသည်ဆိုပါလျှင် နန်းကုန်းယန် ဆက်မတွေးလိုပါတော့ချေ။

* * *

သမားတော်ကြီးတန့်ဟန်က....

'မင်းအဖေအတွက် ငါ စိတ်မကောင်းပါဘူး၊ ဒါပေမယ့် လူတစ်ယောက်ဟာ မွေးဖွားလာပြီးနောက်တစ်နေ့မဟုတ်တစ်နေ့ သေဆုံးသွားရမယ် မဟုတ်လား၊ သေတယ်ရှင်တယ်ဆိုတာ မထူးဆန်းပါဘူးကွယ်၊ အသက်ရှင်နေစဉ်မှာ လူ့ဘဝအဓိပ္ပာယ်ရှိအောင် ကောင်းမှုကောင်းကျိုး ဆောင်ရွက်ဖို့ အရေးကြီးဆုံးမဟုတ်လား၊ မင်းရဲ့ဖေဖေကလဲ သဘောတူမှာ သေချာပါတယ်'

နန်းကုန်းယန် ခေါင်း ညိတ်လိုက်သည်။

'ကျွန်မ အစွမ်းကုန် ကြိုးစားမယ်လို့ ကတိ ပေးပါတယ်....ဘဘ....'

'ကောင်းပါပေ့ကွယ်'

နန်းကုန်းယန်က သမားတော်ကြီးတန့်ဟန်ကို နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

သူမ၏ခြေလှမ်းများ နှေးကွေး လေးလံနေသည်။

အိမ်ကလေးအပြင်သို့ ရောက်လျှင် ခေါင်းငိုက်စိုက် ချကာ လျှောက်သွား၏။

ထိုစဉ်....

ပန်းရုံများကြား၌ လူရိပ်တစ်ခု လှစ်ခနဲ လှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဘယ်သူလဲ'

နန်းကုန်းယာန် အော်မေးရင်း.... ပန်းပွင့်များကြား ခုန်ဝင်သွား၏။

ပန်းပင်များကြားသို့ ရောက်သွားပြီး ရှာဖွေကြည့်လိုက်သော အခါ လူရိပ်လူယောင် လုံးဝမတွေ့ရပါချေ။

'လူတစ်ယောက် ဒီကြားထဲမှာ ရှိနေခဲ့တာပဲ၊ ငါ သေသေချာချာ မြင်လိုက်ပါတယ်၊ အခု ဘယ်ရောက်သွားပါလိမ့်'

စိတ်ထဲ ကြိတ်တွေးမိလေ၏။

အတန်ကြာ ရှာဖွေကြည့်လိုက်သော်လည်း မည်သူ တစ်ဦး တစ်ယောက်မှ မတွေ့ရပါချေ။



နန်းကုန်းယာန် မကျေမနပ်ဖြစ်သွား၏။

သို့သော်....

ရှာမတွေ့သည့်နောက်ဆုံး လက်လျှော့ကာ ပြန်ထွက်လာခဲ့ လေတော့သည်။

## ဖေဖေ့မှာတမ်း

နန်းကုန်းယန်မှာ သူမ၏အခန်းအတွင်းသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်လေသည်။

အခန်းတွင်းသို့ရောက်လျှင် ခြေပစ်လက်ပစ် ပြန်လည်ထိုင်ချလိုက်သည်။

ကုလားထိုင်ပေါ် ထိုင်ချလိုက်မိမှ အင်္ကျီအိတ်ထဲ ခိုးလိုးခုလု ဖြစ်နေသည်ကို သတိပြုမိလိုက်လေသည်။

လက်ဖြင့်စမ်းကြည့်လိုက်ရာ စက္ကူလိပ်တစ်လိပ် ဖြစ်နေသည်ကို တွေ့ရ၏။

သူမ၏ဖခင် ရေးသားထားသည့် စာရွက်များ ဖြစ်လေသည်။

နန်းကုန်းယန်လည်း ယခုမှ သတိရကာ ထုတ်ယူပြီးဖတ်ကြည့်လိုက်လေသည်။

ထိုအခါ ပထမဆုံး စာရွက်ပေါ်၌...

သမီး....

ဖေဖေ မနေရတော့ဘူးဆိုတာ သိတယ်....၊ ဒါကြောင့် ဖေဖေမသေမီ သမီးသိသင့်သိထိုက်တဲ့ အကြောင်းတွေကို ပြောပြခဲ့မယ်လို့ ဆုံးဖြတ်ထားတယ်၊ သမီးသေသေချာချာ မှတ်သားထားစေချင်တယ်'

ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

'ဖေဖေ့မှာ ဘာတွေများ ပြောပြစရာရှိနေသလဲ မသိဘူး' တွေးရင်း....

ဒုတိယစာရွက်ကို ဖတ်ကြည့်လိုက်ပြန်လေသည်။ ဒုတိယစာရွက်ပေါ်၌....

'သမီး ဖေဖေဘာကြောင့် အခုလို မမာမကျန်းဖြစ်ခဲ့ရတယ်ဆိုတာ သမီး သိချင်လိမ့်မယ်....၊ ရှင်းရှင်းပြောရရင် ဖေဖေဟာ ရိုးရိုး နေထိုင်မကောင်း ဖြစ်ရတာ မဟုတ်ဘူး၊ ရန်သူတစ်ယောက်နဲ့ ရင်ဆိုင် တိုက်ခိုက်ခဲ့ပြီး မမျှော်လင့်ဘဲ ဒဏ်ရာရခဲ့တာပါ'

'ဟင်....'

နန်းကုန်းယန့် အံ့သြသွား၏။



'ဖေဖေက ရန်သူနဲ့ ရင်ဆိုင်ခဲ့တယ်ဆိုပါတော့'

ဟုမ ရေ့ဆက် ဖတ်ကြည့်လိုက်ပြန်လေသည်။

ထိုအခါ....

'ဖေဖေ ခရီးသွားခဲ့တာ မှတ်မိတယ် မဟုတ်လား....၊ အဲဒါ ဖေဖေ့ရဲ့ရန်သူတစ်ယောက် အကြောင်း သတင်းကြားလို့ ဖေဖေ လိုက်သွားခဲ့တာပဲ၊ ဖေဖေ့ရန်သူ ဘယ်သူဘယ်ဝါဆိုတာသမီး သိချင်လိမ့်မယ်....၊ ဒါပေမယ့် ဖေဖေမပြနိုင်ဘူး'

နန်းကုန်းယန့် အားမလိုအားမရ ဖြစ်သွားလေသည်။

'ဖေဖေက ရန်သူနဲ့ရင်ဆိုင်ရတယ်လဲဆိုသေးတယ်....၊ ရန်သူ ဘယ်သူဘယ်ဝါဆိုတာ ဘာကြောင့် ပြောမပြချင်တာလဲ'

ဟု ညည်းညူလိုက်သည်။ ထို့နောက် ဆက်ပြီး ဖတ်ကြည့်လိုက်လေသည်။

'သမီး တန့်ဟန်ရဲ့စကားကို နားထောင်ပါ၊ ဖေဖေ မရှိတော့တဲ့အခါ သူက သမီးကို သိုင်းပညာ တစ်မျိုး ကြပ်မတ် သင်ကြားပေးလိမ့်မယ်၊ ဖေဖေကို ပ်တိုင်ကြီး စားကီထွင်ထားခဲ့တာပဲ၊ ဒီသိုင်းပညာကို သင်ကြားပြီးမှ သိုင်းလောကမှာ ခြေချပါ၊ မသင်ရသေးပဲ ခြေမချချင်ပါနဲ့၊ သမီးပညာမဆိုးဘူးဆိုပေမယ့် ထိပ်သီးသိုင်းပညာရှင်နဲ့တွေ့ရင် ယှဉ်နိုင်မှာမဟုတ်ဘူး။ ဥပမာ ရှင်

ပျော်ပျော် အဘိုးအိုလိုလူမျိုးပေါ့၊ သူ့ကိုဝေးဝေးက ရှောင်ပါ၊ နောက်ထပ်ရှောင်ရမယ့် လူတစ်ယောက်ကတော့ မြွေမင်းသမီးဆိုသူပဲ....၊ ဖေဖေ့စကားကို နားထောင်ပါ’

နန်းကုန်းယန်မှာ မြွေမင်းသမီးဆိုသည့်အမည်ကို တီးတိုးရေရွတ်မိလေသည်။

ထိုအမည်ကို ယခုမှ ကြားဖူးခြင်း ဖြစ်သည်။

စာကို ဆက်ဖတ်ကြည့်လိုက်သောအခါ....

‘ဖေဖေရဲ့ စာဖတ်ခန်းထဲက စာအုပ်ဗီရိုကို ဆွဲဖယ်လိုက်ရင် အနောက်ဘက် အုတ်နံရံမှာ သံသေတ္တာတစ်လုံး ရှိနေတာကို တွေ့ရလိမ့်မယ်။

အဲဒီသေတ္တာထဲမှာ သံမဏိပိုးမျှင်နဲ့ ယက်လုပ်ထားတဲ့ အတွင်းခံ ကိုယ်ကြပ်အင်္ကျီတစ်ထည် ရှိတယ်။

အဲဒါကို သမီး ဝတ်ထားလိုက်ပါ။

တော်ရုံတန်ရုံ တိုက်ခိုက်မှုတော့ ခံနိုင်လိမ့်မယ်။

ဖေဖေ့စကား နားထောင်ပါ။

ရှင်ပျော်ပျော်အဘိုးအိုနဲ့ မြွေမင်းသမီးကို ဝေးဝေးက ရှောင်ပါ’

ဟု ရေးသား အဆုံးသတ်ထားသည်ကို တွေ့ရသည်။ နန်းကုန်းယန် သက်ပြင်းချလိုက်သည်။



သူ၏ဖခင်သည် ရောဂါဝေဒနာ ခံစားနေရသည် ဖြစ်ရကား စာရေးထားသောအခါ လက်ရေးများ မညီမညာ ဖြစ်နေသည်။

• • •

ထို့ပြင်....

အချို့နေရာများ၌ အဓိပ္ပာယ်မရှိသလို ဖြစ်နေသည်ဟု ဆင်ခြင်မိသည်။

မည်သို့ဆိုစေ....

ဖခင်ဖြစ်သူက ရှင်ပျော်ပျော်အဘိုးအိုအား ရှောင်ရန် မှာကြားခဲ့၏။

သမားတော်ကြီး တန့်ဟန်တာမူ ရှင်ပျော်ပျော် အဘိုးအိုနောက်သို့ လိုက်ရန် တိုက်တွန်းခဲ့သည်။

ထိုအချက်နှစ်ချက်သည် ဆန့်ကျင်ဘက်ဖြစ်နေသည်ဟု တွေးမိသည်။

သမားတော်ကြီး တန့်ဟန်က ရှင်ပျော်ပျော် အဘိုးအိုနောက်သို့ သူမလိုက်မည်ဆိုလျှင်ပင် ဖခင်ဖြစ်သူက သဘော

တူလိမ့်မည်ဟု ပြောခဲ့သည်မှာ ထူးခြားလှသည်ဟု တွေးနေမိသည်။

ထို့အပြင်....

ဖခင်ဖြစ်သူက တီထွင်ထားသည့် သိုင်းပညာအကြောင်း သူမအား အဘယ့်ကြောင့် ပြောမပြသည်ကို စဉ်းစားမရချေ။

မည်သို့ဆိုစေ....

အချိန်မတန်သေးသဖြင့် ပြောပြခြင်း မပြုသည်သာ ဖြစ်ရမည်ဟု တွေးကာ မမေးဘဲနေရန် ဆုံးဖြတ်လိုက်သည်။

ဖခင်က တားမြစ်ထားသည် ဖြစ်သော်လည်း လုထင်းနောက်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

သူမက အထုပ်အပိုး ပြင်ဆင်လိုက်သည်။

နံနက် မိုးစင်စင်လင်းသည်နှင့် ထွက်သွားရန် ပြင်ဆင်ထားလိုက်သည်။

'အောက်အီးအီးအွတ်'

အဝေးမှ ကြက်တွန်သံများ ထွက်ပေါ်လာသည်။

အရှေ့ဘက်တွင် ရောင်နီများ ပျို့အန်လာသည်။



အမှောင်ထုမှာ တဖြည်းဖြည်း ပါးလွှာသွားကာ နောက်ဆုတ်နေ၏။

နေ၏အလင်းတန်းများက အမှောင်ထုကို ထိုးဖောက်ကာရှေ့တိုးလာသည်။

'အား....ကျွတ်....ကျွတ်'

လုထင်း ညည်းညူရင်း မျက်လုံးဖွင့်လာသည်။

သူ၏တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေ၏။

ခြေလက်များ လှုပ်ရှား၍မရအောင် ဖြစ်နေ၏။

တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူလောင်နေသလို မျက်လုံးများလည်း ကျိန်းစပ်နေသည်။

လုထင်း မျက်လုံးဖွင့်လိုက်သောအခါ ပေါက်ပြဲနေသောခေါင်မိုးတစ်ခုကို စတင်တွေ့မြင်လိုက်ရသည်။

အပေါက်အပြဲများကြားမှ အလင်းရောင် တိုးဝင်လာ၏။

မီးခိုးရောင်ကောင်းကင်ကို တွေ့မြင်နေရ၏။

'ငါ...ငါဘယ်ရောက်နေပါလိမ့်'

လုထင်းစိတ်ထဲမှ ညည်းညူလိုက်၏။

လဲလျောင်းနေရာမှ လူးလိမ့်ထရန် ကြိုးစားလိုက်သောအခါ တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် နာကျင်သွားခြင်းကြောင့် ငြိမ်ငြိမ်ကလေး နေလိုက်ရ၏။

သူ၏ ကျောပြင်အောက်ဝယ် ကောက်ရိုးများ ရှိနေကြောင်း သတိပြုမိပြန်သည်။

ကောက်ရိုးပုံပေါ်ဝယ် နွေးနွေးထွေးထွေး အိပ်စက်အနားယူနေခဲ့သလို ရှိနေသည် မဟုတ်ပါလား။

သူသည် မည်သည့်နေရာ ရောက်ရှိနေပါသနည်း။

တွေးရင်းတွေးရင်း ဆရာကြီး နန်းကုန်းအား သွားရောက်ဂါရဝပြုခဲ့မိသည့် အဖြစ်ကို ပြန်လည်သတိရလာသည်။

တိုက်ပွဲဆင်နွှဲခဲ့ရပြီး နောက်ဆုံး ရွှေဝါရောင် ဝတ်ဆင်ထားသူကြောင့် အကြီးအကျယ် ဒုက္ခ ရောက် ခဲ့ ရ ကြောင်း လည်း အမှတ်ရလာသည်။

ရွှေဝါရောင် ဝတ်ဆင်ထားသူ၏ သိုင်းပညာမှာ ကြောက်မက်ဖွယ် ကောင်းအောင် ထက်မြက်နေသည် မဟုတ်ပါလား။

ရွှေဝါရောင် ဝတ်ဆင်ထားသူ၏ လက်ချက်ကြောင့် ဒုက္ခရောက်နေချိန်ဝယ် ပလွေရှင် ရောက်လာကြောင်း သတိရလာပြန်သည်။

သူ့အား ကယ်တင်လာသူမှာ ပလွေရှင်ဖြစ်ရမည် မဟုတ်ပါလား။

'ခင်....ခင်ဗျားဘယ်မှာလဲ'

လုထင်း၏စကားသံမသဲမကွဲ ထွက်ပေါ်လာလေသည်။

သူ၏နှုတ်ခမ်းများ ခြောက်သွေ့ အက်ကွဲနေသည်။

စကားပြောလိုက်ရခြင်းကြောင့် လည်ချောင်းများ အက်ကွဲနာကျင်သွား၏။

သူ၏စကားသံ ထွက်ပေါ်လာသော်လည်း တုံ့ပြန် စကားသံကား ထွက်ပေါ်လာခြင်း အလျဉ်းမရှိပါချေ။

လုထင်းက....

'ခင်....ခင်ဗျားဘယ်မှာလဲ'

ထပ်ခေါ်လိုက်၏။



ယခုတစ်ကြိမ် သူ၏ဝဲဘက်၌ လူတစ်ယောက် ဟောက်သံသဲ့သဲ့ ထွက်ပေါ်လာသည်ကို သတိပြုမိ လိုက်လေသည်။

'ဟင်....လူတစ်ယောက် ငါ့ဘေးမှာ အိပ်ပျော် နေပါလား၊ ငါ့ကို ကယ်တင်လာတဲ့လူပဲ ဖြစ်လိမ့်မည်ထင်တယ်'

စိတ်ထဲကျိတ်ပြီး ရေရွတ် လိုက်လေသည်။

ထိုစဉ်....

'အင်း....'

မသဲမကွဲညည်းညူသံ ထွက်ပေါ်လာသည်။

တဆက်တည်း လူတစ်ယောက်၏ လှုပ်ရှားသံ ထွက်ပေါ်လာသည်။

လုထင်းသတိပြုနေစဉ် သူ၏ဘေးသို့ လူတစ်ယောက် ရောက်ရှိလာကြောင်း တွေ့မြင်လိုက်ရလေသည်။

လုထင်းက....

'ခင်....ခင်ဗျားဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

ထိုစဉ်....

'မင်းသတိရနေပြီကိုး၊ တော်သေးတာပေါ့၊ မင်းသေသွားလိမ့်မယ်လို့တောင် ငါထင်နေတာ'

ရင်းနှီးပြီးသား စကားသံ ထွက်ပေါ်လာ၏။

ပလွေရှင်၏စကားသံဖြစ်လေသည်။

လုထင်းရင်ထဲ ပေါ့ပါးသွားသည်။

ပလွေရှင်၏ အသံကြားသည်နှင့် သူ၏ရင်ထဲ ခွန်အားများ တိုးပွားသလို ခံစားလိုက်ရသည်မဟုတ်ပါလား။

ပလွေရှင်ရှိနေသမျှ ကာလပတ်လုံး သူ့အား မည်သူမျှ ဒုက္ခပေး၍မရနိုင်ဟုလည်း ယုံကြည်ထား၏။

သို့သော်....

ပလွေရှင်မှာ မည်သူ ဖြစ်ပါသနည်း။

အဘယ့်ကြောင့် သူ့အား ကူညီနေရသနည်း။

ထိုသို့တွေးမိလျှင် ရင်ထဲ လှုပ်ရှားပြန်လေသည်။

လုထင်း တွေးတောနေစဉ်....

'မင်းကို ထွက်သွားပါလို့ ငါပြောသားပဲ၊ မင်းက ဆရာကြီးနန်းကုန်းဆီ သွားဖြစ်အောင် သွားသေးတာကိုး၊ ငါ့စကားနားမထောင်တဲ့ လုပ်ချင်ရာလုပ်တော့ ဒုက္ခ ရောက်တာပေါ့'

ပလွေရှင်၏ ပြစ်တင်စကားသံ ထွက်ပေါ်လာလေသည်။

လုထင်း ပြုံးလိုက်သည်။

သူ၏ အပြုံးကား ပီပြင်မှုမရှိပါချေ။

အားယူ၍....

'ကျုပ်....ကျုပ်.... ကတိပျက်မှာစိုး....'

'မင်းကသာ ကတိပျက်မှာစိုးနေ....သူတို့ကတော့ သိုင်းလောကစည်းကမ်းထောင် စောင့်ထိန်းမှုမရှိကြဘူး၊ မင်းကို တစ်ယောက်ပြီးတစ်ယောက် ဝိုင်းပြီး တိုက်ခိုက်ခဲ့ကြတယ် မဟုတ်လား'

'သူတို့က မတရား စွပ်စွဲကြတာဗျ'

'ငါပြောသားပဲ၊ သိုင်းလောကနဲ့ မပတ်သက်တဲ့ နေတာကောင်းမယ်၊ နို့မဟုတ်ရင် မင်းဒုက္ခရောက်မှာပဲ၊ မင်းကိုငါ တစ်သက်လုံး ကြည့်ရှုစောင့်ရှောက်နေနိုင်မှာမဟုတ်ဘူး'



လုထင်း ဒေါပွသွားလေသည်။

ပလွေရှင်ကို ကြည့်ကာ....

'ကျုပ်ကလဲ ခင်ဗျားကို တစ်သက်လုံး အားကိုး နေမှာမဟုတ်ဘူးဆိုတာ မှတ်ထားပါဗျာ'

'ဟား....ဟား....ဟား....'

ပလွေရှင်က သဘောကျစွာ ရယ်မောလိုက်သည်။

သူ၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာခြင်းကြောင့် လုထင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ပလွေရှင်ကို နားမလည်နိုင်စွာ ကြည့်ကာ....

'ခင်ဗျားဘာရယ်တာလဲဗျ'

'မင်းကိုသဘောကျလို့ပေါ့'

'ဘာ....'

'မင်းဟာအိပ်ရာ ကတောင် မထနိုင်သေးပေမယ့် မာန်မာနကတော့ မလျော့ဘူးမဟုတ်လား၊ ကောင်းပြီ မင်းကို ငါထားပစ်ခဲ့ရင် မင်းဘယ်လိုလုပ်မလဲ'

'ကိစ္စမရှိဘူး၊ ခင်ဗျားထွက်သွားနိုင်ပါတယ်'

'ကောင်းပြီ ငါသွားမယ်'

လုထင်း ပါးစပ်ပိတ်ထားလိုက်သည်။

မျက်နှာကို တစ်ဘက်လှည့်ထားလိုက်လေသည်။

ပလွေရှင် တီးတိုးရယ်မောလိုက်သည်။

သူ၏ ရယ်သံ တဖြည်းဖြည်း ဝေးသွား၏။

ခြေသံများ ထွက်ပေါ်လာပြီး အပြင်ဘက်သို့ ထွက်သွားမှုဖြစ်ကြောင်း သိလိုက်ရလေသည်။

လုထင်း ခံပြင်းသွား၏။

ပလေ့ရှင်၏ သဘောထားကို မည်သို့မျှ နားမလည်နိုင်ပါတော့ချေ။

ပလေ့ရှင်သည် အဘယ်ကြောင့် သူ့အား ကူညီခဲ့သနည်း။ အဘယ့်ကြောင့် သူ့အား တားမြစ်ခဲ့ပြန်သနည်း။

လုထင်း မျက်လုံးမှိတ်ထားလိုက်သည်။

ပြန်လည် အိပ်စက်ရန် ကြိုးစားလိုက်၏။

နေရောင်ခြည်များက သူ့မျက်နှာပေါ်သို့ ထိုးကျလာနေပါ၏။

လုထင်း အိပ်ရန် ကြိုးစားသော်လည်း အိပ်မရပါချေ။

ထို့ကြောင့် လူးလိမ့်လိုက်လေသည်။

လှုပ်ရှားသည်နှင့် တစ်ကိုယ်လုံး နာကျင်သွားပြန်လေသည်။

သို့သော် သူက ကျိတ်မှိတ်ခံထားပြီး လူးလိမ့်ထလိုက်လေသည်။

အတန်ကြာ ကြိုးစားပြီးမှ လူးလိမ့် ထလာနိုင်ခဲ့သည်။

သူ၏ ဦးခေါင်းမှာ မူးနောက်နေပါ၏။

'ငါ အားလျှော့လို့ မဖြစ်ဘူး၊ ငါ့မှာ လုပ်စရာတွေ အများကြီး ရှိသေးတယ်၊ ငါ ထွက်သွားမှဖြစ်မယ်'

တွေးရင်း ကြိုးစားထလိုက်၏။

ထိုစဉ် အပြင်ဘက်မှ မွှေးကြိုင် သင်းပျံ့နေသော အနံ့အသက်များ အတွင်းဘက်သို့တိုင် ဝင်ရောက်လာလေသည်။

လုထင်း အံ့ဩသွားသည်။

'ဘာအနံ့ပါလိမ့်'



သူက နှာခေါင်းတရှုံ့ရှုံ့ဖြင့် ရှူရှိုက်လိုက်သည်။

ထိုအခါ ဆေးဝါးကျိုချက်နေရာမှ ထွက်ပေါ်လာသည့် အနံ့အသက်များဖြစ်ကြောင်း သိလိုက်ရ၏။

'ဘယ်သူက ဆေးကျိုနေတာလဲ'

တွေးရင်း အပြင်ဘက်ထွက်သွား၏။

အတော်ကြာအောင် ကြိုးစားပြီးမှ အိမ်အပေါက်ဝသို့တိုင် လှမ်းသွားနိုင်ခဲ့လေသည်။

• • •

အိမ်အိုပျက်တစ်လုံးအတွင်း၌ရှိနေသည် မဟုတ်ပါလား။

အိမ်အပေါက်ဝရောက်လျှင် နံရံကိုမှီ၍ရပ်ကာ အပြင်ဘက် လှမ်းကြည့်လိုက်လေသည်။

ထိုအခါ အိမ်ရှေ့မြေကွက်လပ်တွင် မီးပုံတစ်ခု ရှိနေပြီး မီးပုံအနား၌ လူတစ်ယောက် ထိုင်နေသည်ကို တွေ့ရ၏။

ထိုလူမှာ ပလေ့ရှင်ဖြစ်လေသည်။

လုထင်း မကျေမနပ် ဖြစ်သွားပြီး....

'ခင်ဗျား ထွက်မသွားသေးဘူးကိုး'

ဟု ပြောလိုက်လေသည်။

ပလေ့ရှင် လှည့်ကြည့်လာသည်။

လုထင်း ထွက်လာသည်ကိုမြင်လျှင် သဘောကျစွာ ပြုံးလိုက်သည်။

'ဘာလဲ ငါမသွားဘူးဆိုရင် မင်းသွားမလို့လား'

ဟု ပြန်မေးလိုက်သည်။

လုထင်း ဒေါပွသွား၏။

'စိတ်ချ ခင်ဗျားမသွားရင် ကျုပ်သွားမယ်'

ပြောပြီး အပြင်ဘက် လှမ်းထွက်လိုက်၏။

သို့သော် ခြေတစ်လှမ်းနှစ်လှမ်းမျှသာ လှမ်းလိုက်ရသေးသည် မဟန်နိုင်ဘဲ မြေပေါ် ဝုန်းခနဲ လဲကျသွားသည်။

'ဟား....ဟား....ဟား'

ပလေ့ရှင် သဘောကျစွာ ရယ်မောလိုက်သည်။

လုထင်း မြေပေါ်မှ လူးလိမ့်ထလိုက်၏။

ပလေ့ရှင်က....

'အခုနေ မင်းသားလေးကျင်းစိန် ရောက်လာရင် သိပ်ကောင်းမှာပဲ'

ဟု ပြောလာပြန်သည်။

လုထင်းက မြေပေါ်မှာ လဲကျနေရာမှပင်....

'ဘာပြောတယ်၊ မင် သားလေးကျင်းစိန် ဟုတ်လား၊ ကျုပ်က သူ့ကို ကြောက်မယ်များ ထင်သလား'

ဟု အော်ပြောလေသည်။

ပလေ့ရှင် ပခုံးတွန့်လိုက်သည်။



'မပြောတတ်ဘူးလေ၊ မင်းသားလေး ကျင်းစိန်ကတော့ အတော့်ကို သဘောကျသွားမှာပဲ'

လုထင်း အံကြိတ်လိုက်သည်။

ပလေ့ရှင် သက်ပြင်းချလိုက်သည်။

'မင်းဟာ သိုင်းလောကက ထွက်သွားပါ ဆိုတော့လဲ မသွားနိုင်ဘူး၊ နေမယ်ဆိုတော့လဲ ခံနိုင်ရည်မရှိဘူး၊ ဘယ်လို လုပ်မလဲ၊ ယောကျ်ားပဲ ဒီလောက်တော့ အနာခံနိုင်ရမှာပေါ့'

'ခင်ဗျား ကိုယ်ချင်းမစာတတ်ဘူးလား'

လုထင်းက အားကျမခံ ပြန်လည် အော်ပြောလိုက်သည်။

ပလေ့ရှင်က....

'သိပ်ပြီးတော့ ကိုယ်ချင်းစာတတ်တာပေါ့ကွာ၊ ဒါကြောင့်လဲ့ မင်းကို ကူညီခဲ့တာပေါ့'

ကိုယ်ချင်းစာတတ်လို့ ကျုပ်ကိုကူညီတာ'

'ဟုတ်တယ်၊ မင်းနဲ့ငါနဲ့က အဖြစ်ချင်း ခပ်ဆင်ဆင်တူနေတာကိုး'

လုထင်း အံ့ဩသွားလေသည်။

ပလေ့ရှင်က...

'မင်း ကျန်းမာလာဖို့ အရေးကြီးတယ်၊ မင်းနေကောင်းလာတဲ့အခါမှ ငါပြောပြပါ့မယ် ဟုတ်ပြီလား၊ ကဲ....ငါက ဆေးကျိုလိုက်ဦးမယ်၊ မင်းအထဲဝင်ပြီး အနားယူနေပေါ့'

ဟု ပြောလိုက်လေသည်။

လုထင်း ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားလေသည်။ ပလွေရှင်က အား လုံးဝ ဂရုမစိုက်တော့ဘဲ မီးပုံရှိရာသို့ လှမ်းသွားလေသည်။

မီးပုံပေါ်၌ မြေကရားတစ်လုံးတပ်ဆင်ထားပြီး ဆေးကျိုချက်နေခြင်း ဖြစ်ပေသည်။

လုထင်း စိတ်လျော့လိုက်သည်။

မြေပေါ်မှ လူးလိမ့်ထကာ အိမ်ပျက်ထဲသို့ ပြန်ဝင်သွားလေတော့သည်။

## ဘဝက ကြမ္မာ

သုံးရက်....

သုံးရက်ဟူသောအချိန် ကုန်ဆုံးသွားပြီ ဖြစ်သည်။

လုထင်းမှာ အတော်ကြီး သက်သာလာပြီ ဖြစ်လေသည်။

ပလွေရှင်၏ ဂရုစိုက်ကုသပေးမှုကြောင့် ထူထူထောင်ထောင် ဖြစ်လာသည်။

အိမ်ပျက်အပြင်သို့ပင် သွက်သွက်လက်လက် ဝင်နိုင်ထွက်နိုင်နေပြီ ဖြစ်လေသည်။

ယနေ့နံနက်စောစော နှင်းကျနေသည်။

လုထင်း အပြင်ဘက်ထွက်လာသည့်အခါ ပလွေရှင်က မီးပုံဘေး၌ ထိုင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

လုထင်း ထွက်လာသည်ကိုမြင်လျှင် လက်ယပ် ခေါ်လိုက်လေသည်။

လုထင်းက လှမ်းသွားပြီး မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်။

ပလေ့ရှင်က သူ့အား ပြုံးပြလိုက်သည်။

‘ဘယ်လိုလဲ မင်းသက်သာရဲ့လား’

ဟု မေးလေသည်။

လုထင်း ခေါင်းညိတ်လိုက်သည်။

‘သက်သာပါတယ်ဗျာ’

‘သက်သာရမှာပေါ့၊ မင်းကိုငါက အကောင်းဆုံးဆေးမြစ်တွေ၊ အစွမ်းအထက်ဆုံး ဆေးဝါးတွေ တိုက်ကျွေးခဲ့တာကိုး’

‘ခင်ဗျား ဘာကြောင့် ကျုပ်အပေါ် ဒီလောက်တောင်ကောင်းရတာလဲ’

ပလေ့ရှင်က....

‘ငါပြောပြီးပြီပဲ၊ မင်းနဲ့ငါဟာ ဘဝတူတွေပါလို့’

‘ဘဝတူဟုတ်လား’

‘ဟုတ်တယ်လေ’

‘ဘဝတူဆိုတော့ ခင်ဗျားလဲ မိဘမဲ့တစ်ကောင်ကြွက်ပေါ့’

‘သိပ်မှန်တာပေါ့ကွာ’

‘ခင်ဗျားမိဘတွေ ညီအစ်ကိုမောင်နှမတွေဟာ သူများလက်ချက်နဲ့ သေဆုံးကုန်ကြတယ် ဟုတ်လား’

ပလေ့ရှင်၏မျက်လုံးများ ရီဝေနေသည်။

အတိတ်ကို တွေးရင်း ဝမ်းနည်းကြေကွဲနေဟန် ရှိလေသည်။



လုထင်းက အလိုက်တသိ ထပ်မမေးတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

ပလေ့ရှင် အတန်ကြာ ငိုင်နေပြီးမှ....

‘ကျုပ်မိဘတွေက သွေးရိုးသားရိုး သေဆုံးသွားတာပါ၊ သူများလက်ချက်ကြောင့် မဟုတ်ပါဘူး’

‘ဒါဖြင့် ခင်ဗျားညီအစ်ကိုမောင်နှမတွေက’

‘ကျုပ်က တစ်ဦးတည်းသောသားပါ၊ ညီအစ်ကိုမောင်နှမ မရှိပါဘူး’

လုထင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

‘ခင်ဗျားက ကျုပ်နဲ့ ဘဝတူလို့လဲ ပြောသေးတယ်၊ အခုတော့ ဘာတစ်ခုမှလဲ မတူပါလားဗျာ’

ပလေ့ရှင် လက်ဝေ့ယမ်းပြလိုက်ပြီး....

‘မတူတာတွေရှိပေမယ့် တူတာတွေလဲ ရှိပါသေးတယ်’

‘ဘယ်လိုတူတာလဲဗျ’

‘မင်းရဲ့မိဘ အစ်ကိုမောင်နှမတွေ သေဆုံးသွားကြသလို ကျုပ်ရဲ့ဇနီးသည်လဲ သေဆုံးသွားခဲ့ရတယ်လေ’

‘ဗျာ....ခင်ဗျားမှာ ဇနီးရှိတယ်ဟုတ်လား’

‘ဟုတ်တယ်’

‘ခင်ဗျားဇနီးက သူများလက်ချက် မိသွားတာပေါ့ ဟုတ်လား’

‘ဟုတ်တယ်’

လုထင်း စိတ်မကောင်းဖြစ်သွားသည်။

ပလေ့ရှင်သည် ကရုဏာသက်ဖွယ် ကောင်းသူတစ်ယောက် ဖြစ်နေသည်ဟု သိရသောအခါ အံ့သြစိတ်များ ဖြစ်ပေါ်လာသည်။

ပလေ့ရှင်၏ ဇနီးကား မည်သူနည်း။

မည်သူက လုပ်ကြံလိုက်ပါသနည်း။

လုထင်း တွေးတောနေစဉ်မှာပင် ပလေ့ရှင်၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ပလေ့ရှင်က....

'ကျုပ်ဇနီးကို ကျုပ် သိပ်ချစ်ခဲ့တာပေါ့၊ ကျုပ်တို့ ဇနီးမောင်နှံ ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင် ရှိနေတုန်းမှာပဲ မမျှော်လင့်ဘဲ အန္တရာယ်နဲ့ ကြုံတွေ့ခဲ့ပြီး ကျုပ်ဇနီး သေသွားတယ်လေ'

'ခင်ဗျားဇနီးနာမည် ဘယ်လိုခေါ်သလဲဟင်'

ပလေ့ရှင်က သူ့အား တစ်ချက် အကဲခတ်ကြည့်လိုက်၏။

လုထင်းကလည်း သူ့အား ငေးကြည့်နေ၏။

ပလေ့ရှင်က....

'ကျုပ် ဘယ်သူ ဘယ်ဝါဆိုတာ သိချင်လို့ ကျုပ်ဇနီးအကြောင်း မေးလိုက်တာလား'

ဟု မေးလိုက်သည်။

လုထင်း ဘာမှမပြောဘဲ ပါးစပ်ပိတ်သွားလိုက်၏။

ပလေ့ရှင် သက်ပြင်းချလိုက်သည်။

'အင်းလေ....မင်းကိုပြောပြမယ်လို့ ဆုံးဖြတ်ထားတာပဲ၊ လျှို့ဝှက်ထားစရာ မလိုတော့ဘူးပေါ့'

ဆုမွန်ကျော် စာရေမှ



စကားဆုံးလျှင် လက်ဝါးဖြင့် မျက်နှာကို အသာအယာ သပ်ချလိုက်သည်။

သူ၏မျက်နှာပေါ်မှ မျက်နှာဖုံးအတု ကွာကျသွားပြီး ခန့်ညားသော လူတစ်ယောက်၏ရုပ် ထွက်ပေါ်လာသည်။

ထိုလူ၏ မျက်နှာကိုမြင်လျှင် လုထင်း ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

ထိုလူအား မယုံကြည်နိုင်စွာကြည့်ရင်း....

'ခင်....ခင်ဗျား'

ပလေ့ရှင် ပြုံးလိုက်သည်။

'မင်း အံ့သြနေသလား'

လုထင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ခင်ဗျား ဖြစ်နေလိမ့်မယ်လို့ ကျုပ် မထင်မိဘူးဗျ'

'ဟဲ....ဟဲ....လောကမှာ မထင်မှတ်တာတွေ အများကြီး ဖြစ်တတ်တယ် မဟုတ်လား'

လုထင်း သက်ပြင်းချလိုက်သည်။

'ခင်ဗျားက သင်းချိုင်စောင့် ဟုတ်လား'

'သင်းချိုင်းမှာ နဂိုရ်ကတည်းက အစောင့်မရှိဘူး၊ ကျုပ်က သွားနေတော့ မြို့ခံလူတွေ သဘောကျကြတာပေါ့၊ ကျုပ်ကို သင်းချိုင်းစောင့်လို့ သဘောထားကြတယ်၊ ခိုင်းခဲ့ကြတယ်လေ'

'ခင်ဗျားကလဲ မငြင်းဘူးလား၊ သူများခိုင်းသမျှ လုပ်ခဲ့တာပဲလား'

'အသုဘကိစ္စ ကူညီဆောင်ရွက်ပေးရတာ ကုသိုလ်ရပါတယ်ကွာ၊ ပြီးတော့ ကျုပ်မှာ အကြောင်းရှိသေးတယ်လေ၊ ကျုပ်နဲ့ သင်းချိုင်းမြေဟာ အလိုက်ဖက်ဆုံး ဖြစ်နေတာပေါ့၊ ဒါကြောင့် သုဘရာဇာ သင်းချိုင်းစောင့်အဖြစ် သဘောတူ လက်ခံလိုက်တာပဲ'

'ကဲ…ပြောစမ်းပါဦးဗျာ၊ ခင်ဗျားဇနီးက…'

ပလေ့ရှင် လက်ကာပြလိုက်သည်။

'မင်းနဲ့ငါ ညီအစ်ကိုဖွဲ့ထားတာ မေ့နေပြီလား'

လုထင်း ပြုံးလိုက်သည်။

ဦးခေါင်း ဆတ်ခနဲညိတ်ကာ…

'ကျွန်တော် မမေ့ပါဘူး၊ အစ်ကိုကြီး အာချီဟာ ကျွန်တော့်ရဲ့ တစ်ဦးတည်းသော မိတ်ဆွေပါပဲ'

'ဟား….ဟား….ဟား….'

ပလေ့ရှင်က သဘောကျစွာ ရယ်မောလိုက်၏။

ပလေ့ရှင်သည် လုထင်းနှင့် မိတ်ဆွေဖွဲ့ခဲ့သည့် သင်းချိုင်းစောင့် အာချီ ဖြစ်နေ ည် မဟုတ်ပါလား'

လုထင်းက….

'အစ်ကိုကြီးရဲ့ ဇနီးက ဘယ်သူလဲ ပြောပြစမ်းပါဦး'

ဟု မေးလိုက်၏။

အာချီ ရယ်မောရာမှ ရပ်တန့်သွားသည်။

သူ၏မျက်နှာမှ အပြုံးများသည်း တဖြည်းဖြည်း ကွယ်ပျောက်သွားသည်။

လုထင်း ငြိမ်နေလိုက်သည်။



အတော်လေးကြာမှ အာချီ လက်ပြင်းချကာ….

'ကျုပ်ရဲ့ ဇနီးနာမည် ယဉ်မင်းဝါးလို့ ခေါ်တယ်၊ စန်းတုန်း ခရိုင် ဇာတိပေါ့၊ သူဟာလဲ သိုင်းပညာတတ်တယ်၊ သိုင်းလောကမှာ ကျင်လည်ကျက်စားခဲ့တယ်လေ'

'အစ်ကိုကြီးတို့ သိုင်းလောကမှာ ဆုံတွေ့ခဲ့ကြ တာပေါ့ ဟုတ်လား'

'ဟုတ်တယ်လေ သူနဲ့ ဆုံတွေ့ပြီး တို့နှစ်ယောက် မေတ္တာ သက်ဝင်ခဲ့ကြတယ်၊ အိမ်ထောင် ပြုလိုက်ကြတယ်၊ ဒါပေမယ့် မကြာပါဘူး၊ တို့နှစ်ယောက်ရဲ့ ပျော်ရွှင်မှုဟာ ရက်မကူးလိုက်ပါဘူး'

'ဘယ်လို ဖြစ်တာလဲဟင်'

'တို့နှစ်ယောက် လက်ထပ်ပြီးတဲ့ညမှာပေါ့'

အာချီ အဝေးသို့ မျှော်ကြည့်လိုက်၏။

ဆို့နင့်ကြေကွဲနေသည့် စကားသံဖြင့် အတိတ် ဖြစ်ရပ်များကို ပြောပြ လိုက်လေတော့သည်။

* * *

မင်းလမ်းမအတိုင်း မောင်းနှင်လာသည့် မြင်း နှစ်ကောင်သည် ရွှေကရားစားသောက်ဆိုင် ရှေ့သို့ ရောက်ရှိ လာလျှင် ရပ်တန့်သွားလေသည်။

မြင်းစီးလာသူ နှစ်ယောက်ကား ယောကျ်ား ပီသသည့် လုလင်တစ်ယောက်နှင့် ချောမောလှပသည့် မိန်းကလေး တစ်ယောက်တို့ ဖြစ်ကြပေသည်။

သူတို့နှစ်ယောက်သည် မြင်းလှည်းပေါ်မှ ဆင်းပြီးသည်နှင့် လုထင်းက....

'ညီမလေး အစ်ကိုတို့ ဒီမှာပဲ တည်းခိုလိုက်ကြရင် ကောင်းမယ်'

ဟုပြောလေသည်။

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

'အစ်ကို သဘောပဲလေ'

'ဒီမှာ တစ်ညနားပြီးမှ ခရီးဆက်ကြတာပေါ့၊ ကျန်းနန်ကို ရောက်ဖို့ အတော်လိုပါသေးတယ်၊ အေးအေးဆေးဆေး သွားကြတာပေါ့ညီမရယ်'

'ကောင်းပါပြီရှင်'

လုထင်းနှင့် မိန်းကလေး သည်ကား မကြာသေးမီ ကမှ လက်ထပ်ခဲ့ကြသည့် ချင်းသက်ထင်းနှင့် ယဉ်မင်းဝါးတို့ ဖြစ်ကြလေသည်။

ချင်းသက်ထင်းနှင့် ယဉ်မင်းဝါးသည် ကျန်းနန်း နယ်သို့ များရည်ဆမ်းခရီး ထွက်လာကြရင်း ဤမြို့ကလေး၌ ခရီး တစ်ယောက် နားကြခြင်း ဖြစ်ပေတော့သည်။



သူတို့နှစ်ယောက် စားသောက်ဆိုင်ထဲ ဝင်ကာ စားသောက်ဖွယ်ရာများ မှာကြားလိုက်သည်။

စားသောက်ဆိုင်နှင့် တည်းခိုခန်း တွဲဖက် ဖွင့်လှစ်ထားရကား တစ်ညတာတည်းခိုရန် တစ်ခန်း ငှားရမ်းလိုက်ကြလေသည်။

စားသောက်ဆိုင်ထဲ၌ လူစည်ကားနေပါ၏။

လိုက်ဘက်ညီလှသည့် ချင်းသက်ထင်းနှင့် ယဉ်မင်းဝါးတို့ စုံတွဲကို စားသောက်နေသူများ ဝိုင်းကြည့်ကြ၏။

လူငယ်လူရွယ်များက ချင်းသက်ထင်းကို အားကျနေကြပြီး မိန်းကလေးများက ယဉ်မင်းဝါကို အားကျမိကြလေသည်

ချင်းသက်ထင်းနှင့် ယဉ်မင်းဝါးတို့က စားပွဲ တင်လုံး၌ ထိုင်ကာ စားသောက်ဖွယ်ရာများ မှာကြား စားသောက်လိုက်ကြလေသည်။

စားသောက်ရင်း ယဉ်မင်းဝါးက....

'အစ်ကို သူများတွေကြည့်နေတယ်'

ဟုအသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

ချင်းသက်ထင်း ပြုံးလိုက်သည်။

'သူများကြည့်တာပဲ ဘာဖြစ်ရမှာလဲ ညီမရယ်'

'မဟုတ်သေးဘူး အစ်ကို၊ သူတို့အကြည့်က မရိုးသားဘူး'

'ဟင်....ဘယ်သူတွေလဲ'

'ဝဲဘက် ထောင့်ဆုံး စားပွဲမှာ ထိုင်နေသူတွေကို ကြည့်လိုက်ပါ'

ချင်းသက်ထင်းက မသိမသာ အကဲခတ် ကြည့်လိုက်လေသည်။

ထိုအခါ....

ယဉ်မင်းဝါး ညွှန်ပြသည့် ဘက်၌ လူငါးယောက် ဝိုင်းဖွဲ့ထိုင်နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူငါးယောက်မှာ အနက်ရောင် အဝတ်အစားများကို ဝတ်ဆင်ထားကြပြီး ခါး၌ ဓားတစ်လက်စီ ချိတ်ဆွဲ ထားကြလေသည်။

သူတို့သည် ယဉ်မင်းဝါးကို မျက်တောင်မခတ် စိုက်ကြည့်နေသည်ကိုမြင်လျှင် ချင်းသက်ထင်း ဝန့်တိုသွားလေသည်။

ထိုလူများကို ခပ်တည်တည် စိုက်ကြည့်ပစ်လိုက်၏။

သူကမျက်နှာထား တင်းတင်းဖြင့် စိုက်ကြည့်လိုက်သည်ကို မြင်လျှင် ထိုလူငါးယောက်အနက် တစ်ယောက်က....

'ရွှေမင်းသမီးလေး ဘေးက ယက္ခကြီးကတော့ ကြောက်စရာကောင်းတယ်ကွ'

ဟုပြောလိုက်ရာ ကျန်လူများ ဝါးခနဲ ရယ်မောလိုက်ကြလသည်။



သူတို့၏ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ချင်းသက်ထင်း မကျေမနပ် ဖြစ်သွားလေသည်။

ထိုင်ရာမှ ဆတ်ခနဲထရန် ဟန်ပြင်လိုက်၏။

'အစ်ကို သတိထားပါ၊ သူများနဲ့ ဘာကြောင့် ရန်ဖြစ်ချင်တာလဲ'

ယဉ်မင်းဝါးက သူ၏သက်ကိုဆွဲကာ သတိပေးလိုက်လေသည်။

ချင်းသက်ထင်းက....

'သူတို့က အစ်ကိုတို့ကို စောင်းမြောင်း ပြောဆိုနေကြတာ မကြားဘူးလား'

ယဉ်မင်းဝါ ပြုံးလိုက်သည်။

'ကျွန်မတို့ကိုပြောတာ ဟုတ်ချင်မှ ဟုတ်မှာပါ၊ သူတို့ကို အရေးမစိုက်ပါနဲ့ရှင်'

ဟု ပြောလေသည်။

ချင်းသက်ထင်းလည်း ဒေါသကို ချုပ်တည်း ထားလိုက်ရလေသည်။

သူသည် သဘောကောင်းသည်။

ရိုးသားပွင့်လင်းသည်။

သူတစ်ပါးအား ကူညီလိုစိတ်ရှိသည်။

သို့သော် ယဉ်မင်းဝါးနှင့် ပတ်သက်လျှင်ကား လုံးဝသည်းမခံနိုင်။ ဒေါသတကြီး ဖြစ်တတ်လေသည်။

ယဉ်မင်းဝါးလည်း စားသောက်ခြင်းကို လက်စသပ်ကာ....

'ကဲ....အစ်ကို၊ ကျွန်မတို့သွားပြီး အနားယူကြရအောင်'

ပြောရင်း ချင်းသက်ထင်း၏ လက်ကိုဆွဲကာ ထိုင်ရာမှ ထလိုက်သည်။

ချင်းသက်ထင်း ဘာမှမပြောဘဲ လိုက်သွား၏။

သူတို့နှစ်ယောက်မှာ စားသောက်ဆိုင်အပေါ်က တည်းခိုခန်းများဆီသို့တက်ရန် လှေကားဆီသို့ လျှောက်သွားကြရာ အနက်ရောင် ဝတ်ဆင်ထားသူများအားမှ ဖြတ်သွားရသည်။

သူတို့နှစ်ယောက် လှမ်းလာနေသည်ကို မြင်လျှင် အနက်ရောင် ဝတ်ဆင်ထားသူတစ်ယောက်က ခြေထောက်ကို တမင်ရှေ့သို့ ဆန့်ထုတ်လိုက်ပြီး မသိဟန်ဆောင်နေလိုက်သည်။

ယဉ်မင်းဝါး ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။

ချင်းသက်ထင်း ဒေါသမထိန်းနိုင်ပါတော့ချေ။

'ခင်ဗျားတို့ ဘာလုပ်တာလဲ'

ဟု အော်ဟောက်လိုက်သည်။

သူ၏စကားကြားလျှင် အနက်ရောင် ဝတ်ဆင်ထားသူတစ်ယောက် ဆတ်ခနဲ ထရပ်လိုက်ပြီး....

'ဘာပြောတာလဲကွ'

ဟု ခပ်ထန်ထန် ပြန်မေးလာသည်။

ချင်းသက်ထင်းက...

'ခင်ဗျားတို့ တမင်သက်သက် နှောင့်ယှက်ချင်နေကြတယ် မဟုတ်လား၊ ကျုပ်က ရှေ့ဆက်သည်းခံနိုင်တော့မှာ မဟုတ်တူး ဆိုတာ မှတ်ထားပါ'

ဟု ခါးထောက် ပြောလိုက်၏။



ထိုလူ မဲ့ပြုံး ပြုံးကာ....

'ကျုပ်က နှောင့်ယှက်တယ်ဟုတ်လား၊ ငကားကြည့်ပြောပါကွာ၊ မိန်းမချောတစ်ယောက်အားမှာ ရှိတယ်ဆိုပြီး မိုးမမြင်လေမမြင် ဖြစ်မနေစမ်းပါနဲ့ကွာ'

'ဘာ....ဘာပြောတယ်'

'ဟား....ဟား....ဟား၊ မင်းရဲ့အားက မိန်းမချောလေးဟာ ငါတို့ရဲ့ မင်းသားလေးနဲ့ပဲ ထိုက်တန်ပါတယ်၊ မင်းလိုလူမျိုးနဲ့ဆိုရင် နွားနှစ်တဲ့ ပတ္တမြားလို ဖြစ်သွားတော့မှာ ပေါ့ကွာ၊ ဟား....ဟား....ဟား'

ကျန်လူများလည်း သဘောကျစွာ တဟားဟား ရယ်မောလိုက်ကြသည်။

ရယ်သံများ ကျွက်ကျွက်ညံသွား၏။

* * *

ဆိုင်ထဲ၌ စားသောက်နေကြသည့် တစ်ခြားလူများလည်း ဝိုင်းဝန်း ရယ်မောလိုက်ကြသည်။

ချင်းသက်ထင်း၏မျက်နှာ နီရဲသွားသည်။

'တောက်၊ မင်းသေချင်ပြီထင်တယ်'

ပြောပြောဆိုဆို ထိုလူထံသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။

ထိုလူမှာ ချင်းသက်ထင်းတိုက်ခိုက်လာမည်ဟုမထင်မိပါချေ။

ထို့ကြောင့် ရှောင်တိမ်းနိုင်စွမ်း မရှိတော့ချေ။

'ဝုန်း'

'အား'

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

ထိုလူမှာ အနောက်ဘက် လွင့်စဉ်သွားပြီး စားပွဲပေါ်သို့ ခြေကားယား လက်ကားယား ပြုတ်ကျသွားသည်။

စားပွဲပေါ်မှဟင်းလျာပန်းကန်များ၊အရက်ခွက်များ၊အရက်အိုးများ ကြမ်းပြင်ပေါ်ကျကာ တခွမ်းခွမ်း ကွဲကျေကုန်သည်။

တစ်ယောက်ခံလိုက်ရသည်ကို မြင်လျှင် ကျန်လေးယောက် ဝုန်းခနဲ ထရပ်လိုက်ကြသည်။

စားသောက်ဆိုင်အတွင်း ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

ယဉ်မင်းဝါ ရင်ထိတ်သွား၏။

ချင်းသက်ထင်း၏လက်ကိုဆွဲကာ....

'လာပါ အစ်ကိုရယ်၊ ကျွန်မတို့ သွားကြပါစို့'

ပြောပြီး ထွက်သွားရန် ခြေလှမ်း ပြင်လိုက်လေသည်။ သို့သော် သူတို့ ထွက်မသွားနိုင်ကြပါတော့ချေ။

အကြောင်းမှာ....

အနက်ရောင်ဝတ်ဆင်ထားသူ ငါးယောက်က ဓားကိုယ်စီဆွဲထုတ်ကာ ဝိုင်းရံထားလိုက်ကြခြင်း ဖြစ်လေသည်။

ချင်းသက်ထင်းက....



'ညီမ နောက်ဆုတ်လိုက်'

ပြောရင်း ယဉ်မင်းဝါးကို သူ၏အနောက်သို့ ဆွဲယူလိုက်ပြီး ရှေ့မှရပ်ကာ အကာအကွယ် ပြုထားလိုက်လေသည်။

စားသောက်နေသူများကား တိုက်ပွဲ ဖြစ်ပွားလာသည်ကိုမြင်လျှင် ဝရုန်းသုန်းကား ထွက်ပြေးသွားကြလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူ ငါးယောက်က ဓားကိုယ်စီ ဆွဲကိုင်ကာ ချင်းသက်ထင်းတို့အား ဝိုင်းရံထားလိုက်ကြပြီ ဖြစ်သည်။

ချင်းသက်ထင်း၏ လက်ချက်မိသွားသူ မျက်နှာမှာ အညိုအမည်းစွဲနေ၏။

မျက်လုံးတစ်ဘက် ပိတ်သွားသည် အထိ ဖူးရောင် သွားသည်။

ထိုလူက အံတင်းတင်းကြိတ်ရင်း....

'မင်းက ငါ့ကိုစော်ကားပုံတယ်ဆိုတော့ ဘယ်ဆိုးလို့တုန်း၊ သေဖို့သာ ပြင်ထားပေတော့'

စကားဆုံးလျှင် ဓားဝှေ့ယမ်းကာ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

'အစ်ကို....သတိထား'

ယဉ်မင်းဝါးက အထိတ်တလန့်ဖြစ်ကာ သတိပေးလိုက်လေသည်။

ချင်းသက်ထင်း အံကြိတ်ရင်း....

'ဘာမှမပူနဲ့ ညီမ၊ သူတို့ကို မှတ်လောက်သားလောက် ဖြစ်အောင် အစ်ကိုဆုံးမလိုက်မယ်'

ပြောရင်း ခါးမှ ဓားဆွဲထုတ်ကာ ပြန်လည် ခုခံတိုက်ခိုက်လိုက်လေသည်။

ကျန်ရှိနေသေးသည့် အနက်ရောင် ဝတ်ဆင်ထားသူ လေးယောက်ကလည်း ဝိုင်း၍ တိုက်ခိုက်ကြလေသည်။

ယဉ်မင်းဝါး မနေနိုင်ပါတော့ချေ။

သူမလည်း ဓားတစ်လက်ဆွဲထုတ်ကာ တိုက်ပွဲအတွင်းသို့ ပါဝင် တိုက်ခိုက်လိုက်လေသည်။

ဓားသောက်ဆိုင်အတွင်းဝယ် ပြင်းထန်သော တိုက်ပွဲတစ်ခု ရုတ်ခြည်းဖြစ်ပေါ်လာလေတော့သည်။

* * *

ဆိုင်ရှင်နှင့် ဆိုင်လုလင်များသည် ကြက်ပျောက်ငှက်ပျောက် ပျောက်ဆုံးသွားပြီ ဖြစ်လေသည်။

ချင်းသက်ထင်းနှင့် ယဉ်မင်းဝါးတို့ တက်ညီလက်ညီ တိုက်ခိုက်လိုက်လျှင်....

'အား....'

'အင့်....'

'အမယ်လေး'



အနက်ရောင်ဝတ်ဆင်ထားသူများမှာ စူးရှစွာအော်ဟစ်ကာ နောက်ဆုတ်သွားကြရလေသည်။

သူတို့၏ခန္ဓာကိုယ်ပေါ်ဝယ် ဒဏ်ရာဒဏ်ချက်အသီးသီး ရရှိသွားကြပြီဖြစ်လေသည်။

ထိုလူငါးယောက် အံ့သြနေကြ၏။

ရှေ့ဆက်တိုက်ခိုက်ရန် မဝံ့မရဲ ဖြစ်နေကြလေသည်။ ချင်းသက်ထင်းမှာ ယဉ်မင်းဝါးလည်း ပါဝင် တိုက်ခိုက်လာသည်ကို မြင်လျှင် စိုးရိမ် ပူပန်သွားပြီး....

'ညီမ ဘာဖြစ်လို့ ဝင်လာရတာလဲ၊ ဘေးဖယ်နေလိုက်ပါ၊ သူတို့ကို အစ်ကို ကောင်းကောင်းကြီး ဆုံးမနိုင်ပါတယ်'

ဟု သတိပေးလိုက်လေသည်။

ယဉ်မင်းဝါး ခေါင်းယမ်းလိုက်သည်။

'ကျွန်မ မသွားဘူး၊ သေလဲအတူတူ ရှင်လဲ အတူတူပေါ့...၊ အစ်ကိုနဲ့လက်တွဲပြီး ရန်သူတွေကို ရင်ဆိုင်မယ်'

ဟု ပြတ်သားစွာ ပြောလေသည်။

သူမ၏စိတ်သဘောထားသိရလျှင် ချင်းသက်ထင်း အလွန်ပင် ကျေနပ် ပီတိဖြစ်သွားရလေတော့သည်။

သူ၏ ဇနီးသည်သည် သူ့အပေါ် သစ္စာရှိလှသည်မဟုတ်ပါလား....။

ချင်းသက်ထင်း၏မျက်နှာ ပြုံးရွှင်သွားတော့၏။

အနက်ရောင် ဝတ်ဆင်ထားသူ ငါးယောက်မှာ သူတို့စကား ပြောဆိုနေကြသည်ကို အခွင့်ကောင်းယူကာ အလစ်ဝင်တိုက်ခိုက်ရန် တာစူလိုက်ကြ၏။

ထိုစဉ်မှာပင်....

'ရပ်လိုက်ကြစမ်း'

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူ ငါးယောက် တုံ့ခနဲ ဖြစ်သွားကြပြီး ချက်ချင်းနောက်ဆုတ် သွားကြလေသည်။

ချင်းသက်ထွင်းနှင့် ယဉ်မင်းဝါးကို လှမ်းကြည့်လိုက်ကြ၏။ ထိုအခါ စားသောက်ဆိုင်ထဲသို့ အသက်နှစ်ဆယ်ကျော်ခန့်ရှိ လူငယ်လေးတစ်ယောက် လှမ်းဝင်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

• • •

ထိုလူငယ်မှာ တစ်ကိုယ်လုံး အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး လက်ထဲ၌ နံ့သာယပ်တောင်တစ်ချောင်းကိုင်ကာ တဖျပ်ဖျပ်ယပ်ရင်း စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လာနေပါသည်။

ရုပ်ရည် ချောမောခန့်ညားပြီး မျက်နှာ ပြုံးရွှင်နေလေသည်။



မင်းညီမင်းသားတစ်ယောက်နှင့် တူလှပေသည်။

ချင်းသက်ထင်းနှင့် ယဉ်မင်းဝါးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

လူငယ်လေးက သူတို့အနီးသို့ လျှောက်လာပြီး....

'မိတ်ဆွေတို့ ဘာများ ဖြစ်သွားကြသေးလဲဗျာ'

ဟု ချိုသာပျော့ပျောင်းသော လေသံဖြင့် မေးလိုက်လေသည်။

ချင်းသက်ထင်း ခေါင်းယမ်းလိုက်သည်။

'ဘာမှ မဖြစ်ပါဘူးဗျာ'

လူငယ်လေးက ချင်းသက်ထင်းထက် ယဉ်မင်းဝါးကို ပိုပြီး စိုက်ကြည့်နေ၏။

သူ၏ ပြုံးစစမျက်နှာပေးကြောင့် ယဉ်မင်းဝါး၏မျက်နှာ နီရဲသွားပြီ ခေါင်းကလေး ငုံ့ထားလိုက်လေသည်။

လူငယ်လေးက....

'ကျုပ်နာမည် စုမာကျင်းလို့ ခေါ်ပါတယ်ဗျာ၊ မိတ်ဆွေတို့ဟာ ဒီမြို့ကို အခုမှရောက်လာကြတဲ့ ဧည့်သည်တွေ ထင်ပါတယ်'

ချင်းသက်ထင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ဇနီးမောင်နှံဟာ ကျန်းနန်ကို အလည်အပတ် သွားကြမလို့ ခရီးထွက်လာရင်း ဒီမြို့မှာ ခရီးတစ်ထောက် နားကြတာပါ'

ယဉ်မင်းဝါးမှာ သူ၏ဇနီးဖြစ်ကြောင်း တမင်ထည့်သွင်းပြောပြလိုက်သည်။

လူငယ်(ဝါ)စုမာကျင်း၏မျက်နှာ မသိမသာ ပျက်သွားလေသည်။

သို့သော် ချက်ချင်းပင် ချိုသာစွာပြုံးလိုက်ပြီး....

'ဩော်...မိတ်ဆွေတို့က ကျန်းနန်းကို သွားကြမလို့ကိုး၊ သူတို့က နှောင့်ယှက်လာတယ် မဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

စုမာကျင်း လက်ဝှေ့ယမ်းပြလိုက်သည်။

'ဟော့ မင်းတို့ငါးယောက် ဒီကနောင်ကြီးကို ဒူးထောက် တောင်းပန်လိုက်ကြစမ်း'

ဟု လှမ်းပြောလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူ ငါးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

* * *

ချက်ချင်းပင် ချင်းသက်ထင်းရှေ့၌ ဒူးထောက်လိုက်ကြလေသည်။

စုမာကျင်း ပြုံးလိုက်လေသည်။

'တောင်းပန်လိုက်ကြလေသည်။



သူ၏စကားကြားလျှင် အနက်ရောင်ဝတ်ဆင်ထားသူ ငါးယောက်က တပြိုင်နက်တည်း ပြောလိုက်ကြလေသည်။

'ကျုပ်တို့ကို ခွင့်လွှတ်ဖို့ အနူးအညွတ် တောင်းပန်ပါတယ်ဗျာ'

ချင်းသက်ထင်း အားတုံ့အားနာ ဖြစ်သွားလေသည်။

ယဉ်မင်းဝါးလည်း မျက်နှာမထားတတ်အောင် ဖြစ်နေ၏။

ချင်းသက်ထင်းက....

'ဟာ...မလုပ်ပါနဲ့၊ ကျုပ်ကို ဒူးထောက် တောင်းပန်စရာ မလိုပါဘူးဗျာ'

စုမာကျင်း ရယ်မောလိုက်သည်။

'ဘယ်ဟုတ်မလဲ၊ ကိုယ့်မြို့ကိုယ့်ရွာ ရောက်လာသူကို ဒီလို စော်ကားမော်ကားလုပ်တာ ကျုပ် ခွင့်မလွှတ်နိုင်ဘူး၊ ကဲ မင်းတို့ တောင်းပန်ပြီးရင် ဘာလုပ်နေကြတာလဲ၊ သွားကြပါတော့လား'

ဟု ပြောလိုက်သည်။

သူ၏စကားကြားလျှင် အနက်ရောင်ဝတ်ဆင်ထားသူ ငါးယောက် ချက်ချင်း ထွက်ပြေးသွားကြလေသည်။

စုမာကျင်းအား ထိုလူများ အလွန် ကြောက်ရွံ့နေကြောင်း ချင်းသက်ထင်း ရိပ်မိလိုက်သည်။

စုမာကျင်းသည် မည်သို့သောလူစား ဖြစ်ပါသနည်း။

ချင်းသက်ထင်း အကဲခတ်ကြည့်နေစဉ် စုမာကျင်းက....

'ကဲ…နှောင့်ယှက်မယ့် လူတွေတော့ ထွက်ပြေးသွားပါပြီ၊ ဘာမှ ပူမနေပါနဲ့တော့ဗျာ၊ မိတ်ဆွေနှစ်ယောက်ရဲ့ စားရေးသောက်ရေး တည်းခိုရေးအတွက် ကျုပ် တာဝန်ယူပါရစေလား'

သူ၏မျက်လုံးများသည် ယဉ်မင်းဝါးကိုသာ အငမ်းမရ စိုက်ကြည့်နေခြင်းကြောင့် ချင်းသက်ထင်း သဘောမကျတော့ချေ။

'ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တို့ စားသောက်ပြီးစီးကြပါပြီ၊ ဒီမှာပဲတည်းခိုဖို့ အခန်းငှားထားပါတယ်၊ ကျုပ်တို့ကို ကူညီတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တို့ မနက်စောစော ရှေ့ခရီးဆက်ကြမှာပါ၊ မိတ်ဆွေကို ဒုက္ခမပေးလိုတော့ပါဘူး'

စုမာကျင်းက….

'အို….ဘယ်ဟုတ်မလဲ၊ ရောက်တုန်းရောက်ခိုက် ဧည့်ခံရတာပါ၊ အားနာစရာ မလိုပါဘူးဗျာ၊ စားသောက်ပြီးစီးကြပြီဆိုရင်လဲ ဟောဒီကညီမကို ကျုပ်ရဲ့သစ်ခွပန်းတွေ လက်ဆောင်ပေးပါရစေလား'

ချင်းသက်ထင်းမှာ ကြားဝင်ငြင်းပယ်ခဲ့လျှင် သဘောထားသေးသိမ်ရာကျမည်ကို တွေးမိပြီး ဘာမှမပြောဘဲ နေလိုက်လေသည်။

စုမာကျင်းစုက….

'ညီမလေးအတွက် ပန်းလက်ဆောင် ပေးချင်ပါတယ်၊ ကျုပ်ရဲ့ ပန်းဥယျာဉ်ဟာ ရောက်ဖူးသူတိုင်း ချီးမွမ်းခြင်း ခံရလောက်အောင် ပန်းမျိုး စုံလင်လှပါတယ်၊ ညီမလေး လက်ခံမယ်မဟုတ်လား'

ယဉ်မင်းဝါးဘက်လှည့်ကာ မေးလိုက်လေသည်။



ယဉ်မင်းဝါးက ချင်းသက်ထင်းကို ကြည့်လိုက်၏။

ချင်းသက်ထင်း ပခုံးတွန့်လိုက်ပြီး….

'ညီမသဘောပဲလေ'

ဟု ပြောလိုက်လေသည်။

ချင်းသက်ထင်း သဘောတူသည်ဟု ယဉ်မင်းဝါး ယူဆမိခြင်းကြောင့်….

'ကျွန်မတို့ လိုက်လာလို့ အနှောင့်အယှက်ဖြစ်နေမှာလားရှင်'

'ဟာ မဖြစ်ပါဘူး….မဖြစ်ပါဘူး၊ ကျုပ်က ဝမ်းသာအားရ ဖိတ်ခေါ်တာပါဗျာ'

'ကျေးဇူးတင်ပါတယ်ရှင်'

'ညီမ လိုက်မယ်မဟုတ်လား'

'ဟုတ်ကဲ့….'

စုမာကျင်းစု၏မျက်နှာ ပြုံးရွှင်သွားလေသည်။

'ဝမ်းသာလိုက်တာဗျာ၊ ကဲ….ကျုပ်နောက်လိုက်ခဲ့ကြပါ'

ဖိတ်ခေါ်ပြီး ရှေ့မှ လမ်းပြခေါ်ဆောင်သွား၏။

ယဉ်မင်းဝါးက ချင်းသက်ထင်း၏ လက်ကိုဆွဲကိုင်လှုပ်ရမ်းရင်း….

'အစ်ကို….ကျွန်မတို့ လိုက်သွားကြရအောင်နော်'

ဟု ပြောလိုက်လေသည်။

သူမ စိတ်ပါနေမှန်း ချင်းသက်ထင်း သိလေသည်။

သူမသည် ပန်းစိုက်အလွန်ဝါသနာပါသည့် မိန်းကလေးတစ်ယောက် မဟုတ်ပါလား။

ချင်းသက်ထင်း သက်ပြင်းချလိုက်သည်။

စုမာကျင်းစုအား သဘောမကျသော်လည်း ယဉ်မင်းဝါး၏ သန္ဒကို မပယ်ရှားလိုပါချေ။

ထို့ကြောင့် ခေါင်းညိတ်သဘောတူလိုက်လေသည်။

## ပန်းခြံထဲကရန်သူ

မြို့စွန်တစ်နေရာတွင် ကြီးမားခန့်ညားသော အဆောက်အအုံကြီးတစ်ခု ရှိလေသည်။

ထို အဆောက်အအုံကြီးမှာ စုမာကျင်း ပိုင်ဆိုင်သည့် အဆောက်အအုံ ဖြစ်လေသည်။

အဆောက်အဦးအတွင်းသို့ရောက်လျှင် စုမာကျင်းစုကနေရာထိုင်ခင်း ပေးလေ၏။

ယဉ်မင်းဝါးနှင့် ချင်းသက်ထင်းတို့လည်း အားနာပါးနာလိုက်ရ၏။

အိမ်ဖော်များက စားသောက်ဖွယ်ရာများ၊ အရက်များ ယူဆောင်လာပြီး ညှိခံကြလေသည်။

စားပွဲပေါ်တွင် ခဏအတွင်း ပြည့်လျှံသွား၏။

ယဉ်မင်းဝါနှင့် ချင်းသက်ထင်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြလေသည်။

စုမာကျင်းက ....

'အဲ....ရောက်တုန်းရောက်ခိုက် စားလိုက် သောက်လိုက်ကြပါဦးဗျာ။ ပြီးမှ ပန်းဥယျာဉ်ဆီကို အေးအေးဆေးဆေးသွားကြည့်ကြတာပေါ့'

ဟု ပြုံးရွှင်သော မျက်နှာထားဖြင့် ပြောလေသည်။

* * *

ချင်းသက်ထင်းက....

'ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တို့ ဆိုင်မှာ စားခဲ့ကြပြီးပြီမို့ ဗိုက်ပြည့်နေပါပြီ၊ မစားနိုင်တော့ပါဘူး'

ယဉ်မင်းဝါက....

'ဟုတ်ပါတယ်ရှင်၊ ကျေးဇူးပြုပြီး ပန်းခြံကိုပဲ လိုက်ပြပါလားရှင်'

ဟု ဝင်ပြောလိုက်လေသည်။

စုမာကျင်းစုက ခေါင်းညိတ်လိုက်သည်။



'ကောင်းပြီလေ သွားကြတာပေါ့၊ ကျုပ်နောက်လိုက်ခဲ့ပါဗျာ'

ပြောပြီး ရှေ့မှ လမ်းပြခေါ်ဆောင်သွား၏။

ချင်းသက်ထင်းနှင့် ယဉ်မင်းဝါတို့ နောက်မှ လိုက်သွားကြလေသည်။

ချင်းသက်ထင်းက လမ်းတွင်....

'ညီမလေး မြန်မြန်ကြည့်ပြီး မြန်မြန်သွားကြရအောင်'

ဟု တိုးတိုး ပြောလိုက်လေသည်။

ယဉ်မင်းဝါ ခေါင်းညိတ်လိုက်သည်။

သူတို့နောက်မှ လိုက်သွားကြသည်။

မကြာပါချေ။

အဆောက်အအုံ ဝဲဘက်ရှိ ပန်းဥယျာဉ်ဆီသို့ ရောက်ရှိသွားသည်။ ပန်းဥယျာဉ်အတွင်း၌ ရောင်စုံပန်းများ အစီအရီ စိုက်ပျိုးထားသည်။

ယဉ်မင်းဝါ၏မျက်နှာ ပြုံးရွှင်သွား၏။

'ဒီလောက် သာယာလှပပြီး ပန်းမျိုးစုံတဲ့ ပန်းဥယျာဉ်မျိုး ကျွန်မ မတွေ့သေးဘူး'

ဟု ဝမ်းသာအားရ ချီးကျူးစကား ပြောလိုက်သည်။

စုမာကျင်းက....

'ညီမလေး လှည့်လည်ကြည့်ရှုနိုင်ပါတယ်၊ ပန်းတွေကို ဘယ်သူမှ မခူးရဘူးလို့ ကျုပ် အမိန့်ထုတ်ထားပေမယ့် ညီမလေးတော့ ကြိုက်သလောက် ခူးယူနိုင်ပါတယ်ဗျာ'

ဟု ခွင့်ပြုသည်။

ယဉ်မင်းဝါးမှာ ချင်းသက်ထင်းအား လက်တွဲဖြုတ်ကာ ပန်းခြံအတွင်းသို့ လှမ်းဝင်သွားသည်။

စုမာကျင်းက ချင်းသက်ထင်းဘက်လှည့်ကာ ပြုံးပြလိုက်သည်။

* * *

ချင်းသက်ထင်း သက်ပြင်းချလိုက်ရင်း....

'ကျုပ်ရဲ့ ဇနီးသည်က ပန်းပင်စိုက်ပျိုးတာ ဝါသနာပါတယ်၊ ဒါကြောင့် ကျုပ်တို့ အိမ်ပြန်ရောက်ရင် ပန်းဥယျာဉ်တစ်ခုလောက် ပြုပြင်ကြမယ်လို့ စိတ်ကူးထားကြတယ်'

'ကောင်းတာပေါ့ဗျာ၊ ခင်ဗျားတို့ စိုက်ပျိုးကြမယ်ဆိုရင် နှစ်တွေ အတော်ကြာကြာ အပင်ပန်းခံရလိမ့်မယ်၊ ဒါကြောင့် စိုက်ပျိုးမနေဘဲ ဒီမှာပဲ လာနေလိုက်ကြရင် မကောင်းဘူးလား'

'ဘာ'

ချင်းသက်ထင်း၏အသံ ကျယ်လောင်သွားသည်။

စုမာကျင်းက ပြုံးစေ့စေ့ဖြင့်....

'ကျုပ်က စေတနာနဲ့ ပြောတာပါ'

'ဪ....ဒီမှာလာနေလို့ ဘယ်ဖြစ်ပါမလဲ'



'ဘာဖြစ်လို့လဲ၊ ညီမလေးကတော့ သဘောကျမယ် ထင်ပါတယ်'

'သူက ဘာကို သဘောကျရမှာလဲ'

'ဒီမှာ ကျုပ်နဲ့ နေရမှာကိုလေ'

'မင်း....မင်း ဘယ်လိုပြောလိုက်တာလဲ'

'ကျုပ်က စေတနာနဲ့ ပြောတာပါ'

'မလိုချင်ဘူး၊ ကျုပ်တို့ပြန်မယ်'

စကားဆုံးလျှင် ချင်းသက်ထင်းက ပန်းခြံဘက် မျက်နှာမူကာ....

'ညီမရေ ပြန်မယ်ဟေ့'

ဟု အော်ပြောလိုက်သည်။

သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာပါသော်လည်း ယဉ်မင်းဝါး၏ တုံ့ပြန်သံကို မကြားရချေ။

ချင်းသက်ထင်း ရင်ထိတ်သွား၏။

'ညီမ....ညီမ'

ထပ်မံအော်ခေါ်လိုက်သည်။

သို့သော်

ယဉ်မင်းဝါး၏ တုံ့ပြန်သံ လုံးဝ ထွက်ပေါ်လာခြင်း မရှိချေ။

ချင်းသက်ထင်း ရင်ထိတ်သွားသည်။

စုမာကျင်းအား ကြည့်လိုက်သောအခါ ရယ်မောနေသည်ကို တွေ့လိုက်ရသည်။

ချင်းသက်ထင်း အံကြိတ်လိုက်သည်။

'ညီမ'

အောင်ပေါ်ရင်း ပန်းဥယျာဉ်အတွင်းသို့ ပြေးဝင်သွားလေသည်။

ပန်းခြံထဲဝယ် ရှာဖွေကြည့်လိုက်ပါသော်လည်း ယဉ်မင်းဝါ၏ အရိပ်အယောင်ပင် မတွေ့ရချေ။

ချင်းသက်ထင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလေသည်။

ချက်ချင်းပင် ပန်းခြံတွင်းမှ ပြန်လည်ပြေးထွက်လာခဲ့သည်။

အပြင်ဘက်ရောက်လျှင် ကျောက်ထိုင်ခုံတစ်လုံးပေါ်၌ ထိုင်နေသည့် စုမာကျင်းအား တွေ့လိုက်ရသည်။

* * *

ချင်းသက်ထင်းက သူ့ရှေ့သို့ ပြေးသွားပြီး....

'ကျုပ်မိန်းမ ဘယ်မှာလဲ'

ဟု မေးလိုက်သည်။

စုမာကျင်း ပခုံးတွန့်လိုက်သည်။

'ကျုပ် ဘယ်သိမလဲ၊ သူက ပန်းခြံထဲ ဝင်သွားတယ် မဟုတ်လား၊ ပန်းခြံထဲမှာပဲ ရှိမှာပေါ့'



'မရှိဘူး၊ ကျုပ်လိုက်ရှာပြီးပြီ'

'ဟာ....ဒုက္ခပဲ'

'မင်း....မင်း အကြောင်ရိုက်မနေနဲ့၊ ငါ့မိန်းမ ဘယ်မှာလဲ၊ ပြောစမ်း'

ချင်းသက်ထင်း အောင်ဟောက် မေးမြန်းရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

စုမာကျင်းက လက်ကာပြလိုက်သည်။

'သိပ်လဲ ဒေါသမကြီးပါနဲ့ဗျာ၊ ပန်းဥယျာဉ်ထဲ ဝင်သွားတယ်ဆိုတော့ ရှိမှာပေါ့'

'မတွေ့လို့ ပြောနေတာပေါ့'

'အင်း....ဒါဆိုရင်တော့ ကျုပ် စဉ်းစားထားတာများ မှန်နေပြီလားမဆိုနိုင်ဘူး'

'ဘာ....'

စုမာကျင်းက တည်ကြည်သော မျက်နှာထားဖြင့်....

'ညီမလေးက ပန်းပွင့်တွေ မြတ်နိုးတယ်မဟုတ်လား'

'အဲဒါ ဘာဖြစ်သလဲ'

'ဘာဖြစ်ရမလဲ၊ သူ့ကဒီမှာပဲ တစ်သက်လုံးနေချင်သလားမှ မသိတာ'

'ဘာ....ဘာပြောတယ်'

'ခြောင်....သူက ထွက်တွေ့ရင် ခင်ဗျား ပြန်ခေါ်သွားမှာကို စိုးရိမ်လို့ ထွက်မလာဘဲ ပုန်းနေတာဖြစ်မှာပေါ့'

'မင်း....မင်း'

ချင်းသက်ထင်း စိတ်မထိန်း နိုင်ပါတော့ချေ။

စုမာကျင်းထံ ခုန်အုပ်တိုက်ခိုက်လိုက်လေသည်။

စုမာကျင်းက ထိုင်ရာမှ လှစ်ခနဲ ခုန်ထပြီး ရှောင်တိမ်းသွား၏။

'ဝုန်....'

ချင်းသက်ထင်း၏ တိုက်ခိုက်မှုကြောင့် စုမာကျင်း ထိုင်နေသည့်ကျောက်ခုံမှာ ကျိုးပဲ့ ပျက်စီးသွားလေတော့သည်။

စုမာကျင်း ပခုံးတွန့်လိုက်သည်။

* * *

'ခင်ဗျား ဘယ်ဆိုးလို့တုန်းဗျ'

ချင်းသက်ထင်းက....

'ပြောစမ်း ကျုပ်မိန်းမဘယ်မှာလဲ'

'ဘယ်ပြောတတ်မလဲ၊ ခင်ဗျားနဲ့ ပြန်မလိုက်ချင်လို့ ပုန်းနေတာပဲဖြစ်မှာပေါ့'

'တောက်....လူယုတ်မာ သေပေတော့'

ချင်းသက်ထင်းက ဒေါသတကြီး တိုက် ခိုက် လိုက် လေသည်။

စုမာကျင်း ခေါင်းယမ်းလိုက်သည်။



'ခင်ဗျား တိုက်ခိုက်နေလို့ ဘာအကျိုး ထူးမှာလဲ၊ ခင်ဗျားမိန်းမ ပြန်တွေ့နိုင်မှာမှ မဟုတ်တော့ဘဲ'

'မင်း....မင်း'

စုမာကျင်းသည် ချင်းသက်ထင်း၏ တိုက်ခိုက်မှုကို လုံးဝဂရုမစိုက်ပါ။

အသာအယာ ရှောင်တိမ်းသွားနိုင်ခဲ့၏။

ချင်းသက်ထင်းက ပြင်းပြင်းထန်ထန် တိုက်ခိုက် ပါသော်လည်းစုမာကျင်း၏ အင်္ကျီစကိုပင် ထိအောင် တိုက်ခိုက်နိုင်ခြင်း မရှိခဲ့ချေ။

ချင်းသက်ထင်း ဒေါသ ခြောင်းခြောင်း ထွက်လာလေသည်။

'မင်းဟာ လူယုတ်မာဆိုတာ ငါသိတယ်၊ ငါ့မိန်းမပြန်မတွေ့မချင်း မင်းကို ခွင့်မလွှတ်နိုင်ဘူး'

သူက ခါးမှ ဓားကို ဆွဲထုတ်လိုက်သည်။

စုမာကျင်းက....

'ခင်ဗျား မှားသွားလိမ့်မယ်၊ သူကမှ မလိုက်ချင်တာ ခင်ဗျား အေးအေးဆေးဆေး ပြန်ထွက်သွားရင် ကောင်းမယ်'

'လူယုတ်မာ၊ မင်းကို သုတ်သင်ပြီးမှ ငါ့မိန်းမကို ပြန်ခေါ်သွားမယ်'

ချင်းသက်ထင်းက ဓားဝေ့ယမ်းကာ တရကြမ်းတိုက်ခိုက်လိုက်လေသည်။

ယခုတစ်ကြိမ် စုမာကျင်း ရှောင်တိမ်းခြင်း မပြုတော့ချေ။

ခါးကြားထဲ ထိုးထားသည့် ယပ်တောင်ကို ဆတ်ခနဲထုတ်ယူလိုက်၏။

ဓားကိုင်ထားသည့် ချင်းသက်ထင်း၏ လက်ကို ဆတ်ခနဲ ရိုက်ချလိုက်လေသည်။

'ဖျောက်'

'အား'

အရိုးကျိုးသံ သဲ့သဲ့ ထွက်ပေါ်လာသည်။

ချင်းသက်ထင်း၏ လက်ထဲမှဓား မြေပေါ်ပြုတ်ကျသွား၏။

ချင်းသက်ထင်းက နောက်သို့ ချက်ချင်း ဆုတ်လိုက်ရလေသည်။

ဓားကိုင်ထားသည့် သူ၏လက်ကား သွင်သွင် ကျိုးသွားပြီဖြစ်လေသည်။

ချင်းသက်ထင်း အံတင်းတင်း ကြိတ်ထားလိုက်သည်။



ဇူမာကျင်းက....

'ခင်ဗျား ထွက်သွားမယ်ဆိုရင် အသက် ချမ်းသာရာ ရမယ့်အပြင် ခင်ဗျားအတွက် ငွေငါးထောင်လောက် ကျုပ်က ချီးမြှင့်လိုက်ပါဦးမယ်၊ ကဲ...ဘယ်လို သဘောရသလဲ'

'ဘာ....ဘာ....မင်းဘာပြောတယ်၊ မင်းကို သတ်ပစ်မယ်ကွ'

ချင်းသက်ထင်းက ရှေ့သို့ခုန်ဝင်ကာ အကောင်းပကတိရှိနေသော လက်တစ်ဘက်ဖြင့် တိုက်ခိုက်လိုက်သည်။

ဇူမာကျင်း ခေါင်းယမ်းလိုက်သည်။

'ခင်ဗျား ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး'

ပြောပြီး လက်ဝေ ယမ်းလိုက်သည်။

'တောက်...တောက်....တောက်'

လေတိုးသံများ ထွက်ပေါ်လာသည်။

ယပ်တောင်ထိပ်များမှ လက်နက်ပုန်းမှား တိုးထွက်ပစ်လွင့်လာသည်။

ချင်းသက်ထင်း ကပျာကယာ ရှောင်တိမ်းရန် ကြိုးစားလိုက်၏။

သို့သော် နောက်ကျသွားချေပြီ။

လက်နက်ပုန်းကလေးများ သူ၏ခန္ဓာကိုယ်တွင် သုံးလေးချက်မျှ ထိမှန်စိုက်ဝင်သွားသည်။

'ဂွပ်'

'ဒုတ်....'

'အား'

ချင်းသက်ထင်း လွှတ်ခနဲ အော်ဟစ်လိုက်၏။

မြမြ စွာ ရပ်တည်နိုင်ခြင်း မရှိတော့တဲ့ မြေပေါ် ဝုန်းခနဲ လဲကျသွားလေတော့သည်။

'ဟား....ဟား....ဟား'

စုမာကျင်း သဘောကျစွာ ရယ်မောလိုက်သည်။

ရှေ့သို့လှမ်းလာပြီး ချင်းသက်ထင်း၏ ရင်ဘတ်ပေါ်သို့ ခြေထောက်တစ်ဘက်ဖြင့် ဖိနင်းထားလိုက်သည်။

ချင်းသက်ထင်း ရုန်းကန်ဖို့ကြိုးစားသော်လည်း ဒဏ်ရာများ ရရှိထားသည့်အပြင် သူ့ရင်ဝကို ခြေထောက်ဖြင့် တအားဖိနင်းထားခြင်း ခံလိုက်ရသည်ဖြစ်ရာ ရုန်းလည်းမရုန်းနိုင်သလို တိုက်ခိုက်ခြင်းလည်း မပြုနိုင်တဲ့ဖြစ်နေသည်။

* * *

စုမာကျင်းက....

'မင်းထွက်သွားရင်တောင်မှ ငါ လွှတ်နိုင်မှာမဟုတ်ဘူး၊ အခု တော့ ရှင်းသွားပြီပေါ့၊ မင်းကို ဆုတ်သင်ပစ်လိုက်ရင် မင်းမိန်းမဟာ ဟား....ဟား....ဟား'

စကားဆုံးအောင်မပြောဘဲ သဘောကျစွာ ဟားတိုက်ရယ်မောလိုက်သည်။



ချင်းသက်ထင်း အံကြိတ်လိုက်၏။

လက်နက်ပုန်းထိမှန်ထားသည့် နေရာများမှာ မခံမရပ်နိုင်အောင် ယားယံနာကျင်လာသည်။

လက်တစ်ဘက်သွင်သွင်ကျိုးနေသလို ခြေထောက်ဖြင့် ဖိထားခြင်း ခံနေရသဖြင့် အသက်ရှူမဝတဲ့ ဖြစ်နေ၏။

သူ၏မျက်လုံးများ ပြာဝေလာသည်။

'မင်း....မင်းလူယုတ်မာ'

သူ၏စကားသံ ဗလုံးဗထွေး ထွက်ပေါ်လာသည်။

စုမာကျင်း သဘောကျစွာ ရယ်မောလိုက်ရင်း ခြေထောက်ကို ဆောင့်နင်းချလိုက်သည်။

'အား'

ချင်းသက်ထင်း စူးရှစွာ အော်ဟစ်လိုက်၏။

သူ၏ နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာသည်။

စုမာကျင်းအား မျက်လုံးပြူးကြည့်လိုက်ပြီး ခေါင်းငိုက်စိုက်ကျသွားလေသည်။

စုမာကျင်း နောက်ဆုတ်လိုက်၏။

လက်တစ်ဘက် အပေါ်မြှောက်ပြလိုက်သည်။

မရှေးမနှောင်းမှာပင် လူတစ်စု ပြေးလွှားရောက်ရှိလာကြလေသည်။

ထိုလူမှာ အနက်ရောင် ဝတ်ဆင်ထားသည့် လူငါးယောက်ဖြစ်ကြ၏။

ထိုလူများသည် စုမာကျင်းရှေ့ရောက်လျှင် ဦးညွတ် အရိုအသေ ပြုလိုက်ကြသည်။

စုမာကျင်းက....

'သူ့ကို သင်းချိုင်းထဲ ခေါ်သွားပြီး မြှုပ်ပစ်လိုက်'

ဟု အမိန့်ပေးလိုက်၏။

'ကောင်းပါပြီ၊ မင်းသားလေး'

အနက်ရောင် ဝတ်ဆင်ထားသူတစ်ယောက်က ချင်းသက်ထင်းအား ဆွဲယူကာ ကျောပိုးလိုက်သည်။

ထို့နောက် ပန်းဥယျာဉ်အတွင်းမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားလေသည်။

စုမာကျင်းက ကျန်ရှိနေသေးသည့် အနက်ရောင် ဝတ်ဆင်ထားသူ လေးယောက်ကိုကြည့်ကာ....

'သူတို့နှစ်ယောက် ဒီမြို့ကို ရောက်လာတာ ဘယ်သူတွေ သိကြသလဲ ပြောစမ်း'

ဟု မေးလိုက်လေသည်။

* * *

အနက်ရောင် ဝတ်ဆင်ထားသူတစ်ယောက်က....

'စားသောက်ဆိုင်က လူတွေပဲ သိပါတယ်'

'မင်းတို့ သူ့ဆီကို ရောက်ပြီးပြီလား'



'ဟုတ်ကဲ့၊ ရောက်ပြီးပါပြီ၊ သူတို့ ဒီမြို့ကို ရောက်လာခဲ့တယ် ဆိုတာ ဘယ်သူမှ သိနိုင်ကြတော့မှာ မဟုတ်ပါဘူး'

'သူတို့ကို တွေ့ခဲ့တဲ့လူတွေကကော'

'သူတို့ကို ဘယ်သူမှ မတွေ့ခဲ့ကြပါဘူး မင်းသားလေး'

စုမာကျင်း သဘောကျစွာ ပြုံးလိုက်သည်။

ချင်းသက်ထင်းတို့ ဇနီးမောင်နှံအား တွေ့ရှိခဲ့သူများပင် လျှင် သူ့အား ကြောက်ရွံ့ကာ မေးမြန်းလာသူရှိပါက မသိဟု ငြင်းဆန်ကြမည် ဖြစ်သည်။

* * *

စုမာကျင်းက....

'ဟိုမိန်းကလေးကော'

'သူ ကောင်းကောင်းမွန်မွန် ရှိနေပါတယ်'

'ကောင်းပြီ၊ မင်းတို့သွားကြတော့'

အနက်ရောင် ဝတ်ဆင်ထားသူလေးယောက် ချက်ချင်း ထွက်သွားကြသည်။

သူတို့ မြင်ကွင်းမှ ကွယ်ပျောက်သွားလျှင် စုမာကျင်း သက်ပြင်း ချလိုက်သည်။

လက်နှစ်ဘက် နောက်ပစ်ကာ ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်၏။

ကောင်းကင်တစ်ခုလုံး ကြည်ကြည်လင်လင်ရှိနေ၏။

စုမာကျော်းက....

'ချောမောလှပတဲ့ မိန်းကလေးတွေကိုမြင်ရင် ငါဟာ တကယ့် လူဆိုးကြီးတစ်ယောက် ဖြစ်သွားတော့တာပါပဲလား'

ဟု တီးတိုးညည်းညူလိုက်သည်။

## အနက်ရောင်ကောရှီ

ပန်းခြံအတွင်း၀ယ် ရောင်စုံပန်းများ ဖူးပွင့်နေသည်။

ယဉ်မင်း၀ါး ၀မ်းသာပျော်ရွှင်သွားသည်။

'သာယာလှပလိုက်တာ'

ချီးကျူးရင်း ပန်းခြံအတွင်း လှည့်ပတ်ကြည့်ရှုမိသည်။

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်လာသည်။

မွှေးကြိုင်သော ပန်းရနံ့များ ထုံသင်းနေ၏။

ပျား၊ ပိတုန်း၊ လိပ်ပြာကလေးများ ဝတ်ရည်စုပ်ယူရန် လူးလာခေါက်ပြန် ပျံသန်းနေကြ၏။

ယဉ်မင်း၀ါးမှာ သူမ၏ဘ၀တွင် မမြင်မတွေ့ဖူးသည့် ပန်းပင် ပန်းခင်းများကို တွေ့မြင်နေရခြင်းကြောင့် လှည့်ပတ်ကြည့်နေမိသည်။

အတန်ကြာ ကြည့်ရှုမိသောအခါ ခပ်လှမ်းလှမ်း၌ အိမ်ကလေး တစ်လုံး ရှိနေသည်ကို တွေ့လိုက်ရသည်။

ယဉ်မင်းဝါး မျက်မှောင်ကြုတ်သွားသည်။

'ဒီမှာ အိမ်ကလေးတစ်လုံးပါလား၊ ဥယျာဉ်မှူးနေထိုင်တဲ့ အိမ်ကလေး ထင်ပါရဲ့'

ဟု တွေးမိသည်။

* * *

ထိုစဉ်....

နောက်ကျောဘက်မှ ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

သူမ ချက်ချင်း လှည့်ကြည့်လိုက်သည်။

ထိုအခါ....

သူမထံသို့ ဦးတည်လှမ်းလာနေသည့် မိန်းကလေး တစ်ယောက်အား တွေ့မြင်လိုက်ရသည်။

ယဉ်မင်းဝါး အံ့ဩသွားပြီး အကဲခတ်ကြည့်နေမိ၏။

မိန်းကလေးမှာ သူမအနီးသို့ ရောက်ရှိလာသည်။

သူမအား ပြုံးပြရင်း....



'မမက ပန်းပွင့်တွေကို ကြည့်နေတာလား'

ဟု မေးလေသည်။

သူမက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ကွယ်'

'ဩော်...မမကလဲ ပန်းပင်စိုက်ပျိုးရတာ ဝါသနာပါတာကိုး'

'ညီမလေးက ဒီကလား'

'ဟုတ်ပါတယ်ရှင်၊ ကျွန်မက ပန်းဥယျာဉ်မှူးပါ'

'ဟင်....ညီမလေးက ပန်းဥယျာဉ်မှူး ဟုတ်လား'

မိန်းကလေးက....

'ဟုတ်ပါတယ်၊ ဒီပန်းခြံထဲက ပန်းတွေဟာ ကျွန်မ ကိုယ်တိုင် စိုက်ပျိုးထားတာပါရှင်'

ယဉ်မင်းဝါးက သူမအား ချီးကျူးသော အကြည့်ဖြင့် ကြည့်လိုက်မိသည်။

မိန်းကလေးက....

'မမ စိတ်ဝင်စားတယ်ဆိုရင် ကျွန်မရဲ့ အိမ်ကို လိုက်ခဲ့ပါလား၊ မမကိုပန်းတစ်ပွင့်ပြချင်လို့ပါ'

'ဟင်....ပန်းတစ်ပွင့် ဟုတ်လား'

'ဟုတ်ပါတယ်မမ'

ယဉ်မင်းဝါး မျက်မှောင်ကြုတ်သွား၏။

လိုက်သွားရန် သင့်မသင့် ချက်ချင်း ဝေခွဲမရဘဲ ဖြစ်နေလေသည်။

မိန်းကလေးက....

'ဟောဟို အိမ်ကလေးဟာ ကျွန်မရဲ့ အိမ်ကလေး ပါရှင်....'

'ဪ....'

'မမလိုက်မယ် မဟုတ်လား'

ယဉ်မင်းဝါး အမှတ်မထင် ခေါင်းညိတ် ပြလိုက်မိလေသည်။

မိန်းကလေးက သစ်လုံး အိမ်ကလေးဆီသို့ ခေါ်ဆောင်သွားလေသည်။

* * *

ယဉ်မင်းဝါးလည်း နောက်မှလိုက်သွား၏။

မကြာပါချေ။ သူတို့နှစ်ယောက် သစ်လုံးအိမ်ကလေး ဆီသို့ရောက်ရှိ လာကြလေတော့သည်။

သစ်လုံးအိမ်ကလေး အတွင်း၌ စားပွဲတစ်လုံး ရှိနေပြီးစားပွဲပေါ်တွင် ပန်းအိုးတစ်အိုး တင်ထားသည်ကို တွေ့ရ၏။

ပန်းအိုးအတွင်း၌ အနက်ရောင် ပန်းပွင့် တစ်ပွင့်ဖူးပွင့်နေသည်ကိုတွေ့ရ၏။



အနက်ရောင် ပန်းပွင့်မှာ လက်ဝါးသာသာခန့် ရှိပြီး ရုတ်တရက်ကြည့်လျှင် နှင်းဆီပန်းတစ်ပွင့်နှင့် တူလေသည်။

မိန်းကလေးက....

'ဒီပန်းမျိုးမမ တွေ့ဖူးသလား'

ဟု မေးလေသည်။

ယဉ်မင်းဝါး ခေါင်းယမ်းလိုက်သည်။

'တစ်ခါမှ မတွေ့ဖူးဘူး၊ အနက်ရောင် ဆိုတော့ အတော်ထူးဆန်းပြီး ရှားပါးတာပဲ'

'ဟုတ်တယ်မမရဲ့ ဒီပန်းကို အနက်ရောင် ကေရီလို့ ခေါ်ကြတယ်လေ'

'အနက်ရောင် ကေရီဟုတ်လား'

'ဟုတ်ပါတယ်မမ'

'နာမည်က ထူးခြား လှချည်လား'

ယဉ်မင်းဝါး ပန်းအိုး ရှိရာသို့ အလိုလို လှမ်းသွား မိလေသည်။

မိန်းကလေးမှာ ဘာမှမပြောဘဲ ကြည့်နေ၏။

ယဉ်မင်းဝါးသည် ပန်းအိုးအနီးသို့ ရောက်လျှင် သေသေချာချာ စစ်ဆေးကြည့်လိုက်လေသည်။

ပြီးလျှင် အမှတ်တမဲ့ နမ်းရှုံ့လိုက်လေသည်။

ပန်းရနံ့ကား မွှေးပျံ့သည် မှန်သော်လည်း ရနံ့ စူးရှလှပေသည်။

ပန်းရနံ့ ရှူရှိုက်မိသည်နှင့် ယဉ်မင်းဝါး၏ ဦးခေါင်းထဲ ရီဝေလာသည်ဟု ခံစားလိုက်ရလေသည်။

မိန်းကလေးဘက် လှည့်ကာ....

'ညီမလေး ဒီပန်းရန့်ဟာ ဦးခေါင်းကို မူးနောက်သွားစေတယ်ဟုတ်သလား'

ဟု မေးလိုက်လေသည်။

မိန်းကလေး ခေါင်းညိတ် လိုက်သည်။

'ဟုတ်ပါတယ် ဒီပန်းကို နမ်းရှိုက်မိလိုက်ရင် အဲ့ဒီလူဟာ မင်းသားလေးနဲ့ လက်ထပ်ရမယ်လို့ အဆိုရှိပါတယ်'

'မင်းသားလေး ဟုတ်လား၊ ဘယ်က မင်းသားလေးလဲ'

ယဉ်မင်းဝါး အထိတ်တလန့် မေးလေသည်။

မိန်းကလေးက ပြုံးလိုက်သည်။

*   *   *

'မင်းသားလေး စုမာကျင်းပါရှင်'

'ဘာ'

ယဉ်မင်းဝါး ကပျာကယာ နောက်ဆုတ် လိုက်လေသည်။

မိန်းကလေးက....

'မင်းသားလေး စုမာကျင်းဟာ ချစ်ချောတယ်၊ သဘောကောင်းတယ်၊ ဥစ္စာဓန ပြည့်စုံပါတယ်၊ သူ့ကို သဘောကျတဲ့



မိန်းကလေးတွေ အများကြီး ရှိပါတယ်၊ မင်းသားလေးက မမကို သဘောကျသွားတာ ကံကောင်းတယ်လို့ ဆိုရမှာပါပဲ'

'ဘာ...ဘာပြောတယ်'

'မမဟာ မကြာခင် မင်းသားလေးနဲ့ လက်ထပ်ရပါလိမ့်မယ်ရှင်'

ယဉ်မင်းဝါး ခေါင်းယမ်းလိုက်သည်။

'မဖြစ်နိုင်ဘူး၊ ငါ့မှာ ယောကျ်ားရှိတယ်၊ လက်ထပ်လို့ ဘယ်ဖြစ်မလဲ၊ တော်ပြီ ငါ ပြန်တော့မယ်'

အော်ပြောပြီး အိမ်ထဲမှ ပြေးထွက်လိုက်လေသည်။

မိန်းကလေးက ဟန့်တားခြင်း မပြုပါချေ။

ယဉ်မင်းဝါး ပြေးထွက်လာရင်း တစ်ကိုယ်လုံး ထုံတိုင်းလာသည်ဟု ခံစားလိုက်ရလေသည်။

မျက်လုံးများ ပြာဝေလာသည်။

ဦးခေါင်းများ မခံမရပ်နိုင်အောင် နာကျင် ကိုက်ခဲလာသည်။

'ဘယ်လိုပန်းများလဲ'

အထိတ်တလန့်တွေးရင်း အပြင်ဘက်ထွက်ရန် ကြိုးစားလိုက်သော်လည်း....

သူမ၏ခန္ဓာကိုယ် ယိမ်းယိုင်သွား၏။

စိတ်အားတင်းထားသည့်ကြားမှပင် မည်သို့မျှမဟန်နိုင်ဘဲ ကြမ်းပြင်ပေါ် လဲကျသွားလေသည်။

မိန်းကလေး ပြုံးလိုက်သည်။

ထိုစဉ်....

အိမ်ထဲသို့ လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူမှာ စုမာကျောင်း ဖြစ်လေသည်။

စုမာကျောင်းမျက်နှာ ပြုံးရွှင်နေသည်။

ကြမ်းပြင်ပေါ် လဲကျနေသည့် ယဉ်မင်းဝါးကို ဆတ်ခနဲ ပွေ့ချီလိုက်သည်။

မိန်းကလေးက သူ့အား ဦးညွှတ်လိုက်လေသည်။

စုမာကျောင်းက....

'မင်းမသိုးဘူး၊ နောက်မှဆုံကြမယ်၊ အခုတော့ ဒီကထွက်သွား အပြင်ရောက်ရင် တံခါးပိတ်ထားခဲ့'

ဟုပြောလိုက်၏။

• • •

မိန်းကလေး ဘာမှမပြောဘဲ အပြင်ဘက်သို့ ခပ်သွက်သွက်သွား၏။

အပြင်ဘက်ရောက်လျှင် စုမာကျောင်းပြောသလို တံခါးပိတ်ထားလိုက်လေသည်။



စုမာကျောင်းက ယဉ်မင်းဝါးကို ပွေ့ချီကာ အတွင်းဘက်အခန်းသို့ ဝင်သွားလေသည်။

ကျန်းနန်နယ်သို့ ပျားရည်ဆမ်းခရီး ထွက်လာခဲ့ကြသည့် ဇနီးမောင်နှံ နှစ်ယောက်မှာ မမျှော်လင့်ဘဲ ကွဲကွာခဲ့ပြီတည်း။

ယဉ်မင်းဝါး လောကရဲခံစားနေရချိန်ဝယ် ချင်းသက်ထင်းတစ်ယောက်မှာလည်း အရှင်လတ်လတ် မြေမြှုပ်သတ်ခြင်း ခံရတော့မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရလေတော့သည်။

• • •

သင်းချိုင်းမြေ....

သင်းချိုင်းမြေအတွင်းဝယ် မြေပုံများ မို့မို့မောက်မောက် ရှိနေပြီး မှတ်တိုင်များ ထိုးထိုးထောင်ထောင် ရှိနေလေတော့သည်။

အနက်ရောင် ဝတ်ဆင်ထားသူသည် ချင်းသက်ထင်းအား ထမ်းပိုးကာ သင်းချိုင်းမြေအတွင်းသို့ ခပ်သွက်သွက်ပြေးဝင်လာလေသည်။

သင်းချိုင်းအလည်သို့ရောက်လျှင်....

'ဟား....လေးလိုက်တာ'

ချင်းသက်ထင်းအား ပခုံးပေါ်မှ ပစ်ချလိုက်လေသည်။

ချင်းသက်ထင်းမှာ မြေပေါ် ဝုန်းခနဲ ကျသွား၏။

အနက်ရောင်ဝတ်ထားသူက ခြေထောက်ဖြင့် တစ်ချက်ကန်ကျောက်လိုက်ပြီး။

'တောက်....တော်တော်အလုပ်ရှုပ်အောင် လုပ်တဲ့အကောင်' ဟု မကျေမနပ် ပြောလိုက်၏။

ပြီးလျှင် ခါးမှ ဓားဆွဲထုတ်လိုက်လေသည်။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုး ကွယ်ပျောက်သွားတော့မည် ဖြစ်လေသည်။

နေရောင်ခြည် အားပျော့သွားပြီဖြစ်သည်။

လူသူမရှိဘဲ တိတ်ဆိတ်ခြောက်သွေ့နေသည့် သင်းချိုင်းမြေမှာ ညနေဆည်းဆာ နေဝင်ချိန်ဝယ် ထိတ်လန့် ချောက်ချားဖွယ် ကောင်းနေပေတော့၏။

အနက်ရောင် ဝတ်ဆင်ထားသူက ဝင်လုဆဲဆဲ နေလုံးကြီးကို ကြည့်ကာ....

'နေဝင်တော့မယ်၊ မဖြစ်ဘူး လုပ်စရာရှိတာ မြန်မြန်လုပ်မှ'

တီးတိုးပြောပြီး ဓားဖြင့် မြေကြွင်းတစ်ခု အမြန် တူးလိုက်လေသည်။

မကြာပါချေ....

လူတစ်ယောက် မြှုပ်သာရုံ မြေကြွင်းကြီးတစ်ခု ဖြစ်ပေါ်လာသည်။



အနက်ရောင် ဝတ်ဆင်ထားသူက နဖူးပေါ်တွင် စီးကျလာသည့် ချွေးများကို လက်ဖြင့် သပ်ချလိုက်၏။

ပြီးလျှင်....

မြေပေါ် မလှုပ်မယှက် လဲနေသည့် ချင်းသက်ထင်း၏ ခြေထောက်ကို ဆွဲယူလိုက်လေသည်။

ချင်းသက်ထင်းအား မြေပေါ် ဒရွတ်ဆွဲပါလာသည်။

အနက်ရောင်ဝတ်ဆင်ထားသူက ချင်းသက်ထင်းအား မြေကြွင်းထဲ ပစ်ချလိုက်သည်။

ချင်းသက်ထင်း အသက်ရှင်နေသေးကြောင်း သူသိပါ၏။

သို့သော်မကြာမီ သေဆုံးသွားတော့မည်ဟု နားလည်ထားလေသည်။

ချင်းသက်ထင်း မြေကြွင်းထဲ ရောက်သွားလျှင် ထိုလူက မြေကြွင်းကို ပြန်ဖို့လိုက်သည်။

မိုးချုပ်စပြုလာပြီဖြစ်ရကား မြီးစလွှယ်ဖို့လိုက်ခြင်း ဖြစ်ပေသည်။

ချင်းသက်ထင်ကား မြေကြီးအောက်ဝယ် ကွယ်ပျောက်သွား၏။

အနက်ရောင်ဝတ်ဆင်ထားသူ သက်ပြင်းချလိုက်သည်။

'တောက် ဒီလိုအလုပ်မျိုး နောက်ထပ် ဘယ်နှစ်ကြိမ်လောက် လုပ်ရဦးမလဲ မပြောတတ်ဘူး'

ဟု ညည်းညူလိုက်သည်။

ထို့နောက် သင်္ချိုင်းမြေအတွင်းမှ ခပ်သုတ်သုတ် ထွက်သွားလေသည်။

ထိုလူ ထွက်သွားချိန်ဝယ် နေဝန်းနီ ကွယ်ပျောက်သွားပြီဖြစ်ရာ အမှောင်ထုလွှမ်းမိုးလာပြီ ဖြစ်လေသည်။

ထိုစဉ် အမှောင်ရိပ်များကြားမှ လူရိပ်တစ်ခု တိုးထွက်လာသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

ထိုလူရိပ်သည် ချင်းသက်ထင်း၏ မြေပုံဆီသို့ လျှင်မြန်စွာ ချဉ်းကပ်လာလေသည်။

မြေပုံအနီးသို့ရောက်လျှင် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

လူသူကင်းလွတ်နေသည်ကို တွေ့ရလျှင် မြေကြွင်းကို ပြန်လည် တူးဖော်လိုက်လေသည်။

တခဏအတွင်းမှာပင် မြေကြွင်းထဲမှ ချင်းသက်ထင်း ထွက်ပေါ်လာလေတော့သည်။

ထိုလူရိပ်က....

'ငါ့ သိုင်းပညာလေ့ကျင့်ဖို့ အခွင့်အရေးရပြန်ပြီ'

ဟု ကျေနပ်သောလေသံဖြင့် ပြောလိုက်၏။



ထို့နောက် ချင်းသက်ထင်းကို မြေပေါ် ဆွဲတင်လိုက်လေသည်။

ချင်းသက်ထင်း၏တစ်ကိုယ်လုံး မြေကြီးများ ပေကျံနေပါသည်။

ထိုလူက ချင်းသက်ထင်းအား မြေပေါ်တွင် ထိုင်နေသည့်အနေအထားရောက်အောင် ပြုပြင်လိုက်သည်။

ပြီးလျှင် မတ်တတ်ရပ်ကာ လက်နှစ်ဘက်ဝှေ့ယမ်းပြီး သိုင်းကွက် ဖော်ထုတ်လိုက်လေသည်။

သူ၏လက်နှစ်ဘက် လှုပ်ရှားလိုက်သည်နှင့် လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေသည်။

ထိုလူ၏ သိုင်းလေ့ကျင့်ပုံနှင့် ချင်းသက်ထင်း၏ ထိုင်နေပုံသည်လည်းကောင်း။

မြေပုံမှတ်တိုင်များ သင်းချိုင်းဂူများသည်လည်းကောင်း။

မိုးချုပ်ကာစအချိန် အလင်းနှင့်အမှောင် မသဲမကွဲ ရှိနေခြင်းသည် လည်းကောင်း၊

အလွန် ကြောက်မက်ဖွယ်ကောင်းသည့် သဘာဝပန်းချီကားတစ်ချပ်ပမာ ရှိနေပေတော့သည်။

ထိုလူသည် လက်နှစ်ဘက် ဝှေ့ယမ်းလိုက်ပြီး အားမာန်အပြည့်ဖြင့် ချင်းသက်ထင်း၏ ပခုံးပေါ်သို့ကုတ်ချရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်....

'အင့်'

ချင်းသက်ထင်းထံမှ မသဲမကွဲ ညည်းညူးသံ ထပ်မံ ထွက်ပေါ်လာပြန်သည်။

ခန္ဓာကိုယ်ကလည်း တလှုပ်လှုပ် ဖြစ်လာသည်။

ထိုလူ ခေါင်းကုတ်လိုက်သည်။

'ဘယ်လိုဖြစ်တာလဲ၊ သေတဲ့လူက အသက်ဝင်လာတာလား ဒါမှမဟုတ် အသက်ရှင်နေတာလား'

ဟု ညည်းညူးလိုက်လေသည်။

ချင်းသက်ထင်းမှာ တလှုပ်လှုပ်ဖြစ်လာပြီး ထိုင်လျက်အနေအထားမှ မြေပေါ်သို့ ဝုန်းခနဲ လဲကျသွားလေသည်။

* * *

သူ၏နှုတ်မှလည်း....

'ညီမ....ညီမ....'

ဟု တတွတ်တွတ် ညည်းညူးလေသည်။

ထိုလူမှာ ဦးခေါင်း သွင်သွင်ခါယမ်းလိုက်သည်။

'မင်းက အသက် မသေသေးဘဲကိုး၊ မင်းကို ဘာကြောင့် ရက်ရက်စက်စက် မြေကြင်းထဲ မြှုပ်ခဲ့ရတာလဲ၊ တော်တော် ကံဆိုးပါလား'



ပြောပြီး ချင်းသက်ထင်း၏ ခန္ဓာကိုယ်အား စမ်းသပ်ကြည့်လိုက်သည်။

ချင်းသက်ထင်းမှာ ဒဏ်ရာပြင်းစွာ ရထားသော်လည်း.... အသက်ရှင်နေသေးကြောင်း သိရှိသွား၏။

'မင်းကို ငါ ကယ်မှဖြစ်မှာပါ'

ထိုလူက တီးတိုးပြောကာ ချင်းသက်ထင်းအား ပခုံးပေါ် ထမ်းလိုက်သည်။

ထို့နောက်....

သချိုင်းမြေအနောက်ဘက်သို့ ဦးတည် ပြေးလွှားသွားလေတော့သည်။

အာချီ သက်ပြင်းချလိုက်သည်။

ကျက်ကျက် ဆူနေပြီဖြစ်သော ရေနွေးအိုးကို မီးဖိုပေါ်မှ ချလိုက်လေသည်။

လုထင်းက သူ့အား ငေးကြည့်နေ၏။

အာချီက လုထင်းဘက်သို့ ပြန်လှည့်လိုက်ပြီး....

'ငါမပြောဘူးလား၊ ငါ့ဘဝဟာ မင်းနဲ့ဘာထူးသလဲ'

လုထင်း ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်ဗျာ၊ မထူးပါဘူး....၊ ဒါပေမယ့် ကျွန်တော်တစ်ခုမေးချင်တယ်၊ မေးခွင့်ပြုပါ'

'မင်း ဘာမေးချင်လို့လဲ'

'ချင်းသက်ထင်းဆိုတာ ဘယ်သူလဲ'

'ဟား....ဟား....ဟား'

လုထင်း၏ အမေးစကားကြားလျှင် အာချီ သဘောကျစွာ ရယ်မောလိုက်လေသည်။

လုထင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

'ခင်ဗျား ဘာရယ်တာလဲဗျ'

'မင်းကို သဘောကျလို့ပါ'

'ဗျာ...'

'ချင်းသက်ထင်းဆိုတာ ငါပေါ့ကွ'

'လက်စသတ်တော့ ချင်းသက်ထင်းက ခင်ဗျားကိုး'

'ဟုတ်တယ်၊ အာချီဆိုတာ ငါ့နာမည်ကိုမပြောချင်လို့တမင် နာမည် လွှဲပြောထားတာကွ'

လုထင်း သက်ပြင်း ချလိုက်သည်။

'ကျွန်တော် မေးပါရစေဦး'

'မင်း ဘာသိချင်ပြန်ပြီလဲ'

'ယဉ်မင်းဝါးကော....'

'ငါ မိန်းမလား၊ သူ့အတွက် စိတ်မကောင်းစရာပဲ'

'ဘာဖြစ်လို့လဲ'

'သူသေသွားတယ်လေ'

'ဗျာ....'

လုထင်းစိတ်မကောင်း ဖြစ်သွားလေသည်။

စုမာကျင်းလက်ထဲ ရောက်သွားပြီးနောက် ယဉ်မင်းဝါး၏ ဘဝပျက်စီးသွားမည်ဖြစ်သည်ကိုကား နားလည်မိလေသည်။



ချင်းသက်ထင်းက ဆွေးမြည့်သောလေသံဖြင့်....

'ညီမလေး ယဉ်မင်းဝါးဟာ တကယ့်ကိုသစ္စာရှိတဲ့ ဇနီးသည် တစ်ယောက်ပါပဲ၊ သူဟာ စုမာကျင်းရဲ့ယုတ်မာမှုကို ခံလိုက်ရပြီးတဲ့နောက် ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားတယ်လို့ သိရပါတယ်....'

'အစ်ကိုကြီးကို ဘယ်သူပြောပြတာလဲ'

'အစ်ကိုကြီးစုံစမ်းလို့ သိရတာပေါ့'

'ဒါဆက် စုမာကျင်းကော....'

ချင်းသက်ထင်း၏မျက်နှာတွင် ခံပြင်းနာကြည်းသည့် အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။

အဝေးဆီသို့ ငေးမျှော်ကြည့်ရင်း....

'စုမာကျင်း....စုမာကျင်း'

ဟု တတွတ်တွတ် ရေရွတ်နေ၏။

ချင်းသက်ထင်း၏ သိုင်းပညာ ကြောက်မက်ဖွယ် ကောင်းအောင် ထက်မြက်နေကြောင်း သိထားပြီးဖြစ်၏။

* *

ထို့ကြောင့်....

စုမာကျင်းအား သုတ်သင်ပြီး ဖြစ်မည်ဟု ယုံကြည်မိလေသည်။

စုမာကျင်းအကြောင်း မမေးတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

ချင်းသက်ထင်း သက်ပြင်းချကာ....

'စုမာကျင်းလား၊ သူက အသက် ရှင်နေသေးတယ်လေ'

'ဗျာ....'

မမျှော်လင့်သော စကား ကြားလိုက်ရသည့်အခါ လုထင်း ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

ချင်းသက်ထင်းအား နားမလည်နိုင်စွာ ကြည့်လိုက်သည်။

'အစ်ကိုကြီး သူအသက်ရှင်နေသေးတယ် ဟုတ်လား'

'ဟုတ်တယ်ကွဲ့'

'အစ်ကိုကြီး သူ့ကို သုတ်သင်မပစ်ဖူးလား'

ချင်းသက်ထင်း အံကြိတ်လိုက်လေသည်။

'တောက်....ဒီလူယုတ်မာကို ကျုပ်က ဘယ်အလွတ်ပေးမလဲ၊ သုတ်သင်ပစ်ဖို့ လိုက်ရှာခဲ့တာပေါ့၊ ဒါပေမယ့် သူ့ကို မတွေ့ရတော့ဘူးလေ'

'သူက အစ်ကိုကြီးလာမယ်ဆိုတာ သိလို့ ထွက်သွားတယ် ဟုတ်လား'

ချင်းသက်ထင်း ခေါင်းယမ်းလိုက်သည်။

'မဟုတ်ဘူး၊ ကျုပ်ရောက်သွားတော့ စုမာကျင်းဟာ သူ့ရဲ့ စံအိမ်ကိုရောင်းချပြီး ထွက်သွားတာ ဆယ်နှစ်လောက်တောင်ရှိ



နေပြီ....၊ သူ ဘယ်ကိုထွက်သွားတယ်ဆိုတာ စုံစမ်းလို့ မရခဲ့ဘူးလေ....'

'အစ်ကိုကြီးက ဆယ်နှစ်ကျော်မှ ဒီကို ပြန်သွားခဲ့တယ်....ဟုတ်လား....'

'ဟုတ်တယ်'

'ဘာကြောင့် ချက်ချင်းပြန်မသွားတာလဲ၊ အစ်ကိုကြီးဇနီးသည် ကျန်ရစ်ခဲ့တယ်မဟုတ်လား'

ချင်းသက်ထင်း သက်ပြင်းချကာ....

'ကျုပ်က ချက်ချင်း ပြန်သွားချင်ပါတယ်....၊ ဒါပေမယ် ကျုပ် သတိရလာတော့ မိုင်ပေါင်း တစ်ရာကျော်ကွာဝေးတဲ့ နေရာကို ရောက်နေတာ တွေ့ရတယ်၊ ပြီးတော့ ကျုပ်ကိုကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်က သိုင်းပညာ သင်ပေးနေတာမို့ ချက်ချင်း မပြန်ဖြစ်တော့ဘူးလေ'

လုထင်း စိတ်မကောင်း ဖြစ်သွားလေသည်။

• • •

'အစ်ကိုကြီးအဖြစ်က တော်တော် ဆိုးတာပဲ၊ အစ်ကိုကြီးရဲ့ ဆရာက ကယ်တင်ပြီး သိုင်းပညာသင်ပေးခဲ့လို့ တော်သေးတာ

ပေါ့၊ ဒါထက် အစ်ကိုကြီးဇနီးသည် သေဆုံးသွားတယ်ဆိုတာ ဘယ်လိုလုပ် သိခဲ့ရတာလဲ'

ဟု မေးလိုက်၏။

ချင်းသက်ထင်းက....

'ကျုပ်ကို အနက်ရောင်ဝတ်ဆင်ထားသူငါးယောက်က ရန်စခဲ့တယ်ဆိုတာ မင်း မှတ်မိတယ်မဟုတ်လား'

'ဟုတ်ကဲ့....မှတ်မိပါတယ်'

'အဲဒီလူငါးယောက်ထဲက ကျုပ်ကို မြေမြှုပ်ခဲ့သူဟာ ကံဆိုးချင်တော့ အဲဒီမြို့မှာပဲ အခြေချနေထိုင်ခဲ့တယ်လေ၊ ဒါကြောင့် သူ့ကိုရှာတွေ့ခဲ့လို့ သူကတဆင့် ကျုပ်ဇနီးသည်အကြောင်း သိခဲ့ရတာပဲ၊ စုမာကျင်းဟာ ဒီအကျင့်ဆိုးရှိတယ်တဲ့၊ မိန်းကလေးတွေကို ဖျက်ဆီးပြီးရင် မောင်းထုတ် ပစ်လိုက်လေ့ရှိတယ်တဲ့၊ ကျုပ်ဇနီးကိုလဲ နောက်တစ်နေ့မှာ မောင်းထုတ်ပစ်လိုက်တယ်၊ ကျုပ်ဇနီးဟာ ကျုပ်သေသွားပြီထင်ပြီး ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားခဲ့တယ်'

လုထင်းလည်း ဒေါသ လာလေသည်။ ချင်းသက်ထင်းကို တချက်ကြည့်လိုက်ပြီး....

'အဲဒီလူဆိုးကိုကော အစ်ကိုကြီး မဆုံးမခဲ့ဘူးလား'

ချင်းသက်ထင်း ပြုံးလိုက်သည်။

'ကျုပ်က ညီလေးကိုဆုံးမခဲ့ပေမယ့် ကျုပ်ကိုယ်ကျုပ်တော့ စိတ်မထိန်းနိုင်ခဲ့သေးဘူးဆိုတာ ဝန်ခံပါတယ်'

'သူ့ကို အစ်ကိုကြီး သုတ်သင် ရှင်းလင်း ပစ်လိုက်တယ်ပေါ့....'



'ဟုတ်တယ်'

'ကျန်တဲ့လူ လေးယောက်ကော....'

'နောက်ထပ် နှစ်ယောက်ကို စုံစမ်းလို့ရတယ်....၊ သူတို့လဲ အပေါ်ဒေသက် လိုက်သွားကြပါပြီ....၊ လွတ်မြောက်နေတာက စုမာကျင်းနဲ့ လူနှစ်ယောက်ပဲ ကျန်တော့တယ်'

လုထင်းက....

'အစ်ကိုကြီးက သူတို့ကို လိုက်ရှာနေတာပေါ့ ဟုတ်လား'

ချင်းသက်ထင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူတို့ကို သုတ်သင်ရှင်းလင်းနိုင်ရင် ကျုပ်သေပျော်ပါပြီ'

'ဒါထက် အစ်ကိုကြီး သချိုင်းမြေမှာနေခဲ့တာ ဘာသဘောလဲ၊ သူတို့သတင်းစုံစမ်းဖို့ အခွင့်အရေး ရနိုင်လို့လား'

ချင်းသက်ထင်း ရယ်မောလိုက်လေသည်။

* * *

'ဟား....ဟား....ဟား....ဒါက သူတို့နဲ့မဆိုင်ပါဘူး၊ တခြားကိစ္စကြောင့်ပါ'

'ဘာကိစ္စလဲဆိုတာ အစ်ကိုကြီး ပြောမပြနိုင်ဘူးလား'

'ညီလေး စိတ်ဝင်စားတယ် ဟုတ်လား'

လုထင်း ပါးစပ် ပိတ်ထားလိုက်လေသည်။

ချင်းသက်ထင်းက....

'အစ်ကိုကြီးကို ကယ်တင်သွားတဲ့လူဟာ သင်္ချိုင်းမြေထဲလာပြီး သိုင်းပညာလေ့ကျင့်နေတယ်လို့ အစ်ကိုကြီး ပြောခဲ့တယ် မဟုတ်လား'

'ဟုတ်ပါတယ်....၊ ဒါကြောင့် ကျွန်တော် စိတ်ဝင်စားမိတာပါ....'

'မှန်တယ်၊ သူ့ရဲ့ပညာဟာ အင်မတန်ထူးခြားတယ်၊ သာမန် သိုင်းပညာရှင်တွေနဲ့မတူဘူး၊ သူက လူတွေရဲ့အကြောအချှိုတွေ၊ အရိုးအဆစ်တွေကို ခွဲခြမ်းစိတ်ဖြာပြီး အဓိကကျတဲ့နေရာတွေကို ဘယ်နည်းဘယ်ပုံ တိုက်ခိုက်ရမယ်ဆိုတာ တီထွင်ထားတာပဲ....'

'ဪ'

ချင်းသက်ထင်းက သူ့အား စိုက်ကြည့်လိုက်သည်။

လုထင်းကလည်း သူ့အား ငေးကြည့်နေလေသည်။ ချင်းသက်ထင်း ပြုံးပြလိုက်၏။

လုထင်းကလည်း အလိုလို ပြန်လည်ပြုံးပြလိုက်မိလေသည်။

ချင်းသက်ထင်းက....

'ညီလေး သူများတွေက ညီလေးကို ဒုက္ခ ပေးခဲ့ကြတယ် မဟုတ်လား....ဟင်'

ဟု မေးလိုက်လေသည်။

လုထင်း ခေါင်းညိတ်လိုက်သည်။



'ဟုတ်ပါတယ် အစ်ကိုကြီး'

'ညီလေးစိတ်ထဲ ဘယ်လိုခံစားရသလဲ'

'ကျွန်....ကျွန်တော်'

ချင်းသက်ထင်းက....

'ညီလေး....သိုင်းပညာ မသင်ချင်ဘူးလား'

'ဗျာ....'

လုထင်း ပါးစပ် အဟောင်းသား ဖြစ်သွားရပြန်လေသည်။ ချင်းသက်ထင်းကို မယုံကြည်နိုင်စွာ ကြည့်လိုက်၏။

* * *

ချင်းသက်ထင်းက....

'ညီလေးရဲ့ဘဝကို ကျုပ် ကိုယ်ချင်းစာပါတယ်၊ ဒါကြောင့် ညီလေးနောက်ကိုလိုက်ပြီး ကူညီခဲ့တာပေါ့၊ ညီလေး လက်ခံမယ်ဆိုရင် အစ်ကိုကြီးရဲ့ပညာ ညီလေးကိုသင်ပေးချင်တယ်'

ဟု ရှင်းပြလေသည်။

လုထင်း ငိုင်နေသည်။

သိုင်းပညာသင်ယူရန် စိတ်မဝင်စားသဖြင့် မိခင်နှင့် ဦးလေး သင်ကြား ပေးခဲ့သည်ကိုပင်လျှင် ငြင်းဆန်ခဲ့လေသည်။

ယခုတော့....

သိုင်းပညာ တတ်မြောက်မှသာလျှင် မိမိကိုယ်ကို ခုခံကာကွယ်နိုင်မည်ဟု ယူဆလာပြီ ဖြစ်လေသည်။

သိုင်းပညာ သင်ယူလိုသည့် စိတ်များ ပေါ်ပေါက်လာခဲ့ပြီ မဟုတ်ပါလား။

သူ၏မိခင် မှာကြားသွားသည့် အတိုင်း မြောင်နယ်ခြားသို့ သွားကာ အဆိပ်များ စုဆောင်းပြီး မိခင်ပေးခဲ့သည့် သိုင်းကျမ်းမှ သိုင်းပညာကို လေ့ကျင့်မည်ဖြစ်သည်။

ချင်းသက်ထင်း သိုင်းပညာမှာ ကြောက်မက်ဖွယ် ကောင်းအောင် ထက်မြက်နေမှန်း သိထားပါ၏။

သို့သော်....

သူက သင်ကြားပေးရန် တောင်းခံရမည်ကို အားတုံ့ အားနာ ဖြစ်နေပါ၏။

ထို့ကြောင့်....

ခေါင်းယမ်းလိုက်ပြီး....

'ကျေးဇူး တင်ပါတယ်ခင်ဗျာ၊ ကျွန်တော် မသင်ချင်ပါဘူး'

ဟု ပြောလိုက်၏။

သူ၏စကား ကြားလျှင် ချင်းသက်ထင်း အံ့သြ သွားလေသည်။

လုထင်းအား နားမလည်နိုင်စွာ ကြည့်လိုက်၏။

လုထင်း မျက်နှာလွှဲထားလိုက်လေသည်။

ချင်းသက်ထင်းက....



'ညီလေး ဘာဖြစ်လို့ မသင်ချင်တာလဲ၊ ပြောစမ်းပါဦး....၊ အစ်ကိုကြီးသိုင်းပညာ ထက်မြက်မှုမရှိဘူး ထင်လို့လား'

ဟု မေးလိုက်၏။

ချင်းသက်ထင်း စိတ်ဆိုးသွားမည်ကိုကြောက်ရွံ့ကာ လုထင်း ကမျာကယာ လက်ကာပြလိုက်ပြီး....

'မဟုတ်ပါဘူးအစ်ကိုကြီးရယ်၊ ကျွန်တော်က ဒီသဘောမျိုးနဲ့ပြောတာ မဟုတ်ပါဘူး'

'ဒါဖြင့် ဘာကြောင့်လဲ ပြောစမ်းပါဦး'

'ကျွန်တော့်ကြောင့် အစ်ကိုကြီး အလုပ်ရှုပ်နေမှာ စိုးရိမ်လို့ပါ....'

ချင်းသက်ထင်း ပြုံးလိုက်လေသည်။

'ကိစ္စမရှိပါဘူးကွာ၊ တို့တတွေ ညီအစ်ကိုတွေပဲမဟုတ်လား၊ တစ်ယောက်ကိုတစ်ယောက် ကူညီရမှာပေါ့'

'ကျွန်....ကျွန်တော်'

'ညီလေး....မင်း ဘာဖြစ်နေတာလဲ'

လုထင်းမှာ ဝမ်းဟုတ်ကို သတိရလာလေသည်။

ထို့ကြောင့်....

'အစ်ကိုကြီး ကျွန်တော့်မှာအရေးကြီးတဲ့ကိစ္စတစ်ခုဆောင်ရွက်စရာရှိသေးလို့ပါ'

ချင်းသက်ထင်း မျက်မှောင် ကြုတ်သွားသည်။

'ဘာကိစ္စလဲ အစ်ကိုကြီးကို ပြောစမ်းပါဦး'

'ဗြော်....ကျွန်တော့်ဦးလေးဟာ အသက်ထင်ရှား ရှိနေပါသေးတယ်၊ သူဟာ ကျွန်တော့်ကို အလွန် ချစ်မြတ်နိုးခဲ့သူပါ၊

သူဟာ လူကောင်းဖြစ်စေ၊ လူဆိုးဖြစ်စေ ကျွန်တော့်အပေါ် ထားရှိခဲ့တဲ့ကျေးဇူးတွေကို ထောက်ထားပြီး သူ့ကိုသွားကယ်မယ်လို့ ဆုံးဖြတ်ထားပါတယ်'

ချင်းသက်ထင်း တွေဝေသွား၏။

ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်ပြီး စဉ်းစားနေ၏။ လုထင်းလည်း ဘာမှမပြောတော့ချေ။

* * *

ချင်းသက်ထင်းနှင့် မျက်နှာချင်း မဆိုင်ဝံ့သဖြင့် မျက်နှာကို တစ်ဖက်လှည့်ထားလိုက်လေသည်။

သူတို့နှစ်ယောက် စကားမပြောဘဲနေကြသဖြင့် ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက် သွားလေသည်။

အတန်ကြာသည်အထိ စကားမပြောဖြစ်ကြပါချေ။ တိတ်ဆိတ်မှုအား စတင်ဖြိုခွဲလိုက်သူမှာ ချင်းသက်ထင်း ဖြစ်လေသည်။

ချင်းသက်ထင်းက လုထင်းဘက်သို့ ပြန်လှည့်လာပြီး....

'ညီလေး'

ဟု ခေါ်လိုက်၏။



လုထင်းက....

'အစ်ကိုကြီး ဘာပြောမလို့လဲဟင်'

'ညီလေး ဆုံးဖြတ်ပြီးပြီပေါ့ ဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

'ညီလေးရဲ့ရန်သူတွေကို ရင်ဆိုင်ဖို့ သိုင်းပညာသင်ယူမှ ဖြစ်မယ်ဆိုတာကော ညီလေးသိသလား'

လုထင်းခေါင်းညိတ်လိုက်သည်။

'ကျွန်တော် နားလည်သဘောပေါက်ပါတယ် အစ်ကိုကြီး'

'ကောင်းပြီ၊ ညီလေးအတွက် လိုအပ်တဲ့ သိုင်းပညာ သင်ယူတော့မယ်ဆိုရင် တခြားလူတွေဆီကိုမသွားဘဲ အစ်ကိုကြီးဆီမှာ သင်ယူပါ့မယ်လို့ ညီလေး ကတိ ပေးနိုင်ပါ့မလား'

လုထင်း သက်ပြင်းချလိုက်သည်။

* * *

သေးမတော် သားမစပ် သူတို့နှစ်ယောက် ညီအစ်ကိုအရင်းမှာ ခင်မင်နေမိကြပြီ ဖြစ်လေသည်။

မမြင်ရသည့် သံယောဇဉ်ကြိုးသည် သူတို့ နှစ်ယောက်အား အထပ်ထပ် ချည်နှောင် ရစ်ပတ်ထားပေတော့သည်။

လုထင်း ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ၊ ကျွန်တော်ကတိပေးနိုင်ပါတယ်အစ်ကိုကြီး'

ချင်းသက်ထင်း ဝမ်းသာ သွားလေသည်။

'ဝမ်းသာလိုက်တာ ညီလေးရယ်၊ ဒါထက် ညီလေး ဦးလေးက ဘယ်မှာလဲ ပြောစမ်းပါဦး'

'မြို့စားကြီး လုံကျင်းချန်းလေ ဖမ်းချုပ်ထားတယ်လို့ ပြောပါတယ်'

ချင်းသက်ထင်း မျက်မှောင်ကြုတ်သွား၏။ လုထင်းကိုစိုက်ကြည့်ကာ....

'မြို့စားကြီး လုံကျင်းချန်း ဟုတ်လား'

'ဟုတ်ပါတယ် အစ်ကိုကြီး'

'ဒါဆိုရင်တော့ ချယ်ရီမြို့မှာရှိနေမှာပဲ'

လုထင်း ဘာမှမပြောဘဲ နေလိုက်လေသည်။

• • •

ချင်းသက်ထင်းက....

'ငါ့ညီ....မြို့စားကြီး လုံကျင်းချန်းဟာ ခေသူမဟုတ်ဘူး....၊ အတော်ကို သတိ ထားရလိမ့်မယ်နော်'

'ကျွန်တော် ကြိုးစားပါ့မယ်'

'ငါ့ညီ ကြိုးစားမယ်ဆိုတာ အစ်ကိုကြီးယုံကြည်တယ်၊ ဒါပေမယ့် ညီလေးရင်ဆိုင်ရမယ့်လူတွေဟာ သိုင်းလောက ထိပ်ထိပ်ကျဲ သိုင်းသမားတွေ ဖြစ်နေကြတယ်၊ ငါ့ညီ သိုင်းပညာနဲ့ ယှဉ်ပြိုင်နိုင်ဖို့ဆိုတာ မလွယ်လှဘူး၊ ဒါကြောင့် ငါ့ညီကို သတိပေးချင်တယ်'

'ပြောပါ အစ်ကိုကြီး'

ချင်းသက်ထင်းက....

'ညီလေး စိတ်မဆိုးပါဘူးနော်'

'ဗျာ....'

'ရှင်းရှင်းပြောရရင် ညီလေးကို မသွားစေချင်ဘူး'

လုထင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

ချင်းသက်ထင်းက လုထင်း၏ပခုံးကို လှမ်းပုတ်ရင်း....

'ညီလေးစိတ်ပျက်သွားအောင် ပြောနေတာ မဟုတ်ဘူး....၊ သူတို့ကို ညီလေး ဘယ်လိုမှ ရင်ဆိုင်နိုင်မယ် မဟုတ်ဘူးဆိုတာ သိလို့ ပြောနေတာ၊ အစ်ကိုကြီး သဘောပြောရရင် သိုင်းပညာ နည်းနည်းပါးပါး သင်ကြားပြီးမှ သွားရင် ကောင်းမယ် ထင်တယ်....'

လုထင်း ပင့်သက် ရှိုက်လိုက်လေ၏။

'အစ်ကိုကြီး သင်ပေးမယ် ဟုတ်လား'

'ဒါပေါ့'

'ကောင်းပါပြီ၊ သိုင်းကွက် တစ်ကွက်နှစ်ကွက်လောက်တော့ ကျွန်တော် သင်ပါ့မယ်'

'မင်း တကယ် ပြောတာနော်၊ ဝမ်းသာလိုက်တာ ညီလေး ရာ....'

ချင်းသက်ထင်း ဝမ်းသာအားရ ဖြစ်သွား၏။ လုထဝ်းအား သိုင်းဖက်လိုက်၏။

လုထင်းကလည်း ပြန်လည် ဖက်ထားလိုက်လေတော့သည်။

## ဇာ့တင်ရန်ကြွေး

ကျယ်ဝန်းသောခန်းမတွင်းဝယ် အနီရောင် အဝတ်အစား ဆင်တူ ဝတ်ဆင်ထားပြီး လှံတံရှည်များကိုယ်စီ ကိုင်ဆောင်ထားသူများ တစ်ဖက်တစ်ချက်တွင် စီတန်းရပ်နေကြလေသည်။

ခန်းမအလယ်တွင် အဘိုးအိုတစ်ယောက် လက်နှစ်ဘက် နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

ထိုအဘိုးအိုမှာ အသက် ခြောက်ဆယ်ခန့်ရှိပြီး.... ဥပဓိရုပ် ကောင်းသူ ဖြစ်ပေသည်။

ထိုအဘိုးအိုသည် သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသည့် မိုးကြိုးလှံ ဂိုဏ်းချုပ် ကျင်းခုံး ဖြစ်သည် မဟုတ်လား။

ကျင်းခုံး၏မျက်နှာပေါ်တွင် စိတ်ရှုပ်သည့်အမူအရာ အထင်းသား ပေါ်လွင်နေပေသည်။

ရုတ်တရက် ခြေသံများ ထွက်ပေါ်လာသည်။

အခန်းတွင်းသို့ လူတစ်ယောက် လှမ်းဝင်လာလေသည်။ ကျင်းခုံး ခြေလှမ်း တုံ့ခနဲရပ်သွား၏။

ချက်ချင်း နောက် လှည့်ကြည့်လိုက်ရာ ဝင်လာသူမှာ မင်းသားလေး ကျင်းစိန်ဖြစ်နေသည်ကို တွေ့ရလေသည်။

ကျင်းခုံး မဲ့ပြုံးပြုံးလိုက်သည်။

'မင်း ပြန်ရောက်လာပြီလား'

ဟု မေးလိုက်လေသည်။

မင်းသားလေးကျင်စိန်က ကြမ်းပြင်ပေါ် ဒူးထောက်ချကာ ဂါရဝပြုလိုက်လေသည်။

'ဖေဖေ....'

'မင်းအခြေအနေ ဘယ်လိုလဲ'

'ကျွန်....ကျွန်တော်'

'မင်းက ဘာမဟုတ်တဲ့ လူတစ်ယောက်ကို ရှုံးနိမ့်ခဲ့တယ် မဟုတ်လား'

မင်းသားလေးကျင်းစိန် ပါးစပ် ပိတ်ထားလိုက်လေသည်။ ကျင်းခုံးက ကြမ်းပြင်ပေါ် ခြေဆောင့်လိုက်လေသည်။

ဝုန်းခနဲမြည်သံ ထွက်ပေါ်လာလျှင် မင်းသားလေး ကျင်းစိန်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ကျင်းခုံးက....

'ပြောစမ်းပါဦးကွ'



ဟု ထပ်မေးလိုက်သည်။

မင်းသားလေးကျင်းစိန် ခေါင်းမော့ကြည့်လာသည်။ ခေါ်သထွက်နေသည့် ဖခင်ဖြစ်သူကိုမြင်လျှင်ထိတ်လန့်သွားပြီး....

'ဖေဖေ ကျွန်တော် သူ့ကို အနိုင်တိုက်ခိုက်နိုင်ခဲ့ပါတယ်'

'ဘာကွ....'

'ကျွန်....ကျွန်တော်'

'မင်းက အနိုင်ရခဲ့တယ် ဟုတ်လား၊ ဒါဖြင့် မင်းလူတွေ ဘာကြောင့် ဒဏ်ရာရလာခဲ့တာလဲ'

'သူ....သူတို့'

'ဟွန်း....သူက မေ့ဆေး အသုံးပြုလိုက်လို့ပေါ့ကွာ၊ အဆိပ်သာ အသုံးပြုမယ်ဆိုရင် မင်းတို့အားလုံး သေကုန်ပြီပေါ့'

မင်းသားလေး ကျင်းစိန် ဒေါသထွက်လာသည်။ လုထင်းအား အမုန်းကြိတ်ပစ်လိုစိတ်များပင် ပေါ်လာလေသည်။

* * *

ကျင်းခုံးက....

'လုထင်းဟာ.... သံမဏိယပ်တောင် ဝမ်းလျှန်ရဲ့သားဆိုတာ မင်းမသိဘူးလားကွ'

'သိ....သိပါတယ် ဖေဖေ'

'သိရဲ့သားနဲ့ ဘာဖြစ်လို့ဒီလောက်တောင် ပေါ့ဆရတာလဲ'

'ကျွန်....ကျွန်တော် မပေါ့ဆခဲ့ပါဘူး'

'လာပြန်ပြီလား ဒီစကား'

မင်းသားလေး ကျင်းစိန်က ရှင်းပြလိုက်လေသည်။

'ဖေဖေ....ကျွန်တော် သူ့ကို အနိုင် တိုက်ခိုက်နိုင်ခဲ့ပါတယ်၊ ဒါပေမယ့် သူ့ရဲ့မိတ်ဆွေတစ်ယောက် ရောက်လာပြီးတိုက်ခိုက်ခဲ့လို့ပါ'

'လုထင်းရဲ့မိတ်ဆွေ ဟုတ်လား'

'ဟုတ်ပါတယ် ဖေဖေ'

'သူ့မိတ်ဆွေက ဘယ်သူလဲ'

'သူ....သူက'

ကျင်းခုံး မဲ့ပြုံးပြုံးလိုက်ပြန်သည်။

'ဘာလဲ မင်း မသိဘူးလို့ ပြောမလို့ မဟုတ်လား'

'ကျွန်....ကျွန်တော်မသိတာက သူဟာ မျက်နှာဖုံးစွပ်ထားလို့ပါ'

'သူက မင်းကို အနိုင် တိုက်ခိုက်သွားတာပဲ၊ သူ့ပညာကို ကြည့်ပြီး ဘယ်သူဘယ်ဝါဆိုတာ မသိနိုင်ဘူးလား'

မင်းသားလေးကျင်းစိန် ခေါင်းငုံ့ထားလိုက်လေသည်။

ကျင်းခုံးက....

'မင်းကိုယ်မင်း တော်လှပြီတက်လှပြီ ထင်နေတယ် မဟုတ်လား၊ တကယ်ဆိုရင် ဆရာကြီး နန်းကုန်းရဲ့သမီးခြေဖျားတောင် မင်း မီမှာမဟုတ်ဘူးကွ'



မင်းသားလေးကျင်းစိန် ရှက်သွားလေသည်။ သူ၏မျက်နှာ နီမြန်းသွားသည်။

သို့သော်....

ဖခင်ဖြစ်သူကို ခံမပြောဝံ့ပါချေ။

ဖခင်စိတ်ဆိုးလျှင် သူများနှင့်မတူကြောင်း ကောင်းစွာနားလည်ထားပေတော့သည်။

ကျင်းခုံးက...

'မင်း....အခုအချိန်ကစပြီး အပြင်ထွက်ဖို့ စိတ်မကူးနဲ့တော့၊ မိုးကြိုးလု သိုင်းပညာကို ဆုံးခန်းတိုင် လေ့ကျင့်ပေတော့...၊ လေ့ကျင့်လို့ မအောင်မြင်မချင်း ဒီကတဖဝါးမှမခွာရဘူး၊ ငါပြောတာ ကြားတယ်မဟုတ်လား'

ဟု ပြောလိုက်၏။

မင်းသားလေး ကျင်းစိန်က....

'ဖေဖေ ကျွန်တော် လုထင်းကို....'

'မင်းပါးစပ် ပိတ်ထားလိုက်စမ်း'

မင်းသားလေး ကျင်းစိန် ရှေ့ဆက်မပြောဝံ့တော့ချေ။

ကျင်းခုံးက....

'လုထင်းကို ငါကာဝန်ထားလိုက်၊ အခု သိုင်းလောကမှာ ဘာတွေဖြစ်နေတယ်ဆိုတာ မသိသေးဘူး၊ လုထင်းက အရေးမကြီးဘူး၊ လုထင်းအဖော်က အရေးကြီးတယ်'

မင်းသားလေး ကျင်းစိန်က ဖခင်ဖြစ်သူကို မော့ကြည့်လိုက်သည်။

ကျင်းခုံးက ဆက်ပြောသည်။

'လူထင်းရဲ့အဖေဘ်ဟာ ရှင်ပျော်ပျော်အဘိုးဘိုလို့ သတင်းထွက်ပေါ်နေတယ်ကွ'

'ဗျာ'

မင်းသားလေးကျင်းစိန် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

• • •

ကျင်းခုံးက....

'ရှင်ပျော်ပျော် အဘိုးအိုဆိုတဲ့ အမည်ကို မင်း ကြားဖူးတယ် မဟုတ်လား'

'ဟုတ်....ဟုတ်ကဲ့ ကြားဖူးပါတယ် ဖေဖေ'

'မင်း သူ့ကိုယှဉ်နိုင်မလား'

'ကျွန်တော်....ကျွန်တော်'

'ငါမေးတာ ဖြေစမ်းပါ'

'ယှဉ်နိုင်မှာ မဟုတ်ပါဘူး ဖေဖေ'

'လူထင်းက ရှင်ပျော်ပျော်အဘိုးအိုနဲ့ အတူတူရှိနေပြီး မင်းသူ့ကို ဒုက္ခသွားပေးရင် ဘာဖြစ်သွားမလဲ၊ စဉ်းစားကြည့်စမ်း'

မင်းသားလေးကျင်းစိန် ခံပြင်းသွားသည်။



လူထင်းအား သုတ်သင်ရှင်းလင်းနိုင်ခြင်း မရှိလျှင် လူဝမ်းဝမ်းက သူ့အား မကျေမနပ်ဖြစ်မည်မှာ သေချာသည်။

ဤအချက်ကို ကျင်းခုံးလည်း နားလည်သဘောပေါက်ထားပုံ ရသည်။

'ဘာလဲ မင်းကောင်မလေးက မင်းကို ဖြိုဖြင်သွားမှာကို မင်း စိုးရိမ်နေတယ် မဟုတ်လား'

'ကျွန်တော်'

'မင်းကောင်မလေးနဲ့ နန်းကုန်းယန် ဘယ်သူက သာသလဲ ပြောစမ်း'

'နန်းကုန်းယန်က သာပါတယ် ဖေဖေ'

ကျင်းခုံး ပြုံးလိုက်သည်။

'မင်းကို နန်းကုန်းယန်နဲ့ လက်ထပ်ပေးမယ်ဆိုရင်ကော မင်း ဘယ်လိုသဘောရသလဲ'

'ဗျာ'

မင်းသားလေးကျင်းစိန် မျက်လုံးပြူးသွားသည်။

ဖခင်ဖြစ်သူကို မယုံကြည်နိုင်စွာ ကြည့်လိုက်သည်။

ကျင်းခုံးက....

'ငါမေးတာ ဖြေစမ်းပါဦး'

'ကျွန်တော်'

'မင်း သဘောကျတယ် မဟုတ်လား'

'ဟုတ်....ဟုတ်ကဲ့'

ကျင်းခုံး ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား....'

ကျင်းခုံး၏ ရယ်မောသံမှာ ခန်းမဆောင်အတွင်း ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မင်းသားလေး ကျင်းစိန်ရင်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

လုဝမ်းဝမ်းနှင့် နန်းကုန်းယန်တို့ ယှဉ်လျှင် နန်းကုန်းယန်မှာ သိုင်းပညာကော ချောမောလှပမှုပါ အပုံကြီးသာကြောင်း နားလည်ထားသည်။

နန်းကုန်းယန်အား တွေ့မြင်ရစဉ်က လိုချင်တပ်မက်သည့် စိတ်များ ဖြစ်ပေါ်ခဲ့သည် မဟုတ်လား။

• • •

ယခုတော့....

ဖခင်ဖြစ်သူက တာဝန်ယူလာချေပြီ။

မင်းသားလေးကျင်းစိန် ပျော်ရွှင်သွားတော့၏။

ကျင်းခုံးက....

'သူ့ကိုလိုချင်တယ်ဆိုရင် မိုးကြိုးလှံပညာကို ဆုံးခန်းတိုင်အောင် လေ့ကျင့်ရလိမ့်မယ်'

ဟု ပြောလိုက်သည်။



မိုးကြိုးလှံတစ်ထောင်ခန့် မင်းသားလေးကျင်းစိန် တတ်မြောက်ထားခဲ့ပြီ ဖြစ်သည်။

ကျန်တစ်ဝက်အား သင်ယူရန်မှာ အလွန် ခက်ခဲ ပင်ပန်းလွန်းသဖြင့် မင်းသားလေး ကျင်းစိန်က သင်ယူရန် ငြင်းဆန်နေခဲ့ခြင်း ဖြစ်၏။

ယခုတော့....

ချက်ချင်းပင် ခေါင်းညိတ်လိုက်သည်။

'ကျွန်တော် သင်ယူပါ့မယ် ဖေဖေ'

'ဒီလိုမှပေါ့'

ကျင်းခုံး ပြုံးလိုက်ပြီး စကားဆက်လိုက်သည်။

'လုထင်းအတွက် ဖေဖေ တာဝန်ယူလိုက်ပြီ၊ ဒါကြောင့် မကြာခင် ဖေဖေ ခရီးထွက်ရလိမ့်မယ်၊ သားက ဒီမှာနေခဲ့ပြီး သိုင်းပညာ လေ့ကျင့်ပါ'

'ကောင်းပါပြီ ဖေဖေ'

ကျင်းခုံး လက်ဝေ့ယမ်းပြလိုက်သည်။

မင်းသားလေးကျင်းစိန် ဒူးထောက်ရာမှ ထလိုက်သည်။

ဖခင်အား ဂါရဝပြုပြီး အခန်းတွင်းမှ ထွက်သွားသည်။

သူ၏ခြေလှမ်းများ ပေါ့ပါးနေ၏။

ကျင်းခုံး သက်ပြင်းချလိုက်သည်။

မင်းသားလေး ကျင်းစိန် ထွက်သွားပြီးမှ အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်၏။

သူ့လက် ပြန်ထုတ်လိုက်သည့်အခါ စာတစ်စောင် ပါလာသည်။

ကျင်းခုံးက စာကိုဖြန့်ကာ ဖတ်လိုက်၏။
ထိုအခါ....
စာထဲ၌....

မိတ်ဆွေကျင်းခုံး....

ဆရာကြီး နန်းကုန်းစိမ့် အခြေအနေ မဟန်တော့ဘူး။

သူ့ဆီက အရိပ်မဲ့လက်ညှိုး သိုင်းကျမ်း ကျုပ်ရထားပြီ။

မကြာခင် သူ့ကိုရှင်းလိုက်တော့မယ်။

သူ့သမီး နန်းကုန်းယန်အတွက် ခင်ဗျား တာဝန်ယူလိုက်ပါ။

ပြီးမှ ရှင်ပျော်ပျော် အဘိုးအိုကို စုပေါင်းရင်ဆိုင်ကြတာပေါ့။

သင့်မိတ်ဆွေ....
တန့်ဟန်

ဟု ရေးသားထားသည်ကို တွေ့မြင်နိုင်ပေသည်။
ကျင်းခုံးက စာရွက်ကို ချက်ချင်း ဆုတ်ဖြဲလိုက်သည်။
ထို့နောက်....
အခန်းအတွင်းမှ ခပ်သွက်သွက် လှမ်းထွက်သွား၏။
သိုင်းလောကတွင် ထင်ရှားကျော်ကြားသော်လည်း မိုးကြိုးလှ ဂိုဏ်း၌သာ နေခဲ့သည်မှာ အတော်ကြာချေပြီ။



ယခု....
သိုင်းလောကသို့ ထွက်နေတော့မည် ဖြစ်သည်။
မကြာမီ....
မိုးကြိုးလှ ဂိုဏ်းသည် သိုင်းလောက၌ ယခုထက်ပို၍ လျှမ်းလျှမ်းတောက် ကျော်ကြားလာတော့မည်ဟု ယုံကြည်ထားလေသည်။

* * *

မြင်းနှစ်ကောင် ဒုန်းစိုင်း ပြေးလွှားနေလေသည်။
မြင်းစီးလာသူနှစ်ယောက်ကား လုထင်းနှင့် ချင်းသက်ထင်းတို့ ဖြစ်ကြလေသည်။
'ခွပ်ခွပ်....ခွပ်ခွပ်'
မြင်းခွာသံများ ကျယ်လောင် ထွက်ပေါ်နေ၏။
လမ်းပေါ်တွင် ဖုန်တထောင်းထောင်း ထသွားသည်။
လုထင်းနှင့် ချင်းသက်ထင်းတို့က မရပ်မနား ခရီးနှင်သွားကြလေသည်။
အတော်လေးကြာအောင် ခရီးနှင်ပြီးလျှင် တောင်ကြားတစ်ခုသို့ ရောက်ရှိသွားလေသည်။

ချင်းသက်ထင်းက တောင်ကြားပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

ပြီးလျှင် လက်တစ်ဘက် အပေါ်မြှောက်ပြရင်း....

'ညီလေး ရပ်လိုက်ဦး'

ဟု ပြောလိုက်လေသည်။

လုထင်း မြင်းဇက်ကြိုး တင်းတင်းဆွဲကာ ရပ်တန့်လိုက်၏။

ချင်းသက်ထင်းကလည်း မြင်းရပ်တန့်လိုက်သည်။

လုထင်းက....

'အစ်ကိုကြီး ဘာဖြစ်လို့လဲ'

ဟု မေးလိုက်လေသည်။

ချင်းသက်ထင်းက တောင်ကြားဆီသို့ညွှန်ပြရင်း....

'ညီလေး တို့တတွေ တောင်ကြားထဲ ဝင်သွားကြရင် မကောင်းဘူးလား၊ ဒီနေရာကို လူသူမလာနိုင်ဘူး ထင်ပါတယ်'

ဟု ပြောလိုက်၏။

လုထင်း ခေါင်းညိတ်လိုက်သည်။

'ကောင်းသားပဲ'

'ဒါဖြင့် သွားကြစို့'

သူတို့နှစ်ယောက် တောင်ကြားအတွင်းသို့ မြင်းဒုန်းစိုင်းနှင်ကာ ဝင်သွားကြ၏။

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ဘေးတစ်ဘက်တစ်ချက်ရှိ တောင်နံရံများကို ရိုက်ခတ်ကာ ပဲ့တင်ထပ်၍ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။



လုထင်း ပြုံးလိုက်သည်။

'အတော် ထူးဆန်းတယ်နော်'

ဟု ပြောလိုက်၏။

ထိုအခါ....

'အ....အ တော်....တော်....ထူး....ထူး....ဆန်း....ဆန်း'

ပဲ့တင်သံများ ထွက်ပေါ်လာလေသည်။

လုထင်းမျက်လုံးပြူးသွားသည်။

'ဟင် စကား....'

သူစကားဆုံးအောင် မပြောလိုက်ရပါချေ။

* * *

အကြောင်းမှာ....

'ဟင်....ဟင်....စ....စ....ကား....ကား'

ပဲ့တင်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာခြင်းကြောင့် ဖြစ်လေသည်။

လုထင်း ပါးစပ်ပိတ်ထားလိုက်၏။

ချင်းသက်ထင်း သဘောကျစွာ ပြုံးလိုက်သည်။

လက်ဟန်ခြေဟန်ဖြင့် အတွင်းဘက် ဆက်ဝင်ရန် ပြောဆိုလိုက်၏။

လုထင်း ခေါင်းညိတ် သဘောတူလိုက်လေသည်။

သူတို့နှစ်ယောက် အတွင်းဘက်သို့ ဆက်ဝင်သွားကြသည်။

မြင်းခွာသံများကား ကျယ်လောင်စွာ ထွက်ပေါ်နေဆဲ....

'ခွပ်ခွပ်....ခွပ်ခွပ်'

'ခွပ်ခွပ်....ခွပ်ခွပ်'

ပဲ့တင်သံများကြောင့် လုထင်းနားမခံသာအောင် ဖြစ်မိလေသည်။

သို့သော် အံ့ဩဖွယ်ကောင်းလောက်အောင်ပင် ရှေ့သို့တစ်မိုင်ခန့် ဆက်၍ဝင်သွားရာ ပဲ့တင်သံများ ကွယ်ပျောက်သွားသည်ကို သိရှိလိုက်ရလေသည်။

လမ်းဘေး တစ်ဘက်တစ်ချက်တွင်း စိမ်းလန်းသောသစ်ပင် ဖုံးလွှမ်းနေသည်ကို တွေ့ရ၏။

တောင်ကြားလမ်းမှာ ကျယ်ဝန်းသည်ထက် ကျယ်ဝန်းလာလေသည်။

လုထင်းက....

'အင်မတန်သာယာတဲ့ နေရာပဲ'

ဟု ပြောလိုက်၏။

လွှတ်ခနဲပြောပြီးမှ ပဲ့တင်သံများ ထွက်ပေါ်လာမည်ကို စိုးရိမ်ကာ ချက်ချင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

သို့သော် ပဲ့တင်သံ ထွက်ပေါ်လာခြင်း မရှိတော့ချေ။

'ဟား....ဟား....ဟား'



ချင်းသက်ထင်း သဘောကျစွာ ရယ်မောလိုက်လေသည်။

လုထင်းလည်း ရယ်မောလိုက်သည်။

သူတို့နှစ်ယောက် အတန်ကြာ ရယ်မောလိုက်ကြပြီးမှ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ချင်းသက်ထင်းက....

'တို့တတွေ မမျှော်လင့်ဘဲ ဝင်လာမိခဲ့တာ ကံကောင်းနေပြီ' ဟု ပြောလိုက်သည်။

• • •

လုထင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျွန်တော်တို့ လမ်းအတိုင်း ဆက်သွားခဲ့ရင် ဒီတောင်ကြားထဲကို ရောက်တော့မှာ မဟုတ်ဘူးနော်'

'အင်း ဒီနေရာကို လူသူအရောက်အပေါက် ရှိပုံမရဘူး၊ တို့တတွေ သိုင်းပညာ အေးအေးဆေးဆေး လေ့ကျင့်သင်ကြားနိုင်တဲ့နေရာတစ်ခုပဲ၊ ဒီတောင်ကြားထဲမှာပဲ တစ်လကိုးသီတင်း နေကြရင် ကောင်းမယ်'

လုထင်း သဘောတူလိုက်သည်။

'ကောင်းတယ်၊ အစ်ကိုကြီး ကျွန်တော်လဲ သဘောကျတယ်'

သူတို့နှစ်ယောက် မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြသည်။

နှစ်ယောက်သား ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

ဘေးတစ်ဘက်တစ်ချက်တွင် မိုးထိမြင့်မားသည့် တောင်ကမ်းပါးယံကြီးများ ကာဆီးနေပါ၏။

အရှေ့ဘက်တွင် ကျယ်ပြန့်သော လွင်ပြင်ဖြစ်သွားပြီး စိမ်းလန်းစိုပြည်သော တောအုပ်များ တွေ့ရ၏။

တောအုပ်ထဲ၌ ယုန်ကလေးများ၊ ကျေးငှက်ကလေးများ ပြေးလွှားဆော့ကစားနေသည်ကိုလည်း တွေ့ရလေသည်။

ချင်းသက်ထင်းက....

'လာညီလေး တို့တောအုပ်ဆီကို သွားကြရအောင်'

ပြောပြီး ရှေ့မှ ခပ်သွက်သွက် ပြေးသွားသည်။

လုထင်းက နောက်မှ လိုက်သွား၏။

ချင်းသက်ထင်းမှာ တောအုပ်ကလေးဆီသို့ အလျင်ရောက်ရှိသွားပါ၏။

လုထင်းက ဟိုဟိုသည်သည် ငေးမောကြည့်ရင်း နောက်မှ လိုက်သွား၏။

ပတ်ဝန်းကျင်၏ သာယာလှပမှုသည် သူ့အား ညို့ယူဖမ်းစားထားသည် မဟုတ်ပါလား။

လုထင်း ဟိုဟိုသည်သည် ကြည့်လိုက်သည်။

'ညီလေး နောက်ပြန်လှည့်သွား မြန်မြန်'



ချင်းသက်ထင်း အထိတ်တလန့် အော်ပြောလိုက်သည့်အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လုထင်း ရင်ထိတ်သွား၏။

ချင်းသက်ထင်းထံသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ ချင်းသက်ထင်းမှာ တောအုပ်ဆီသို့ တရကြမ်း ပြေးသွားနေသည်ကို တွေ့မြင်ရသည်။

လုထင်း အံ့သြနေစဉ် တောအုပ်ထဲ၌ အဖြူရောင် လူရိပ်တစ်ခု လှုပ်ရှားသွားပြီး ထိုလူရိပ်နောက်သို့ ချင်းသက်ထင်းက လိုက်သွားခြင်းဖြစ်ကြောင်း တွေ့မြင်လိုက်ရလေတော့သည်။

တောင်ကြားအတွင်းဘက်၌ တဖြည်းဖြည်း ကျယ်ဝန်းသွားပြီး တောအုပ်ကလေးတစ်ခု ရှိနေသည်ကို တွေ့ရ၏။

'ညီလေး နောက်ပြန်ဆုတ်လိုက်၊ ကျုပ်နောက်ကို လိုက်မလာနဲ့'

ချင်းသက်ထင်းက အော်ပြောပြီး တောအုပ်ကလေးဆီသို့ ပြေးသွားလေသည်။

လုထင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

လှမ်းကြည့်လိုက်သောအခါ တောအုပ်ထဲ၌ အဖြူရောင်လူရိပ်တစ်ခု လှုပ်ရှားသွားပြီး ချင်းသက်ထင်းက ပြေးလိုက်သွားခြင်း ဖြစ်ကြောင်း တွေ့ရသည်။

လုထင်း ရင်ထိတ်သွား၏။

'ဒုက္ခပါ၊ ဒီတောင်ကြားထဲမှာ ဘယ်သူတွေ ရောက်နေတာလဲ အစ်ကိုကြီးကိုခေါ်ပြီး မြန်မြန်ပြန်ထွက်သွားတာ ကောင်းမယ်'

တွေးရင်း ချင်းသက်ထင်းအား လှမ်းခေါ်ဖို့ ဟန်ပြင်လိုက်သည်။

• • •

ထိုအခါ သူ၏မျက်စိရှေ့မှောက်မှာပင် ချင်းသက်ထင်းသည် သစ်ပင်များကြား ပြေးဝင်ပျောက်ကွယ်သွားသည်ကို တွေ့ရသည်။

'အစ်ကိုကြီး'

လုထင်းမှာ တစ်ယောက်တည်း မနေဝံ့သဖြင့် အော်ခေါ်ပြီး ပြေးလိုက်သွားလေသည်။

ချင်းသက်ထင်းနှင့် အဖြူရောင် လူရိပ်ကား သစ်ပင်များကြား ကွယ်ပျောက်သွားပြီး ရှာမတွေ့တော့ချေ။

တောအုပ်ထဲ ရောက်လျှင် လုထင်း ခြေလှမ်း ရပ်လိုက်လေသည်။



'ဒုက္ခပဲ....အစ်ကိုကြီး ဘယ်ရောက်သွားပြီလဲ မသိဘူး'

သူတွေးတောနေစဉ်....

'ဖျောက်....'

သစ်ကိုင်းကျိုးသံ သဲ့သဲ့ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လုထင်း ချာခနဲ လှည့်ကြည့်လိုက်၏။

ထိုအခါ သူ၏မျက်စိထဲ၌ ခုန်ဝင်လာသည့် အဖြူရောင်အရိပ်တစ်ခုအား ဖြုန်းခနဲ တွေ့မြင်လိုက်ရ၏။

လုထင်း ရင်ထိတ်သွားသည်။ ချက်ချင်း ဘေးသို့ ခုန်ရှောင်လိုက်လေသည်။

'ဘယ်ပြေးမလဲ'

အဖြူရောင်လူရိပ်များ– သစ်ပင်များကြားမှ ခုန်ထွက်လာကြပြန်၏။

လုထင်း မျက်နှာပျက်သွား၏။

'တောင်ကြားထဲမှာ လူတွေရှိတာကိုး၊ ဒုက္ခပဲ ဘာကြောင့် ရန်ရှာလာကြသလဲ မပြောတတ်ဘူး'

ထိုသို့တွေးပြီး အော်ပြောလိုက်လေသည်။

'မင်းတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ကျုပ်ကို ရန်ရှာကြတာလဲ'

ဟု အော်ပြောလိုက်၏။

သူ၏စကားအဆုံးတွင်....

'မလွတ်စေနဲ့'

စူးရှသော စကားသံနှင့်အတူ အဖြူရောင် လူရိပ်များက လေးဘက်လေးတန်မှ ဝိုင်းဝန်း တိုက်ခိုက်လာကြလေသည်။

လုထင်း ကပျာကယာ ရှောင်တိမ်းလိုက်ရလေသည်။ ခပ်လှမ်းလှမ်းသို့ ရောက်သည်အထိ ဆုတ်သွားပြီးမှ တိုက်ခိုက်လာသူများကို အကဲခတ် ကြည့်လိုက်၏။

တိုက်ခိုက်လာသူများကိုမြင်လျှင် လုထင်း အံ့ဩသွားရလေသည်။

■ ■ ■

အကြောင်းကား....

တိုက်ခိုက်လာသူများမှာ အဖြူရောင်ကိုယ်စီ ဝတ်ဆင်ထားကြသည့် ငယ်ရွယ်နုနယ်သည့် မိန်းကလေးများ ဖြစ်နေကြသည် မဟုတ်ပါလား။

မိန်းကလေးများ၏လက်တွင်း၌ ဓားကိုယ်စီ ကိုင်ဆောင်ထားကြလေသည်။

ထိုမိန်းကလေးများကို မြင်လျှင် လုထင်း မျက်လုံး ပြူးသွား၏။



အကြောင်းမှာ ထိုမိန်းကလေးများသည် ဆရာကြီးနန်းကုန်းစိမ်း၏ခြံဝင်း၌ တွေ့ခဲ့ရသည့် မိန်းကလေးများ ဖြစ်နေကြသည် မဟုတ်ပါလား။

ထိုမိန်းကလေးများသည် အဖြူရောင်မြင်းလှည်းအား ခြံရံလျက် လိုက်ပါလာခဲ့ကြသည့် မိန်းကလေးများ ဖြစ်ကြလေသည်။

လုထင်းက....

'မင်း....မင်းတို့ ဒီကို ဘယ်လိုလုပ် ရောက်လာကြတာလဲ'

ဟု မေးလိုက်လေသည်။

မိန်းကလေး လေးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်ကာ သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

'ခစ် ခစ် ခစ်'

လုထင်း ငိုင်သွား၏။

မိန်းကလေးတစ်ယောက်က....

'ရှင်....ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲ ဆိုတာပဲ ပြောစမ်းပါ'

'ဘာဗျ'

'ဒီနေရာဟာ မြင်းဖြူ တောင်ကြားဆိုတာ ရှင်....မသိဘူးလား....'

'မြင်းဖြူ တောင်ကြား ဟုတ်လား'

'ဟုတ်တယ်'

'မင်း....မင်းတို့က ဒီမှာနေတာ ဟုတ်လား'

အဖြူရောင် မိန်းကလေးတစ်ယောက် ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်လေ၊ ဒီတောင်ကြားထဲကို အခွင့်မရှိပဲ ဝင်လာရင် အပစ်ပေးခံရလိမ့်မယ်ရှင့်'

'ဟာ....ကျုပ်မှမသိတာ'

'ကျုပ်မသိလို့ ဝင်လာတာပေါ့၊ ဒီတောင်ကြားဟာ ထူးခြားတယ်လို့တော့ ထင်မိသားမဲ့'

မိန်းကလေးက....

'အပိုတွေပြောမနေနဲ့၊ အခုချက်ချင်း ဒူးထောက်ပြီး အဖမ်းခံပါ....'

'ဘာဗျ'

'ရှင်အဖမ်းခံမလား....မခံဖူးလား'

လုထင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

• • •

မိန်းကလေးက....

'ကောင်းပြီ....ရှင် ဘယ်လောက် ခေါင်းမာနိုင်မလဲ ကြည့်ကြသေးတာပေါ့'



စကားဆုံးလျှင်ဓားဝေ့ယမ်းကာလုထင်းထံခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

လုထင်း ရှောင်တိမ်းရန် ကြိုးစားလိုက်၏။

ထိုစဉ် အခြားမိန်းကလေး သုံးယောက်က ဓားကိုယ်စီဖြင့်ဝိုင်းရံတိုက်ခိုက်လာကြပြန်၏။

လုထင်းမတတ်သာတော့ပါချေ။

ရှောင်တိမ်းနေ၍ မလွတ်နိုင်မှန်းသိလျှင် လက်နှစ်ဘက် ဆန့်ထုတ်ကာ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

သူ၏လက်နှစ်ဘက် ဝေ့ယမ်းလိုက်လျှင် ရှေ့ဆုံးမှပြေးဝင်လာသည့် မိန်းကလေးမှာ....

'အင့်....'

မသဲမကွဲ ညည်းညူလိုက်၏။

သူမ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားပြီး မြေပေါ် ဘိုင်းခနဲ လဲကျသွားလေသည်။ ကျန်မိန်းကလေးသုံးယောက်ရင်ထိတ်သွားကြ၏။

တိုက်ခိုက်ခြင်း မပြုဝံ့တော့ဘဲ ချက်ချင်း နောက်ဆုတ်သွားကြ၏။

လုထင်းက လက်နှစ်ဖက် ဆုပ်ကာ ဦးညွှတ်ရင်း....

'ကျုပ်ကို ခွင့်လွှတ်ပါဗျာ၊ ကျုပ်ကိုကျုပ် ကာကွယ်လိုက်တာ၊ ခင်ဗျားတို့ ဒုက္ခရောက်စေချင်လို့ မဟုတ်ပါဘူး'

သူက မြေပေါ်လဲကျနေသည့် မိန်းကလေးကို ညွှန်ပြလိုက်သည်။

နေ့ဝက်အချိန်အတွင်း သူပြန်ပြီး သတိရလာပါလိမ့်မယ်ဗျာ၊ သူ့အတွက် ဘာမှမပူပါနဲ့'

သူက ထိုသို့ရှင်းပြလိုက်မှ မိန်းကလေးသုံးယောက် ဒေါသ ခြောင်းခြောင်း ထွက်သွားကြလေတော့သည်။

တစ်ယောက်က မြေပေါ်လဲကျနေသည့် မိန်းကလေးအား ပွေ့ချီကာ နောက်ဆုတ်သွား၏။

ကျန်မိန်းကလေးနှစ်ယောက်က ဓားကိုယ်စီ ဝေ့ယမ်းကာ လုထင်းထံ ခုန်ဝင် တိုက်ခိုက်လာကြလေသည်။

* * *

'သေပေတော့'

လုထင်း ခေါင်းယမ်းလိုက်သည်။

'ကျုပ်ကို ခွင့်လွှတ်....'

ပြောယင်း လက်ဝေ့ယမ်းကာ ပြန်လည် ခုခံတိုက်ခိုက်လေသည်။

သူ လက်ဝေ့ရမ်းလိုက်သည်နှင့်....

'ဝုန်း....'

'အင့်....'



မိန်းကလေးနှစ်ယောက် မသဲမကွဲအော်ဟစ်ကာ နောက်ဆုတ်သွားကြ၏။

သို့သော်....

ခြေသုံးလေးလှမ်းမျှ ဆုတ်ပြီးလျှင် ဒူးများ ကွေးညွတ်ကာ မြေပေါ် လဲကျသွားကြလေသည်။

မိန်းကလေး လေးယောက်အနက် သုံးယောက်မှာ လုထင်း၏မေ့ဆေးဒဏ် ခံလိုက်ရပြီး ဖြစ်လေသည်။

တစ်ယောက်တည်း ကျန်ရစ်ခဲ့သော မိန်းကလေး မျက်စိမျက်နှာ ပျက်နေသည်။

မြေပေါ်၌ လဲကျနေသည့် အဖော်သုံးယောက်ကို တစ်လှည့် လုထင်းကိုတစ်လှည့် ကြည့်နေပါ၏။

လုထင်းက ဦးညွှတ်ရင်း....

'ကျုပ်ကို ခွင့်လွှတ်ပါဗျာ၊ ဒီတောင်ကြားထဲမှာ နေထိုင်တဲ့လူ ရှိတယ်ဆိုရင် ကျုပ်ထွက်သွားပါ့မယ်၊ သူတို့အတွက် ဘာမှ မစိုးရိမ်ပါနဲ့၊ မကြာခင် သတိရလာမှာပါ၊ ကျုပ်မိတ်ဆွေ တစ်ယောက် ရှိပါသေးတယ်၊ သူ့ကိုခေါ်ပြီး ကျုပ်ထွက်သွားပါ့မယ်'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားလေသည်။

မိန်းကလေး ကြောင်အမ်းအမ်းဖြစ်သွားသည်။

လုထင်းကို မယုံကြည်နိုင်စွာဖြင့် ကြည့်နေ၏။

လုထင်းကား ကျောခိုင်းထွက်သွားပြီ ဖြစ်လေသည်။

မိန်းကလေးက မြေပေါ်လဲကျနေသည့် အဖော်သုံးယောက်ကို လှမ်းကြည့်လိုက်သည်။

ထို့နောက် အံတင်းတင်းကြိတ်ကာ....

'ယား'

ဩသံပေးရင်း လုထင်းထံ ပြေးဝင်တိုက်ခိုက်လိုက်သည်။

လုထင်း ချာခနဲ လှည့်လိုက်၏။

ထိုစဉ် လူရိပ်တစ်ခုက သူတို့နှစ်ယောက်ကြားသို့ ခုန်ဝင်လာ၏။

* * *

'ငုန်း'

'အမယ်လေး'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။

မိန်းကလေးမှာ အနောက်တက် လွင့်စဉ်သွားပြီး မြေပေါ် ဝုန်းခနဲ လဲကျသွားလေသည်။

လုထင်း အံ့သြသွားသည်။

လှမ်းကြည့်လိုက်လျှင် လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသည်။

'ဟင်....အစ်ကိုကြီး'

လုထင်း လွှတ်ခနဲ ခေါ်လိုက်မိသည်။



မှန်ပေသည်။

ရောက်ရှိလာသူမှာ ချင်းသက်ထင်း ဖြစ်လေသည်။

ချင်းသက်ထင်းက မြေပေါ်လဲကျနေသည့် မိန်းကလေး သုံးယောက်ကိုကြည့်ကာ သဘောကျစွာ ပြုံးလိုက်သည်။

'ငါ့ညီရဲ့ မေ့ဆေးပညာက ဘယ်ဆိုးလို့တုန်း၊ ဒီလိုနေရာမျိုးကျတော့ အသုံးဝင်သားပဲ'

ဟု ချီးကျူးလိုက်လေသည်။

လုထင်း ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

မေ့ဆေးပညာ အသုံးပြုကာ ရန်သူအား အနိုင်ရခဲ့သည်ကို သူ ဝမ်းမသာနိုင်ပါချေ။

ထို့ကြောင့် မြေပေါ်လဲကျနေသည့် မိန်းကလေး လေးယောက်ကို ကြည့်ကာ ငိုင်နေမိ၏။

ချင်းသက်ထင်းက....

'လာညီလေး တို့သွားကြစို့'

ပြောပြီး တောအုပ်အတွင်း ဝင်သွားရန် ဟန်ပြင်လိုက်သည်။

လုထင်း မျက်မှောင်ကြုတ်သွား၏။

ချင်းသက်ထင်းကို နားမလည်နိုင်စွာကြည့်ကာ....

'အစ်ကိုကြီး ဘယ်ကိုသွားမလို့လဲ'

'လာသာလာစမ်းပါ၊ ရှေ့မှာ စိတ်ဝင်စားစရာကောင်းတာ တွေ တွေ့ရမြင်ရလိမ့်မယ်ကွ'

ပြောပြီး ရှေ့ဆက် လျှောက်သွားလေသည်။

လုထင်း ငိုင်မြဲငိုင်နေ၏။

ထူးဆန်းသော တောင်ကြားအတွင်းမှ ထွက်သွားလို၍ ဖြစ်၏။

သို့သော် ချင်းသက်ထင်းက အတွင်းသို့ပင် ဝင်သွားရန် ခေါ်နေသည် မဟုတ်ပါလား။

'အစ်ကိုကြီး ကျွန်တော်တို့ထွက်သွားကြရင် ကောင်းမယ် ထင်တယ်'

'ဟော....'

'လာပါ အစ်ကိုကြီးရယ်၊ တောင်ကြားထဲမှာ အန္တရာယ် များပါတယ်၊ ကျွန်တော်တို့ ထွက်သွားကြရအောင်'

ချင်းသက်ထင်း ပြုံးလိုက်သည်။

'ဘာလဲ ညီလေးကြောက်နေလို့လား၊ မကြောက်စမ်းပါနဲ့ အစ်ကိုကြီးတစ်ယောက်လုံး ရှိပါသေးတယ်'

'မဟုတ်ဘူး၊ အစ်ကိုကြီး တောင်ကြာ'

'လာစမ်းပါကွာ၊ အစ်ကိုကြီးတာဝန်ယူပါတယ်'

လှထင်း သက်ပြင်းချလိုက်သည်။

ချင်းသက်ထင်းက ခေါ်နေသည်ဖြစ်ရာ မငြင်းဆန်နိုင်တော့ချေ။

'ကောင်းပြီလေ သွားကြတာပေါ့၊ ဒါပေမယ့် ဒီတောင်ကြားထဲမှာ လူရှိနေတယ်ဆိုတော့ သိုင်းပညာသင်လို့ ဖြစ်မှာ မဟုတ်ဘူး၊ ခဏသွားကြည့်ပြီးရင် ကျွန်တော်တို့ ဒီကထွက်သွားကြမယ်နော်'

'အေးလေ ဘယ်သူကလဲ ဒီမှာတစ်သက်လုံး နေမှာလဲ'

လှထင်း ပါးစပ်ပိတ်ထားလိုက်သည်။



ချင်းသက်ထင်းက သူ၏လက်ကိုဆွဲကာ တောအုပ်ထဲ ပြေးဝင်သွားသည်။

တောအုပ်ထဲဝယ် စန္ဒကူးပင်များ ရောနှော ပေါက်ရောက်လျက်ရှိရာ မွှေးကြိုင်သော ရနံ့များ သင်းပျံ့နေ၏။

ပျား၊ ပိတုန်း၊ လိပ်ပြာများ၊ ကျေးငှက်ကလေးများ ပျော်မြူး ကျက်စားနေကြသည်ကိုလည်း တွေ့ရ၏။

သစ်ပင်များကြား ကွေ့ပတ်လာမိလျှင် မြက်ခင်းပေါ်၌ မိန်းကလေးတစ်ယောက် လဲကျနေသည်ကို တွေ့မြင်လိုက်ရလေးသည်။

* * *

ထိုမိန်းကလေးမှာ ချင်းသက်ထင်းလက်ချက်ကြောင့် လဲကျနေခြင်း ဖြစ်ကြောင်း တွေးမိလိုက်လည်။

သူတို့နှစ်ယောက် မိန်းကလေးဘေးမှ ဖြတ်ကာ ရှေ့သို့ ပြေးသွားကြသည်။

သစ်တောအတွင်းမှဖြတ်ကာ ပြေးသွားပြီး အတော်လေကြာလျှင် တောင်ကုန်းကလေးတစ်ခု ခြေရင်းသို့ ရောက်သွား၏။

တောင်ကုန်းပေါ် ပြေးတက်သွားကြပြန်၏။

တောင်ကုန်းထိပ်၌ သာယာလှပသည့် ပန်းခင်းတစ်ခု ရှိနေ၏။

ဝန်းကျင်တစ်ခုလုံး အလွန်သာယာလှပနေသည်။

တောင်ကုန်းပေါ်ရောက်လျှင် လုထင်း ခြေလှမ်း ရပ်သွားသည်။

ပတ်ဝန်းကျင်ကို ငေးမောကြည့်ရင်း....

'တကယ့်ကို သာယာလှပတဲ့ နေရာတစ်ခုပါလား'

ဟု လွတ်ခနဲ ရေရွတ်လိုက်သည်။

ချစ်းသက်ထင်း ပြုံးလိုက်သည်။

'မှတ်တယ်၊ ဒီထက်ထူးဆန်းတာ ရှိသေးတယ်၊ ဟိုမှာ ကြည့်စမ်း'

တစ်နေရာဆီသို့ ညွှန်ပြရင်း ပြောလိုက်သည်။

လုထင်း လှမ်းကြည့်လိုက်သည်။

ထိုအခါ....

တောင်ကုန်းကလေး တစ်ဘက်၌ ဖြူခိုးများ ပိတ်ဖုံးနေသည့် တောင်ကမ်းပါးယံကြီး ရှိနေပြီး ကွေ့ကွေ့ကောက်ကောက် လူသွားလမ်းကလေး တစ်ခုအား တွေ့မြင်ရလေသည်။

လူသွားလမ်းကလေးမှာ....

တစ်ဘက်တွင် ချောက်ကမ်းပါး၊ တစ်ဘက်တွင် မြင့်မားသည့် တောင်နံရံနှစ်ခုအကြား၌ မြွေလိမ်မြွေကောက် တည်ရှိနေခြင်း ဖြစ်သည်။



ချောက်ကမ်းပါးအတွင်းမှ လွင့်ပျံတက်လာသည့် မြူခိုးများကြား၌ တည်ရှိနေသည်မှာ အံ့ဩဖွယ်ကောင်းသလို အသည်းယားဖို့ ကောင်းလှသည်။

မြွေလိမ်မြွေကောက် လမ်းကလေးသည် တောင်ကြီး တစ်ခုလုံးအား ခရုပတ်လမ်းသဖွယ် ဖောက်လုပ်ထားခြင်း ဖြစ်လေသည်။

* * *

ဝက်အူရစ်ကဲ့သို့ တောင်ပေါ်သို့ ရစ်ပတ်တက်သွား၏။

'တောင်ထိပ်ကို ကြည့်ပါဦး'

ချင်းသက်ထင်းက လှမ်းပြောလိုက်၏။

လုထင်းက ကြည့်လိုက်သည်။

ထိုအခါ....

တောင်ထိပ်၌ စုလစ်မွန်ချွန်များဖြင့် တန်ဆာဆင်ထားသည့် နန်းဆောင်ကြီးတမျှ ခမ်းနားလှသည့် အဆောက်အအုံကြီး တစ်လုံး ရှိနေသည်ကို တွေ့မြင်ရသည်။

လုထင်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

'ထူးဆန်းလိုက်တာ၊ ဒီနေရာမှာ ဘယ်လိုလူမျိုး နေထိုင်တာလဲ'
ဟု လွှတ်ခနဲ ပြောလိုက်မိသည်။
ချင်းသက်ထင်းက....
'ဘယ်သူနေတာလဲဆိုတာ အခုသိရတော့မှာပေါ့'
'ဗျာ'
'တို့သွားကြည့်ကြမယ်လေ'
'ဟာ....ဖြစ်ပါ့မလား အစ်ကိုကြီး'
'ဘာကြောင့် မဖြစ်တာလဲ'
လုထင်း သက်ပြင်းချကာ....
'အစ်ကိုကြီး ကျွန်တော်တို့ ထွက်သွားကြရင် ကောင်းမယ်၊ ကျွန်တော်တို့ သိုင်းပညာသင်ဖို့ လူသူကင်းရှင်းတဲ့နေရာ ရှာကြမယ် မဟုတ်လား၊ အခု ဒီနေရာမှာ လူရှိတယ်လေ၊ ဒါကြောင့် ကျွန်တော်တို့အတွက် အသုံးဝင်မှာ မဟုတ်ဘူး၊ ဒီက ထွက်သွားကြတာ အကောင်းဆုံးပါပဲ'
'ဟား....ဟား....ဟား....'
ချင်းသက်ထင်း သဘောကျစွာ ရယ်မောလိုက်ပြီး....
'ညီလေးကလဲ ဘာမှကြောက်စရာ မလိုပါဘူး၊ ခဏဘဖြုတ် သွားကြည့်ပြီးရင် ဒီကထွက်သွားကြရုံပေါ့'
'အစ်ကိုကြီး ဘာကြောင့် သွားချင်နေတာလဲ'
ချင်းသက်ထင်း၏မျက်နှာ တည်သွား၏။
အဝေး၌ရှိနေသည့် နန်းတော်ကြီးတမျှ ခမ်းနားလှသည့် အဆောက်အအုံကြီးဆီသို့ လှည့်ကြည့်လိုက်ပြီး....



'ညီလေး သိုင်းလောကမှာ ထူးခြားမှုတွေ အများကြီးရှိတယ်၊ အစ်ကိုကြီးဆရာ ပြောဖူးတဲ့ နေရာတစ်ခုနဲ့ ဒီနေရာဟာ အတော့်ကို တူနေလို့ သွားကြည့်ချင်စိတ် ပေါ်လာတာပါ'
'ဗျာ....အစ်ကိုကြီးဆရာ ပြောဖူးတဲ့ နေရာ၊ ဟုတ်လား'
'ဟုတ်တယ်၊ အစ်ကိုကြီးဆရာက ထူးဆန်းတဲ့ တောင်ကြားတစ်ခုထဲမှာ နန်းတော်ကြီးတစ်ခု ရှိတယ်တဲ့၊ အဲဒီနေရာကို ရောက်ရင် အမြန်ဆုံး လှည့်ပြန်ရမယ်တဲ့'
'ဒါဆို ဘာများ စဉ်းစားစရာ လိုသေးလို့လဲ၊ ပြန်ကြရအောင်'
'အစ်ကိုကြီးဆရာက ဘာကြောင့် မသွားခိုင်းရသလဲ၊ ဒါကို အစ်ကိုကြီး သိချင်တယ်လေ'
'ဟာ....'
ချင်းသက်ထင်းက....
'ဆရာရဲ့ သိုင်းပညာက သူမတူအောင် ထူးချွန်တယ်၊ ဘယ်သူ့ကိုမှ မှုစရာမလိုဘူး၊ ဒါပေမယ့် ဆရာ ဘာကြောင့် ဒီနေရာကို ရှောင်ကွင်းရသလဲဆိုတာ၊ ဒါကို အစ်ကိုကြီး သိချင်တယ်လေ'
'အစ်ကိုကြီး၊ ကျွန်တော်တို့ သွားကြပါစို့'
ချင်းသက်ထင်းက တည်ကြည်သော မျက်နှာထားဖြင့်....
'ကောင်းပြီ ညီလေး၊ ဒီမှာပဲ စောင့်နေပါ၊ အစ်ကိုကြီး သွားကြည့်လိုက်မယ်၊ သိပ်မကြာဘူး၊ ချက်ချင်း ပြန်လာခဲ့မယ်'
လုထင်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။
ပတ်ဝန်းကျင်၌ လူသူ ကင်းရှင်းနေ၏။

လှပသော ပန်းခင်းများ တောင်ကုန်းတစ်ခုလုံး ဖုံးလွှမ်းနေသည်။

လုထင်း သက်ပြင်းချလိုက်သည်။

ချင်းသက်ထင်းက အလျှော့ပေးမည်မဟုတ်ကြောင်းနားလည်ထားလေသည်။

* * *

ထို့ကြောင့်....

'ကောင်းပြီလေ၊ အစ်ကိုကြီးသဘောပဲ၊ ဒါပေမယ့် သိပ်မကြာစေနဲ့နော်'

ဟု ပြောလိုက်လေသည်။

ချင်းသက်ထင်း ခေါင်းညိတ်လိုက်သည်။

'စိတ်ချ၊ အစ်ကိုကြီး အခုချက်ချင်း ပြန်လာခဲ့မယ်'

စကားဆုံးလျှင် ရှေ့သို့ ပြေးထွက်သွား၏။

လုထင်းက ပန်းပင်များကြား ထိုင်ချလိုက်၏။

ချင်းသက်ထင်းကား အဝေးသို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။



မြေလိမ်မြွေကောက်လမ်းကလေးအတိုင်း တောင်ကမ်းပါးယံထက်သို့ ပြေးတက်သွား၏။

မကြာပါချေ။

မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

အချိန်အတော်ကြာသွားသည်အထိ ချင်းသက်ထင်းပြန်လည် ရောက်ရှိလာခြင်း မရှိပါချေ။

လုထင်း နေမထိထိုင်မသာ ဖြစ်လာ၏။

'အစ်ကိုကြီးသွားတာ ကြာလိုက်တာ'

ညည်းညူရင်း ထိုင်ရာမှ ထလိုက်၏။

အဝေးရှိ မြေလိမ်မြွေကောက်လမ်းကလေးဆီသို့ မျှော်ကြည့်လိုက်လေသည်။

ထိုစဉ်....

မြေလိမ်မြွေကောက်လမ်းကလေး၌ လူရိပ်များ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

လုထင်း ရင်ထိတ်သွား၏။

သေသေချာချာ ကြည့်လိုက်သောအခါ ချင်းသက်ထင်း မဟုတ်ဘဲ အဖြူရောင် မိန်းကလေးများ ဖြစ်ကြသည်ကို တွေ့မြင်ရလေသည်။

'ဟင်.... အစ်ကိုကြီးလဲ မဟုတ်ပါလား၊ အစ်ကိုကြီးများ ဒုက္ခရောက်နေပြီလား မသိဘူး'

သူ တွေးတောနေစဉ်မှာပင်....

အဖြူရောင် မိန်းကလေးများသည် မြွေလိမ်မြွေကောက် လမ်းကလေးအတိုင်း ပြေးလွှားလာရင်း လုထင်း ရှိနေသည့် တောင်ကုန်းကလေးနှင့် တဖြည်းဖြည်း နီးကပ်လာပြီ ဖြစ်လေသည်။

• • •

လုထင်း သက်ပြင်းချလိုက်သည်။

ပန်းပင်များကြားသို့ တိုးဝင် ပုန်းကွယ်နေလိုက်လေသည်။

အဖြူရောင်မိန်းကလေးများကား တဖြည်းဖြည်း နီးကပ်လာကြပြီဖြစ်၏။

တောင်ကုန်းလေးပေါ်သို့ပင် လှမ်းတက်လာကြ၏။



လုထင်း ကမန်းကတန်း ပန်းပင်များကြားမှ ချောင်းကြည့်ရာ မိန်းကလေးသုံးယောက် လှမ်းလာနေကြသည်ကို တွေ့ရလေသည်။

ထိုမိန်းကလေးသုံးယောက်သည် တောင်ကုန်းပေါ်သို့ ရောက်လာလျှင် ဟိုဟိုသည်သည် ဝေ့ကြည့်လိုက်ကြ၏။

ထို့နောက်....

လုထင်းပုန်းနေသည့် ပန်းပင်များရှိရာသို့ ဦးတည် လှမ်းလာကြလေသည်။

လုထင်းမှာ အသက်ပင် မရှူဝံ့ဘဲ ချောင်းကြည့်နေ၏။

ယခုမှ ထွက်ပြေးတိမ်းရှောင်ရန် မဖြစ်နိုင်၍ ဆက်ပြီး ပုန်းကွယ်နေလိုက်ရလေသည်။

မိန်းကလေးသုံးယောက်မှာ သူပုန်းနေသည့် ပန်းရုံရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပြီး ခြေလှမ်း ရပ်လိုက်ကြလေသည်။

'ပန်းပေါင်းစုံနန်းတော်က ကြိုဆိုပါတယ်ရှင်၊ ကျေးဇူးပြုပြီး ထွက်လာခဲ့ပါ'

ဟု ပြောလာလေသည်။

သူ ပုန်းနေသည့် ပန်းရုံကို စိုက်ကြည့်ကာ ပြောနေခြင်း ဖြစ်ရကား လုထင်း မနေသာတော့ပါချေ။

ပုန်းကွယ်နေရာမှ ထွက်လာရလေသည်။

အဖြူရောင် ဝတ်ဆင်ထားသည့် မိန်းကလေးသုံးယောက်က သူ့အား ဦးညွှတ် ဂါရဝပြုလိုက်ကြလေသည်။

ပြီးလျှင် တစ်ယောက်က....

'ကျေးဇူးပြုပြီး ကျွန်မတို့နဲ့ လိုက်ခဲ့ပါရှင်၊ ပန်းပေါင်းစုံ နန်းတော်မှာ ရှင့်မိတ်ဆွေ စောင့်နေပါတယ်'

ဟု ပြောလေသည်။

လုထင်း ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ ကျုပ် လိုက်ခဲ့မှါမယ်'

ချင်းသက်ထင်းနှင့်တွေ့ပြီးပြီဟု ယုံကြည့်မိသဖြင့် မိန်းကလေးများနောက်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

မိန်းကလေးသုံးယောက် ရှေ့မှ လမ်းပြ ခေါ်ဆောင်သွားကြလေသည်။

* * *

လုထင်း နောက်မှ လိုက်သွား၏။

မြေလိမ်မြွေကောက်လမ်းကလေးဆီသို့ ရောက်ရှိသွားသော အခါ လုထင်း ရင်ခုန်သွားရလေသည်။

မိန်းကလေးများ ရှေ့မှ ခပ်သွက်သွက် လျှောက်သွားကြသည်။



သေးတစ်ဘက်တွင် မြင့်မားသော တောင်ကမ်းပါးယံကြီး ကာဆီးနေပြီး တစ်ဘက်တွင် နက်ရှိုင်းလှသည့် ချောက်ကမ်းပါးကြီး ရှိနေ၏။

ချောက်ကမ်းပါးအောက်မှ လေတဟူးဟူး တိုက်ခတ်နေပါသည်။

မိန်းကလေးများ၏ အဝတ်အစားများ တဖျပ်ဖျပ် လူးလွန့်နေ၏။

ဆံပင်များလည်း လေထဲ လွင့်ပျံ့နေသည်။

လုထင်း၏ရင်ထဲ အေးစိမ့်လာသည်။

မြေလိမ် မြွေကောက် လမ်းကလေးကား အပေါ်ပိုင်းသို့ တဖြည်းဖြည်း မြင့်တက်သွားလေလေ ကျဉ်းမြောင်းလာလေ ဖြစ်သည်။

ကြာသော်....

လုထင်းရင်ထဲ စိုးရွံ့လာသည်။

ရှေ့ဆက်လှမ်းမသွားဝံ့အောင် ဖြစ်နေ၏။

လမ်းကလေးမှာ ကျောက်တောင်ကို ပတ်၍ ဖောက်လုပ်ထားသည်ဖြစ်ရာ လမ်း၏ ကျောက်သားပြင်သည် ချောမွတ်နေသည်။

မတော်တဆ ခြေချော်သွားပါလျှင်....

ချောက်ကမ်းပါးအတွင်းသို့ ထိုးကျကာ အရိုးအသားပင် ရှာတွေ့နိုင်မည် မဟုတ်ပါချေ။

လုထင်း ရှေ့ဆက်မသွားဝံ့တော့ဘဲ ခြေလှမ်း ရပ်လိုက်လေသည်။

ရှေ့မှ လှမ်းသွားနေသည့် မိန်းကလေးများ လှည့်ကြည့်လာကြသည်။

တစ်ယောက်က လက်ယပ်ခေါ်ရင်း....

'လိုက်ခဲ့ပါရှင်၊ မကြာခင် ပန်းပေါင်းစုံနန်းတော်ကို ရောက်ပါတော့မယ်'

ဟု ပြောလိုက်လေသည်။

* * *

လှထင်း အံ့ကြိတ်လိုက်သည်။

မိန်းကလေးများပင် မကြောက်မရွံ့ သွားရဲပါလျက် သူက အဘယ့်ကြောင့် မသွားဝံ့ရပါမည်နည်း။

လှထင်းက ရှေ့တည့်တည့်သို့သာ စိုက်ကြည့်ရင်း ခပ်သွက်သွက် လှမ်းသွားလေသည်။

ဘေးဘီမကြည့်ဘဲလျှောက်သွားရာအတော်လေးခရီးပေါက်သွားသည်ဟု ဆိုနိုင်ပေ၏။

မကြာပါချေ....

တောင်ကုန်းထိပ်သို့ ရောက်သွား၏။



တောင်ကုန်းထိပ်ဝယ် ကျယ်ပြန့်သော မြေပြန့်လွင်ပြင်တစ်ခု ရှိနေ၏။

လွင်ပြင်ဝယ် သစ်ပင်ငယ်များ အုံ့အုံ့ဆိုင်းဆိုင်း ရှိနေပြီး သစ်ပင်များကြား၌ နန်းဆောင်ကြီးတမျှ ခန်းနားကြီးကျယ်လှသည့် အဆောက်အအုံကြီးတစ်ခု ရှိနေသည်ဟု တွေ့မြင်ရလေသည်။

လှထင်း ယခုမှ သက်ပြင်းချနိုင်၏။

မိန်းကလေးများနောက်သို့ ခပ်သွက်သွက် လိုက်သွားလေသည်။

မိန်းကလေးများသည် သစ်တောကိုဖြတ်ကာ အဆောက်အအုံကြီးအတွင်း ဝင်ရောက် ကွယ်ပျောက်သွားလေသည်။

လှထင်း ဆက်၍ လိုက်သွားရာ အဆောက်အအုံကြီးရှေ့သို့ ရောက်ရှိသွား၏။

အဆောက်အအုံ တံခါး ဟာလာဟင်းလင်း ဖွင့်ထားပါသည်။

အစိမ်းရောင်၊ အဝါရောင်၊ အဖြူရောင်၊ အနီရောင်၊ အရောင်အသွေး အမျိုးစုံလင်စွာ ဝတ်ဆင်ထားသည့် မိန်းကလေးများ သွားလာလှုပ်ရှားနေကြသည်ကို တွေ့မြင်ရလေသည်။

သူ့အား လမ်းပြခေါ်ဆောင်လာသည့် မိန်းကလေး သုံးယောက်ကား ဘယ်ဝယ်ဘယ်ဆီ ရောက်ရှိသွားသည် မသိရချေ။

လှထင်း ကြောင်အမ်းအမ်း ဖြစ်နေ၏။

ထိုစဉ်....

'ခစ်....ခစ်....ခစ်'

ဝဲဘက်တစ်နေရာမှ ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လုထင်း ချာခနဲ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ...

ဝဲဘက်မလှမ်းမကမ်း၌ အစိမ်းရောင် ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက် ရပ်ကာ သူ့အားကြည့်ရင်း ရယ်မော နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးကိုမြင်လျှင် လုထင်းမျက်နှာ ပျက်သွား၏။

ဤနေရာမှ အမြန်ဆုံး ထွက်ပြေးသွားလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

* * *

အကြောင်းကား....

သူတွေ့လိုက်ရသည့် မိန်းကလေးများ ၏ဘဝတွင် ပထမဆုံးအကြိမ် စိတ်လှုပ်ရှားစေခဲ့သည့် မေတ္တာခြံဝင်းမှ သခင်မလေး ရှမ်းရှမ်း ဖြစ်နေသည် မဟုတ်ပါလား။

'ရှမ်းရှမ်း'



လုထင်း လွှတ်ခနဲ ခေါ်လိုက်လေသည်။

မိန်းကလေးက...

သူ့အား ပြုံးပြရင်း....

'ကျွန်မနောက် လိုက်ခဲ့ပါရှင်'

ပြောပြီး ချာခနဲ လှည့်ထွက်သွား၏။

သူမသည် အဆောက်အအုံပေါ်သို့ တက်သွားခြင်းဖြစ်လေသည်။

လုထင်း ပါးစပ်အဟောင်းသား ဖြစ်နေ၏။

ရှမ်းရှမ်းအား ဤနေရာ၌ တွေ့ဆုံရမည်ဟု လုံးဝ မထင်မှတ်မိပါချေ။

ရှမ်းရှမ်းကို ငေးမောကြည့်ရင်း နောက်မှ လိုက်သွားမိ၏။

မကြာပါချေ....

ကျောက်လှေကားထစ်များကို ကျော်ဖြတ်ကာ အဆောက်အအုံ အပေါ်ဘက် ရောက်ရှိသွားလေသည်။

အဆောက်အအုံ တံခါးကား ဟာလာဟင်းလင်း ဖွင့်ထားပါသည်။

လုထင် မှာ စိတ်ညို့ခံထားရသူပမာ ရှမ်းရှမ်း၏နောက်မှ တောင့်တောင့်ကြီး လိုက်ပါသွားရာ မကြာပါချေ အဆောက်အအုံ အတွင်းဘက်ရှိ ခန်းမကျယ်ကြီးတစ်ခု ရှေ့သို့ ရောက်ရှိသွားလေသည်။

ခန်းမကျယ်အတွင်း လှမ်းဝင်မိလိုက်သည်နှင့် အတွင်းဘက်၌ လူအများ ရှိနေကြသည်ကို တွေ့ရ၏။

ထိုလူများအတွင်း ချင်းသက်ထင်းလည်း ရှိနေသည်ကို တွေ့မြင်ရမှ သတိဝင်လာပြီး စိတ်သက်သာရာ ရသွား၏။

'အစ်ကိုကြီး'

အော်ခေါ်ရင်း ချင်းသက်ထင်းထံသို့ အပြေးတပိုင်း လှမ်းသွားမိလေတော့သည်။

* * *

ခန်းမကျယ်၏ ဝဲယာတစ်ဘက်တစ်ချက်တွင် အနီရောင် ဝတ်ဆင်ထားသည့် မိန်းကလေးများ စီတန်း၍ ရပ်နေကြလေ၏။

ခန်းမကျယ်၏အရှေ့ဘက်တွင် ရွှေရောင်ကုလားထိုင်ကြီးတစ်လုံး ရှိနေပြီး တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူဖွေးသည့် အဝတ်အစားများ ဝတ်ဆင်ထားသော အဘွားအိုတစ်ယောက် ထိုင်နေ၏။

ထိုအဘွားအို၏ ဝဲယာတစ်ဘက်တစ်ချက်တွင် အနက်ရောင် ဝတ်ဆင်ထားသည့် အဘွားအိုတစ်ယောက်ရပ်နေသည်။

သူတို့၏လက်ထဲ၌ တောင်ဝှေးတစ်ချောင်းစီ ကိုင်ဆောင်ထားကြလေသည်။

သူတို့နှင့် မျက်နှာချင်းဆိုင်တွင် စားပွဲတစ်လုံး ချထားပြီး လူတစ်ယောက် ထိုင်နေ၏။



ထိုလူမှာ ချင်းသက်ထင်း ဖြစ်လေသည်။

ချင်းသက်ထင်းကိုမြင်လျှင် လုထင်းက ဝမ်းသာအားရခေါ်ပြီး ခပ်သွက်သွက် လှမ်းသွားလေသည်။

ချင်းသက်ထင်းကလည်း ပြုံးပြလိုက်ပြီး လက်ယပ် ခေါ်လေသည်။

လုထင်းက ချင်းသက်ထင်းနှင့် ပခုံးချင်းယှဉ်ကာ ထိုင်ချလိုက်လေသည်။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာများနှင့် အရက်များ ရှိနေပါ၏။

လုထင်းမှာ မောပန်းနေသော်လည်း စားသောက်ဖွယ်ရာများနှင့် အရက်များကို လက်ဖျားနှင့်တို့ရန်ပင် စိတ်မကူးပါချေ။

ချင်းသက်ထင်းက အသံတိုးတိုးဖြင့်....

'သူတို့က ညီလေးကျန်ရစ်ခဲ့တာကို သိနေကြတယ်လေ၊ ဒါကြောင့် မထူးပါဘူးဆိုပြီး ခေါ်ခိုင်းလိုက်တာ'

ဟု ပြောလိုက်သည်။

ယခုမှ အဖြူရောင်မိန်းကလေးသုံးယောက် ရောက်ရှိလာရသည့် အကြောင်းရင်းကို သိရှိလိုက်ရလေသည်။

ချင်းသက်ထင်းက ဆက်ပြောလိုက်သည်။

'သူကငါ့ကို ကောင်းကောင်းမွန်မွန် ဖိတ်ခေါ်လိုက်ပေမယ့် အကြောင်းရှိလိမ့်မယ်၊ သူတို့ကိုကြည့်ရတာ ခေပုံမပေါ်ဘူး၊ အခြေအနေမဟန်ရင် တို့ ဒီကထွက်သွားကြမယ်၊ ညီလေး သတိမပြတ်စေနဲ့'

လုထင်း မကျေမနပ် ဖြစ်သွားလေသည်။

ချင်းသက်ထင်းကိုကြည့်ကာ....

'ကျွန်တော်ပြောသားပဲ၊ ဒီက ထွက်သွားကြရင် အဓကာင်းသွား၊ အစ်ကိုကြီးက လာကြည့်ချင်တော့....'

ရှေ့ဆက်မပြောဘဲ ရပ်တန့်ထားလိုက်သည်။

ချင်းသက်ထင်းအား ပြစ်တင် ပြောဆိုလိုသော်လည်း ချင်းသက်ထင်း စိတ်ဆိုးသွားမည်ကိုလည်း ကြောက်ရွံ့မိလေသည်။

ချင်းသက်ထင်း ပြုံးလိုက်သည်။

'ဘာမှမပူပါနဲ့ ညီလေးရယ်၊ အစ်ကိုကြီးတစ်ယောက်လုံး ရှိပါတယ်'

လုထင်း မျက်နှာလွှဲထားလိုက်သည်။

ထိုအခါမှ တိုက်တိုက်ဆိုင်ဆိုင် အစိမ်းရောင်ဝတ်ထားသည့် မိန်းကလေးတစ်ယောက်နှင့် မျက်နှာချင်းဆိုင်လိုက်မိ၏။

ထိုမိန်းကလေးမှာ မေတ္တာခြံဝင်းမှ ရှမ်းရှမ်းဖြစ်လေသည်။

ရှမ်းရှမ်းက သူ့အား ပြုံးပြနေ၏။

သူ့အား မှတ်မိပုံ မပေါ်ချေ။

လုထင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

မမျှော်လင့်ဘဲ ရှမ်းရှမ်းအားကျော်ပြီး အနောက်ဘက်သို့ ကြည့်မိလေသည်။

အကြောင်းကား ထိုအဘွားအို၏မျက်နှာနှင့် ရှမ်းရှမ်း၏ မျက်နှာ တစ်ပုံစံတည်း တူညီနေခြင်း ဖြစ်သောကြောင့် ဖြစ်သည်။

မိခင်ဖြစ်သူ မကွယ်လွန်မီ ပြောသွားသည့် စကားများကိုလည်း ပြန်လည် ကြားယောင်မိ၏။



မေတ္တာခြံဝင်းမှ တုတ်ကောက်ကိုင်သော အဘွားအို (ဝါ) ရှမ်းရှမ်း၏ မိခင်လက်ချက်ကြောင့် သူ၏အစ်ကိုလေးယောက် သေဆုံးသွားသည် မဟုတ်ပါလား။

ထို့အပြင် သူ၏မိခင်သည်လည်း ပြင်းထန်သောဒဏ်ရာ ရရှိခဲ့ပြီး နောက်ပိုင်းတွင် သေဆုံးခဲ့ရလေသည်။

သူ၏မိခင်နှင့် ညီအစ်ကိုများ သေဆုံးသွားအောင် တိုက်ခိုက်ခဲ့သည့် အဓိကတရားခံကို တွေ့မြင်လိုက်ရပြီ ဖြစ်၏။

• • •

လုထင်း၏ရင်ထဲ ဒေါသအလိပ်လိုက်အလိပ်လိုက် ဖြစ်လာ၏။

ပတ်ဝန်းကျင်ကိုပင် သတိမပြုမိတော့ဘဲ ဝုန်းခနဲ ခုန်ထလိုက်သည်။

တဆက်တည်း အဘွားအိုရှေ့သို့ ပြေးသွားပြီး....

'လူယုတ်မာကြီး ခင်ဗျားက ကျုပ်ရဲ့မိသားစုကို သတ်ပစ်ခဲ့တယ်၊ ကျုပ်အမေရယ် ကျုပ်အစ်ကိုတွေရယ်၊ ခင်ဗျားလက်ချက်ကြောင့် သေရပြီ၊ ခင်ဗျားကို ကျုပ်ကျေနပ်မယ် ထင်သလား'

ပြောပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'ခပ်လိုက်'

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်။

ထိုင်နေသည့် အဖြူရောင်ဝတ်ဆင်ထားသည့် အဲဘွားအိုက ဟန့်တားလိုက်ခြင်း ဖြစ်၏။

လုထင်းက လုံးဝအရေးမစိုက်ချေ။ ရှမ်းရှမ်း၏ မိခင်ထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

အဖြူရောင်အဘွားအိုက....

'ကျုပ်ရှေ့မှာ တိုက်ခိုက်ခြင်း မပြုရဘူးဆိုတာ မသိဘူး လား'

အော်ပြောရင်း လက်ဝေ့ယမ်းလိုက်ရာ....

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ် လာလေ သည်။

လုထင်း မသဲမကွဲ ညည်းညူကာ အနောက်ဘက် လွင့်စဉ် သွားလေသည်။

'ညီလေး'

ချင်းသက်ထင်း ခုန်ထလာသည်။

လုထင်းအပေါ်သို့ မြောက်တက်သွားပြီး အောက်သို့ပြန်ကျ လာချိန်ဝယ် ချင်းသက်ထင်းက အသင့်ဆီးကြို ပွေ့ထားလိုက်ပြီး ကြမ်းပြင်ပေါ် ချပေးလိုက်လေသည်။

လုထင်းမှာ ဒဏ်ရာပြင်းပြင်းထန်ထန် ရသွားပုံ မရှိချေ။

လုထင်းက....



'လူယုတ်မာကြီး'

အော်ပြောရင်း ထပ်မံပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက် ၏။

'ညီလေး မလုပ်နဲ့'

ချင်းသက်ထင်းက အချိန်မီဆွဲထားလိုက်၏။

လုထင်း ရုန်းကန်ရင်း....

'အစ်ကိုကြီး လွှတ်စမ်းပါ၊ သူ့ကြောင့် ကျွန်တော့်မေမေနဲ့ အစ်ကိုတွေ သေဆုံးသွားရတာ ကျွန်တော် ဘယ်တော့မှမကျေ ဘူး'

ဟု တအားအော်ဟစ်နေ၏။

* * *

ယခုမှ ရှမ်းရှမ်းနှင့်အဘွားအိုလည်း မှတ်မိသွားကြလေ သည်။

ရှမ်းရှမ်းက....

'လက်စသတ်တော့ ခေါ်ပြလေးကိုး'

ဟု ရေရွတ်လိုက်၏။

သူမ၏စကားကို လုထင်းကြားဖြစ်အောင် ကြားသွားလေသည်။ ထိုအခါ ဒေါသစိတ်များ ရုတ်တရက် ကွယ်ပျောက်သွားသည်။

ရှမ်းရှမ်းအား မျက်လုံးပြူးကာ ကြည့်မိလိုက်လေသည်။

ရှမ်းရှမ်းမှာ ချောမောလှပသူကလေး ဖြစ်သည်။

သိုင်းပညာလည်း ထူးချွန်လေသည်။

သူ၏ဘဝတွင် ပထမဆုံးအကြိမ် သူ၏နှလုံးသားကို လှုပ်ရှားလာစေနိုင်သည့် မိန်းကလေး ဖြစ်သည်။

နှစ်ခြိုက်စွဲလန်းစိတ်ဖြင့် မစားနိုင် မသောက်နိုင် ဖြစ်ရလေအောင် စွမ်းဆောင်နိုင်ခဲ့သော မိန်းကလေး ဖြစ်သည်။

ယခု....

သူမ၏စကား ကြားလိုက်ရလျှင် စွဲလန်းနှစ်သက်မှုအားလုံး ယူပစ်လိုက်သလို ကွယ်ပျောက်သွားတော့သည်။

ရှမ်းရှမ်းကို ငေးကြည့်နေပြီး စကားတစ်ခွန်းမှ မပြောနိုင်ဘဲ ဖြစ်နေ၏။

ရှမ်းရှမ်းသည် ချောမောလှပသည်။

သိုင်းပညာတော်သည်။

သို့သော်....

စိတ်သဘောထား ပြည့်ဝသူ မဟုတ်ကြောင်း သိလိုက်ရပြီ မဟုတ်ပါလား။

စဉ်းစားဆင်ခြင်မှု အလျဉ်းမပြုဘဲ သူ့အား လူဆိုးဓားပြတစ်ယောက်ကဲ့သို့ သဘောထား သက်မှတ်ခဲ့သည်။

သူ၏အစ်ကိုများသည် လူဆိုးဓားပြများ ဖြစ်ခဲ့ကြသည်။



သူ၏မိခင်သည် လည်းကောင်း၊ သူ နေထိုင်ကြီးပြင်းလာခဲ့ရာ ပတ်ဝန်းကျင်မှ မိတ်ဆွေသင်္ဂဟများသည် လည်းကောင်း လူဆိုးဓားပြမားချည်းသာ ဖြစ်ခဲ့၏။

သို့သော်....

သူသည် လူဆိုးဓားပြတစ်ယောက် မဟုတ်ပါချေ။

လုယက်တိုက်ခိုက်ရန် မဆိုထားနှင့် သူတစ်ပါးပစ္စည်း အပ်ချည်တစ်ချောင်းပင် ယူလိုစိတ်ရှိခဲ့သူ မဟုတ်ပါချေ။

*  *  *

လူဆိုးဓားပြအလယ်မှ လူကောင်းတစ်ယောက် ဖြစ်ခဲ့သည်။

လူဆိုးဓားပြများအား ကျီးကန်းများဟု သတ်မှတ်လျှင် သူသည် ကျီးဖြူတစ်ကောင် ဖြစ်ပေလိမ့်မည်။

ကျီးကန်းဟူသည် မည်းနက်သော အရောင်အဆင်း အမွေးအတောင် ရှိသည်။

သူကား....

မည်းနက်သော အမွေးအတောင် ရှိနိုင်မည် မဟုတ်ပါ။

ထိုသို့ပင်....

လူ့လောကအလယ်၌ သူ့အား ဆိုးဓားပြများနှင့် ရောနှော သတ်မှတ်ခြင်း ခံခဲ့ရသည်။

လူ့လောကသားများအား ဗျိုင်းဖြူများဟု သတ်မှတ်လျှင် သူသည် လူ့လောက၌ မဝင်ဆန့်သည့် ဗျိုင်းမည်းတစ်ကောင် ဖြစ်ပေမည်။

လူ့ပတ်ဝန်းကျင်အမြင်၌ လူဆိုးဓားပြများနှင့် ပတ်သက်နေသည်ဟူသော အမြင်သည် သူ့အား အနက်ရောင် အရေခြုံသည့် ဗျိုင်းမည်းအသွင် ဖြစ်စေသည်။

ကျီးကန်များအလယ်၌ ကျီးဖြူ....

ဗျိုင်းဖြူများအလယ်၌ ဗျိုင်းမည်း....။

သူ၏ဘဝသည် လူဆိုးများကြား၌ လည်းကောင်း၊ လူကောင်းများကြား၌ လည်းကောင်း မဝင်ဆံ့ဘဲ သီးခြားအပိုကဲ့သို့ ရှိနေသည် မဟုတ်ပါလား။

လုထင်း တွေးတောရင်း စကားမပြောဘဲ ငေးငိုင်နေမိလေတော့၏။

ထိုစဉ်....

အဖြူရောင်အဘွားအို၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

'မင်းတို့မှာ ပြဿနာတွေ ရှိတယ်ဆိုရင် ရှင်းနိုင်တယ်၊ ဒါပေမယ့် ပန်းပေါင်းစုံ နန်းတော်ရဲ့ စည်းကမ်းချက်ကိုတော့ လိုက်နာမှ ဖြစ်လိမ့်မယ်'

လုထင်း ဆတ်ခနဲ ခေါင်းထောင်လာသည်။



ရှမ်းရှမ်းအား မုန်းတီးခြင်းမရှိသော်လည်း ရှမ်းရှမ်း၏ မိခင်ကိုမူ ရင်ဆိုင်တိုက်ခိုက်လိုပေသည်။

ထို့ကြောင့်....

'ဘယ်လိုစည်းကမ်းချက်ရှိတယ်ဆိုတာ ပြောပါ'

ဟု လှမ်းမေးလိုက်၏။

ချင်းသက်ထင်း ရင်ထိတ်သွား၏။

လုထင်းအနီးသို့ ချဉ်းကပ်သွားပြီး တီးတိုး သတိပေးလိုက်လေ၏။

'ညီလေး သတိထား၊ သူဟာ ပန်းပေါင်းစုံနန်းတော်ပိုင်ရှင် လီချင်းပေ့ဆိုသူပဲ၊ သူဟာ အစ်ကို့ဆရာနဲ့ တန်းတူရည်တူ အဆင့်လောက် ရှိတယ်'

လုထင်းကား....

သူ၏ သတိပေးစကားကို နားမဝင်ချေ။

ရှမ်းရှမ်း၏ မိခင်နှင့် ရင်ဆိုင်တိုက်ခိုက်ရန်သာ စိတ်စောနေသည်။

ပန်းပေါင်းစုံ နန်းတော်ပိုင်ရှင် လီချင်းပေ့က....

'ဘယ်သူပဲဖြစ်ဖြစ် သိုင်းပညာယှဉ်ပြိုင်ချင်တယ်ဆိုရင် ပန်းတောင်ထိပ်ကို သွားရလိမ့်မယ်၊ တကယ်လို့ တစ်ဘက်က လူဟာ ဒီနေရာကဖြစ်ပြီး ကျန်တစ်ဘက်ကလူဟာ အပြင်က ဖြစ်ခဲ့ရင် နောက်ထပ် စည်းကမ်းတစ်ခု လိုက်နာရဦးမယ်'

'ပြောပါ'

'ဒီကလူ ရှုံးရင် ကြိုက်သလိုလုပ်နိုင်တယ်၊ ဒါပေမယ့် အပြင်က လူ ရှုံးရင် ဒီနေရာမှာ တစ်သက်လုံး နေထိုင်သွားရလိမ့်မယ်၊ ကဲ.... ဘယ်လိုသဘောရသလဲ'

လုထင်းအား ဟန့်တားၡ ရတော့မည် မဟုတ်ကြောင်း ချင်းသက်ထင်း ယုံကြည်မိသည်။

ထို့ကြောင့်....

ဟန့်တားခြင်းမပြုဘဲ နေလိုက်၏။

လုထင်းက....

'ကောင်းပြီ၊ ကျုပ်သဘောတူတယ်၊ ကဲ....ခင်ဗျား ထွက်ခဲ့ပါ'

သူက ရှမ်းရှမ်း၏မိခင်ကို လက်ညှိုးညွှန်ပြရင်း ပြောလိုက်လေ၏။

လီချင်းပေ့က လှမ်းကြည့်လိုက်၏။

ပြီးလျှင်....သဘောကျစွာ ပြုံးကာ....

'လက်စသပ်တော့ မင်းက 'ပေစုန်းကျူး'နဲ့ ယှဉ်ချင်တာကိုး၊ မင်းစဉ်းစားရင်ကောင်းမယ်'

ပေ့ရန်ကျူး ဟူသည့် အမည်ကြားလျှင် ချင်းသက်ထင်း မျက်နှာ ကွက်ခနဲ ပျက်သွား၏။



လုထင်း၏လက်ကို ဖမ်းဆွဲရင်း....

'ညီလေး....မင်း နောက်ဆုတ်လိုက်စမ်း'

ဟု ငေါက်လိုက်လေသည်။

* * *

လုထင်းက ရှုန်းဖယ်ရင်း....

'အစ်ကိုကြီး ကျွန်တော့်ကိုမတားပါနဲ့၊ ကျွန်တော့်မိဘကို သတ်သွားတဲ့လူနဲ့ ကျွန်တော် ရင်ဆိုင်ပါရစေ'

သူက လီကျင်းဖေ့ကိုကြည့်ကာ....

'ဟုတ်တယ်၊ ကျုပ်က သူနဲ့ယှဉ်ပြိုင်ချင်တယ်'

ဟု အော်ပြောလိုက်လေသည်။

လီချင်း ခေါင်းယမ်းလိုက်သည်။

'မင်း သေသွားမှာပေါ့'

'ဘာဗျ'

'မင်း....လက်လျှော့လိုက်ရင် ကောင်းမယ်'

'ကျုပ် ဘာပဲဖြစ်ဖြစ် ခင်ဗျားအပူမပါဘူး၊ ကျုပ်ကို သေရမှာကြောက်တဲ့လူလို့များ ထင်နေသလား'

သူ၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ လီချင်းဖေ ၏မျက်နှာ ခက်ထန်သွား၏။

'ငါ့ကို ဘယ်သူမှ ဒီလိုအော်ငေါက်ပြီး မပြောရဲဘူးကွ...၊ ကောင်းပြီလေ မင်းစိတ်တိုင်းကျ ဖြစ်စေရမှာပေါ့၊ ဒါပေမယ့် မင်းကိစ္စ ခဏနေဦး၊ ဒီမှာ အရင်ဦးဆုံးလုပ်စရာရှိတာ လုပ်ရဦးမယ်....'

ပြောပြီး ချင်းသက်ထင်းကို ကြည့်လိုက်လေသည်။ ချင်းသက်ထင်းက သက်နှစ်ဘက်ဆုတ်ကာ ဦးညွှတ်လိုက်ပြီး....

'ဒီနေရာဟာ တူးဆန်းတဲ့နေရာ တစ်ခုဖြစ်လို့ တအံ့တသြ ဖြစ်မိပြီး ဝင်ကြည့်မိတာပဲ၊ ကျုပ်ကို ခွင့်လွှတ်ဘို့ တောင်းပန်ပါတယ်'

ဟု ကပျာကယာ ပြောလိုက်လေသည်။

ချင်းသက်ထင်း၏သိုင်းပညာမှာ ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်နေကြောင်း သိထားရာ၊ ယခု တောင်းပန်စကား ပြောနေသည်ကို ကြားရသဖြင့် အံ့သြသွား၏။

'အစ်ကိုကြီး ချင်းသက်ထင်းကို ကြည့်ရတာ.... သူတို့ကို ကြောက်ရွံ့နေပုံရတယ်၊ ဘာကြောင့်များပါလိမ့်'

ဟု တွေးနေမိ၏။

လီချင်းဖေ က....

'ကောင်းပြီလေ၊ မင်းကစိတ်ဝင်စားလို့ ဝင်ကြည့်မိတယ်ဆိုတော့ ခွင့်လွှတ်ရမှာပေါ့၊ ဒါပေမယ့် မင်းရဲ့ လက်ချက်ကြောင့် မိန်းကလေး လေးယောက် ဒဏ်ရာရခဲ့ကြတယ်....၊ အဲဒီအတွက် ဘယ်လိုလုပ်မလဲ'



ချင်းသက်ထင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

လီချင်းဖေ က....

'မင်း ဒီကထွက်သွားနိုင်ပါတယ်၊ ဒါပေမယ့် မင်းရဲ့ သိုင်းပညာကိုတော့ ထားပစ်ခဲ့ရလိမ့်မယ်'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

* * *

ချင်းသက်ထင်း သက်ပြင်းချလိုက်သည်။

တိုက်ခိုက်ခြင်းမပြုပဲ ဤနေရာမှထွက်သွား၍ ရတော့မည် မဟုတ်ကြောင်း နားလည်လိုက်လေသည်။

လီချင်းဖေ ကို စိုက်ကြည့်လိုက်ပြီး....

'ကောင်းပြီ...ခင်ဗျား သဘောအတိုင်း ဖြစ်ရစေမယ်၊ ဒါပေမယ့် ကျုပ်ကို အခွင့်အရေး တစ်ခုတော့ ပေးစေချင်ပါတယ်....'

'မင်းက ဘာများ တောင်းဆိုချင်လို့လဲ'

'ကျုပ်ရဲ့ သိုင်းပညာ ညံ့ဖျင်းလှပါတယ်....၊ ဒါကြောင့် ကျုပ်ဆရာဆီကိုပြန်ပြီး တစ်ကွက်နှစ်ကွက်လောက် သင်ပါရစေဦး၊ ကျုပ် ညံ့ဖျင်းတဲ့ပညာ ဒီမှာ ထားပစ်ခဲ့ရမယ်ဆိုရင် ပန်း

ပေါင်းစုံ နန်းတော်ရဲ့ ဂုဏ်သိက္ခာကို စော်ကားသလို ဖြစ်နေပါလိမ့်မယ်ဗျာ'

လီချင်းဖေ့ ပြုံးလိုက်သည်။

'မင်းက စကား အတော်တတ်တာပဲ၊ မင်းကို ယုံရပါ့လား'

'ကျုပ် ဘယ်တော့မှလိမ်မပြောဘူးဗျ'

'ကောင်းပြီ မင်းကို လိုက်လျောလိုက်မယ်'

'ကျုပ်ရဲ့ ညီလေးအတွက်လဲ အချိန် ပေးစေချင်ပါတယ်....၊ ကျုပ်တို့နှစ်ယောက်စလုံး ဒီကို အတူတူပြန်လာခဲ့ပါမယ်'

လီချင်းဖေ့ ရယ်မောလိုက်လေသည်။

'ဟင်း....ဟင်း....ဟင်း ရှင်ပျော်ပျော်အဘိုးအိုရဲ့ တပည့်က မဆိုးဘူးဟေ့၊ ကောင်းပြီ မင်းကို တစ်နှစ်အချိန်ပေးလိုက်မယ်၊ တစ်နှစ်ပြည့်တဲ့နေ့ ဒီကို ပြန်လာခဲ့ပေတော့'

လက်ဝေ့ယမ်းကာ ပြောလိုက်၏။

ချင်းသက်ထင်း မျက်နှာပျက်သွား၏။

လီချင်းဖေ့သည် သူ့အား ရှင်ပျော်ပျော်အဘိုးအို၏ တပည့်ဖြစ်ကြောင်း အဘယ့်ကြောင့်သိနေရသည်ကို စဉ်းစားမရပဲဖြစ်သွား၏။

သို့သော်....

ရရှိလာသော အခွင့်အရေးကို လက်လွှတ်မခံပဲ....

'လာ ညီလေး၊ သွားကြစို့'

လုထင်း၏လက်ကိုဆွဲကာ ပြေးထွက်သွားလေသည်။

လုထင်း မကျေမနပ် ဖြစ်နေ၏။



ရှမ်းရှမ်း၏မိခင် ပေ့ရန်ကျူးအား ရင်ဆိုင် တိုက်ခိုက်လိုပါ၏။

ချင်းသက်ထင်း၏လက်မှ ရုန်းထွက်ဘို့ ကြိုးစား လိုက်သော်လည်း ချင်းသက်ထင်းက အတင်း ဆွဲခေါ်သွားခြင်းကြောင့် မတတ်သာပဲ လိုက်ပါ သွားရလေတော့သည်။

လေပြည်လေညင်း ငွေ့ယမ်း တိုက်ခတ်လာသည်။
မွှေးကြိုင်သော ပန်းရနံ့များ သင်းပျံ့လာသည်။
ပန်းပင်များ လေယူရာ ယိမ်းနွဲ့နေကြသည်။
ပန်းခင်းများကြားမှ လမ်းကလေးအတိုင်း လုထင်းနှင့် ချင်းသက်ထင်းတို့ ခပ်သွက်သွက် လျှောက်လာခဲ့ကြသည်။
ပန်းပေါင်းစုံနန်းတော်ကား အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။
လုထင်း၏ရင်ထဲ တင်းကြပ်နေ၏။
ချက်ချင်းနောက်လှည့်ကာ ပန်းပေါင်းစုံနန်းတော်သို့ ပြေးသွားလိုစိတ်များ ထိန်းမနိုင်သိမ်းမရ ဖြစ်ပေါ်နေ၏။
သို့သော် နောက်လှည့်သွားနိုင်ခြင်း မရှိခဲ့ချေ။

ချင်းသက်ထင်က သူ၏ လက်တစ်ဘက်ကိုဆွဲကာ အရှေ့ဘက်သို့ အတင်းခေါ်သွားသည် မဟုတ်ပါလား။

ပန်းပေါင်းစုံနန်းတော်ကား တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့ချေပြီ။

တောင်ကြားနှင့်ဆက်စပ်လျက်ရှိသည့် တောအုပ်ထဲသို့ သူတို့နှစ်ယောက် ရောက်ရှိလာကြသည်။

ထိုအခါမှ ချင်းသက်ထင်က လုထင်း၏လက်ကို လွှတ်ပေးလိုက်လေသည်။

လုထင်း၏မျက်နှာ သုန်မှုန်နေသည်။

ပန်းပေါင်းစုံနန်းတော်ဘက်သို့ ပြန်လည်ပြေးသွားခြင်း မပြုသော်လည်း ခြေလှမ်း တုံ့ခနဲ ရပ်လိုက်လေသည်။

ချင်းသက်ထင်ကလည်း ရပ်တန့်လိုက်ရ၏။

မကျေမနပ်ဖြစ်နေသည့် လုထင်းကိုကြည့်ကာ သက်ပြင်းချမိသည်။

လုထင်းက သူ့အားမကြည့်ဘဲ မျက်နှာ လွှဲထားလိုက်လေသည်။

ချင်းသက်ထင်က....

'ညီလေး ဘယ်လိုခံစားရမယ်ဆိုတာ အစ်ကိုနားလည်ပါတယ်၊ ဒါပေမယ့် မဖြစ်နိုင်လွန်းလို့ အခုလို ခေါ်လာခဲ့ရတယ်ဆိုတာ ယုံပါ၊ ညီလေးကို မကူညီချင်လို့ မဟုတ်ပါဘူး'

လုထင်းက....

'ကိစ္စမရှိပါဘူး၊ ကျွန်တော့်ကို ကူညီစရာမလိုပါဘူး၊ ကျွန်တော့်ရဲ့ ပြဿနာကို ကျွန်တော်ကိုယ်တိုင် ဖြေရှင်းပါ့မယ်၊



အစ်ကိုကြီး ကူညီမ မဆိုရင်တောင် ကျွန်တော် လက်ခံနိုင်မှာ မဟုတ်ပါဘူး'

ဟုပြောလိုက်သည်။

ထိုစကားကြောင့် ချင်းသက်ထင် စိတ်မကောင်း ဖြစ်သွားလေသည်။

လုထင်းအား ကူညီလိုသည့်တိုင်အောင် ကူညီနိုင်သည့် အရည်အချင်း သူ့ထံ၌မရှိကြောင်း ကောင်းစွာ နားလည်ထားပေသည်။

ဤနေရာသို့ လာခဲ့မိသည်ကပင် သူတို့နှစ်ယောက်အကြား စိတ်ဝမ်းကွဲစရာ ဖြစ်လာရခြင်းအတွက် ကိုယ့်ကိုကိုယ် အပြစ်တင်နေမိလေသည်။

လုထင်းက....

'အစ်ကိုကြီး ကျွန်တော့်ကို ခွင့်ပြုပါ၊ ကျွန်တော်သွားတော့မယ်'

ချင်းသက်ထင် ရင်ထိတ်သွား၏။

ထွက်သွားရန် ခြေလှမ်းပြင်နေသည့် လုထင်းကိုကြည့်ကာ....

'ညီလေး ဘယ်သွားမလို့လဲ'

'ကျွန်တော် မြောက်နယ်ခြားကို သွားတော့မယ်'

'ဟာ....မဟုတ်တာ၊ ညီလေး သိုင်းပညာ သင်ကြားရဦးမယ်လေ'

လုထင်း ပြုံးလိုက်လေသည်။

'မလိုတော့ပါဘူး အစ်ကိုကြီး'

'ဟင်....ဘာဖြစ်လို့'

'အစ်ကိုကြီးကတောင် သူတို့ကို ကြောက်နေတယ်ဆိုရင် အစ်ကိုကြီးက သိုင်းပညာသင်ပေးတော့လဲ ဘာများထူးဦးမှာလဲ'

ချင်းသက်ထင်း ခေါင်းယမ်းလိုက်သည်။

'မဟုတ်သေးဘူးညီလေး၊ အစ်ကိုကြီး သူတို့ကိုမကြောက်ဘူး'

လုထင်း ပါးစပ်ပိတ်သွားလိုက်လေသည်။

ချင်းသက်ထင်းသည် ပန်းပေါင်းစုံနန်းတော်မှ လူများကို ကြောက်ရွံ့ခြင်းမရှိလျှင် ယခုလို ထွက်လာစရာအကြောင်း ရှိမည်မဟုတ်ချေ။

သူ၏စိတ်ထဲ လက်ခံနိုင်ခြင်း မရှိသည်ကို ချင်းသက်ထင်း နားလည်ထား၏။

ထို့ကြောင့် ရှင်းပြရန် ဆုံးဖြတ်လိုက်၏။

လုထင်းအား စိုက်ကြည့်လိုက်ပြီး....

'ညီလေး ပန်းပေါင်းစုံ နန်းတော်ကလူတွေ သိုင်းပညာ မခေါ်ကြဘူးဆိုတာ မှန်တယ်၊ ဒါပေမယ့် အစ်ကိုကြီး မကြောက်ပါဘူး၊ အစ်ကိုကြီး အခုလို နောက်ဆုတ်လာတာ အစ်ကို့ဆရာရဲ့ စကားတစ်ခွန်းကြောင့်ပါ'

လုထင်း စိတ်ဝင်စားသွားသည်။

ချင်းသက်ထင်းကိုကြည့်ကာ....

'အစ်ကိုကြီးဆရာက ဘာများပြောသွားလို့လဲ'

ဟု လွတ်ခနဲ မေးလိုက်မိ၏။

ချင်းသက်ထင်းက တည်ကြည်သော မျက်နှာထားဖြင့်....



'အစ်ကို့ဆရာက အစ်ကို့ကို သိုင်းပညာသင်ပေးပြီးတော့ သိုင်းလောကမှာ ကျင်လည်ကျက်စားမယ်ဆိုရင် လူနှစ်ယောက်ကို ဝေးဝေးက ရှောင်ရမယ်လို့ မှာခဲ့တယ်'

'ဘယ်သူတွေလဲဟင်၊ ပန်းပေါင်းစုံ နန်းတော်ပိုင်ရှင်လဲ ပါသလား'

ချင်းသက်ထင်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ပန်းပေါင်းစုံ နန်းတော်ပိုင်ရှင် ချိုအင်းရှမ်နဲ့ တွေ့ရင် ရှောင်ရှားသွားရမယ်၊ သူက အန္တရာယ်ပြုလာတာတောင်မှ ဘာမှပြန်မလုပ်ဘဲ ခေါင်းငုံ့ခံနေရမယ် မှာကြားလို့ခဲ့တယ်'

'ဘာသဘောနဲ့ ဒီလိုမှာခဲ့တာလဲဟင်'

'ဒါတော့ အစ်ကိုကြီးလည်း မသိဘူး'

'နောက်တစ်ယောက်ကရော'

'နောက်တစ်ယောက်က ဆရာကြီး နန်းကုန်းစိမ်းပါပဲ'

'ဟင်....'

လုထင်း အံ့သြသွား၏။

သိုင်းဆရာကြီး နန်းကုန်းစိမ်းဟူသော အမည် ကြားလိုက်သည်နှင့် နန်းကုန်းယာန်၏ ချောမောလှပသော မျက်နှာကလေးကို မြင်ယောင်လာ၏။

နန်းကုန်းယာန်သည် သူ့အား ကူညီခဲ့သူ ဖြစ်၏။

သို့သော်....

သူ၏ဦးလေး ဝမ်းတုအား ဖမ်းဆီးကာ မြို့စားကြီး လုံးကျင်းချန်း လက်သို့ အပ်ခဲ့သူ ဖြစ်သည်။

နန်းကုန်းယန်ကို မကျေနပ်သည့်စိတ်များ ရင်ထဲ လှိမ်းမိုးနေခဲ့သည် မဟုတ်လား။

ချင်းသက်ထင်းက သူ့အား ကူညီခဲ့သူ ဖြစ်သော်လည်း ယခု သူ သဘောမကျနိုင်ဖြစ်နေပါတော့ချေ။

သူသည် ခါးသီးလှသော အတွေ့အကြုံများကြောင့် မည်သူ့ကိုမှ သဘောမကျနိုင်ဘဲ ဖြစ်လာရပြီသည်။

လုထင်း တွေးတောနေစဉ် ချင်းသက်ထင်း၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

'အပ်ကို၊ ဆရာနဲ့ နန်းကုန်းစိမ်း၊ ချီအင်းရှမ်းတို့နဲ့ အကြောင်း တစ်ခုခု ပတ်သက်နေလိမ့်မယ်ဆိုတာ အစ်ကိုကြီးလဲ သိပါတယ်၊ ဒါပေမယ့် ဘယ်လို ပတ်သက်နေတယ်ဆိုတာ မမေးခဲ့ဘူး၊ ဆရာ့ရဲ့စကားကို တသဝေမတိမ်း နာခံပါ့မယ်လို့ ကတိ ပေးခဲ့ရတယ်'

'ဒီနေရာဟာ ပန်းပေါင်းစုံ နန်းတော်ဆိုတာ အစ်ကိုကြီး မသိဘူးပေါ့'

ချင်းသက်ထင်း ခေါင်းခါယမ်းလိုက်၏။

'မသိဘူး၊ ပန်းပေါင်းစုံ နန်းတော်အကြောင်း ကြားဖူးပေမယ့် အင်ကိုကြီး ရောက်ဖူးတာမှ မဟုတ်ဘဲ'

'ဒီကိုရောက်မှ ဒီနေရာဟာ ပန်းပေါင်းစုံ နန်းတော်ဆိုတာ အစ်ကိုကြီး သိတယ်ဆိုပါတော့'

'ဟုတ်တယ်၊ ချီအင်းရှမ်းကိုတွေ့မှ သိတာ'

လုထင်း ငိုင်သွား၏။

ချင်းသက်ထင်းကို အားတုံ့အားနာဖြင့် ကြည့်နေမိသည်။



ချင်းသက်တင်းက....

'အစ်ကို့ဆရာက ဘာကြောင့် အဲဒီလို မှာခဲ့တယ်ဆိုတာ အစ်ကိုလဲ မသိဘူး'

'သူတို့က သိုင်းပညာ သိပ်တော်တော့ အစ်ကိုကြီး ဒုက္ခ ရောက်မှာ စိုးရိမ်လို့ ထင်တယ်'

'အစ်ကိုကြီးက သူတို့ရဲ့ရန်သူမှ မဟုတ်ဘဲ'

'ဒါပဲ ဟုတ်တာပဲ'

ချင်းသက်ထင်းက....

'သူတို့ သိုင်းပညာ မတော်တာတော့ သေချာတယ်၊ ဘာပဲ ဖြစ်ဖြစ် ဆရာ့စကား နားထောင်တာ မမှားဘူးဆိုပြီး အစ်ကိုကြီး ထွက်လာတာပါ'

လုထင်း သက်ပြင်းချလိုက်သည်။

ပန်းပေါင်းစုံနန်းတော်မှ ထွက်လာရခြင်းအတွက် ချင်းသက်ထင်းအား အပြစ်ဆိုစရာ အကြောင်းမရှိပါတော့ချေ။

မည်သို့ဆိုစေ ပန်းပေါင်းစုံနန်းတော်ဝယ် ယဉ်မင်းဝါနှင့် ရှမ်းရှမ် တို့ ရှိနေ၏။

ယဉ်မင်းဝါ၏ လက်ချက်ကြောင့် သူ၏မိခင် ဝမ်းလျှန် သေဆုံးခဲ့ရသည် မဟုတ်ပါလား။

ဝမ်းလျှန်အစား သူက ရင်ဆိုင်ရမည်သာ ဖြစ်ပေသည်။

လုထင်း အံကြိတ်လိုက်ပြီး....

'အစ်ကိုကြီးမှာ အခက်အခဲရှိနေတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်၊ ဒါကြောင့် ကျွန်တော့်ဘာသာ သွားပါတော့မယ်'

'ညီလေး ဘယ်ကိုသွားမှာလဲ'

'မြောင်နယ်ခြားကို သွားမလို့ ပါ'

'ဘာ....မြောင်နယ်ခြား ဟုတ်လား'

လုထင်းက....

'ဟုတ်ပါတယ်၊ အစ်ကိုကြီးကကျွန်တော့်ကို အိုင်းပညာသင်ပေးမယ်ဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်ကိုသင်ပေးရင် ကျွန်တော်က ပန်းပေါင်းစုံ နန်းတော်က လူတွေကို တိုက်ခိုက်မှာပါပဲ၊ ဒီလိုဆိုရင် အစ်ကိုကြီးရဲ့ဆရာက သဘောကျနိုင်မှာ မဟုတ်ဘူး'

ချင်းသက်ထင်း ငိုင်သွားသည်။

လုထင်းပြောသည့်စကားများ သဘာဝကျနေသည် မဟုတ်ပါလား။

သူ၏ဆရာသည် ပန်းပေါင်းစုံနန်းတော်မှ လူများနှင့် ပြဿနာဖြစ်မည်ကို လုံးဝသဘောကျမည် မဟုတ်ပါချေ။

လုထင်းက....

'ကျွန်တော့်အမေက မြောင်နယ်ခြားကိုသွားဖို့ မှာသွားတယ်၊ မြောင်နယ်ခြားကို ရောက်အောင်သွားနိုင်ရင် ကျွန်တော့်ရဲ့ရန်သူတွေကို ရင်ဆိုင်နိုင်မယ့်ပညာ ရမှာပါပဲ၊ ဒါကြောင့် ကျွန်တော်သွားပါရစေ'

စကားဆုံးလျှင် ထွက်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

ချင်းသက်ထင်းက ဟန့်တားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်....

'ရပ်လိုက်စမ်း'



ဟန့်တားသံများ ထွက်ပေါ်လာလေသည်။

လုထင်းနှင့် ချင်းသက်ထင်းတို့ အံ့ဩသွားကြ၏။

ဟန့်တားသံ ထွက်ပေါ်လာရာဆီသို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြလေသည်။

ထိုအခါ သူတို့ထံသို့ဦးတည်ကာ လူနှစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

လူနှစ်ယောက် ပြေးလွှား ရောက်ရှိလာသည်။

ထိုလူနှစ်ယောက်မှာ ရှမ်းရှမ်းနှင့် ယဉ်မင်းဝါးတို့ဖြစ်လေ၏။

သူတို့နှစ်ယောက်သည် လုထင်းသွားရာလမ်းကို ပိတ်ရပ်လိုက်ကြသည်။

ချင်းသက်ထင်း ရင်ထိတ်သွားသည်။

သူတို့သည် အန္တရာယ်ကိုရှောင်ကာ ထွက်လာခဲ့ကြသော်လည်း ယဉ်မင်းဝါးတို့က အလွတ်မပေးဘဲ လိုက်လာကြပြီမဟုတ်ပါလား။

လုထင်းသည် ယဉ်မင်းဝါးတို့ လိုက်လာခြင်းကြောင့် ဒေါသစိတ်ကို ထိန်းနိုင်တော့မည်မဟုတ်ကြောင်း နားလည်မိလေ၏။

ရုတ်တရက် မည်သို့လုပ်ရမည်မှန်း မသိဖြစ်သွားသည်။
စိုးရိမ်စိတ်ဖြင့် လုထင်းကို လှမ်းကြည့်မိသည်။
လုထင်း၏မျက်နှာ နီရဲခက်ထန်နေသည်။
ယဉ်မင်းဝါးကို မျက်လုံးကျွတ်မတတ် စိုက်ကြည့်နေသည်။
ရှမ်းရှမ်းကမူ လုထင်းအား တစ်ချက်ကြည့်လိုက်ပြီး မသိမသာ မျက်နှာ လွှဲထားလိုက်လေသည်။
ယဉ်မင်းဝါး မဲ့ပြုံး ပြုံးနေသည်။
လုထင်းကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....
'ဘာပြုလေး....မင်း ပြေးလို့ လွတ်မလား'
ဟု ငေါက်လိုက်လေသည်။
လုထင်း အံကြိတ်ကာ....
'စိတ်ချ ကျုပ် ဘယ်တော့မှမပြေးဘူး၊ ခင်ဗျားကို ဆုံးမမယ်ဆိုတာ မှတ်ထားပါ'
ပြောပြီး စတင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။
အခြေအနေမဟန်မှန်းသိသဖြင့် ချင်းသက်ထင်း ကမျာကယာ ကြားဝင်ဟန့်တားလိုက်သည်။

'ညီလေး အရမ်းမလုပ်နဲ့'

လုထင်းက....

'အစ်ကိုကြီး သူတို့နဲ့ကျွန်တော် ရင်ဆိုင်တဲ့အခါ အစ်ကိုကြီး ကြားဝင်မပါနဲ့၊ တော်ကြာ အစ်ကိုကြီးဆရာက သဘောကျမှာ မဟုတ်ဘူး'
ဟု ပြောလိုက်၏။



ယဉ်မင်းဝါးအား မည်သို့မျှ ယှဉ်ပြိုင်နိုင်မည် မဟုတ်ကြောင်း ချင်းသက်ထင်း နားလည်ထားပါသည်။
ထို့ကြောင့် လုထင်းအတွက် စိတ်ပူသွားလေသည်။
'ညီလေး တို့ထွက်သွားကြရင်ကောင်းမယ်'
ပြောပြီး ယဉ်မင်းဝါးကိုကြည့်ကာ....
'ပန်းပေါင်းစုံနန်းတော်ပိုင်ရှင်က ကျုပ်တို့ကို ထွက်သွားခွင့်ပြုခဲ့တယ်ဆိုတာ ခင်ဗျားသိသားပဲ၊ ဘာကြောင့် ဟန့်တားချင်တာလဲဗျ၊ ကျုပ်တို့ကို ဟန့်တားမယ်ဆိုရင် ပန်းပေါင်းစုံနန်းတော်ပိုင်ရှင်ရဲ့စကားကို ဂရုမစိုက်ရာကျမနေပေဘူးလားဗျ'
ပန်းပေါင်းစုံနန်းတော်ပိုင်ရှင်၏အမည် အသုံးပြုကာ ဖြစ်ပေါ်လာမည့် အန္တရာယ်ကို တားဆီး ရှောင်တိမ်းလိုက်ခြင်း ဖြစ်လေသည်။
ယဉ်မင်းဝါး နောက်ဆုတ်သွားလိမ့်မည်ဟုလည်း ယုံကြည်ထားလေသည်။

သို့သော် လက်တွေ့၌ သူထင်မှတ်ထားသလို ဖြစ်မလာခဲ့ပါချေ။

ယဉ်မင်းဝါး မဲ့ပြုံးပြုံးလိုက်သည်။
လက်ထဲမှ တောင်ဝှေးကို မြှေပေါ် ဒုန်းခနဲဆောင့်ရင်း....
'ဒီနေရာဟာ ပန်းပေါင်းစုံနန်းတော်ရဲ့ ပိုင်နက်ထဲမှာ ရှိနေသေးတယ် ဆိုပေမယ့် မြေလမ်းကြား အပြင်ဘက်မှာ ငါလုပ်ချင်ရာ လုပ်ခွင့်ရှိတယ်၊ ပန်းပေါင်းစုံ နန်းတော်ပိုင်ရှင်ကလဲ ခွင့်ပြုထားတယ်ဆိုတာ မှတ်ထားပါ'

'လက်စသပ်တော့ ခင်ဗျားက အထူးအခွင့်အရေးရထားတဲ့ လူကိုး'

'မင်းကိုတော့ ကျုပ်က ခွင့်လွှတ်နိုင်ပါတယ်'

ချင်းသက်ထင်း ခေါင်းယမ်းလိုက်သည်။

'ကျုပ်က မိတ်ဆွေကို ပစ်ပြေးတတ်တဲ့လူ မဟုတ်တော့ ခက်နေတာပေါ့ဗျာ'

ယဉ်မင်းဝါး၏ မျက်နှာထား တင်းမာသွားသည်။

ယဉ်မင်းဝါး ခေါင်းခါယမ်းလိုက်သည်။

'ပန်းပေါင်းစုံတောင်ကြားပိုင်ရှင်က ရှင်ပျော်ပျော်အဘိုးအိုနဲ့ ပြဿနာ ဖြစ်ချင်မှာမဟုတ်ဘူး'

'ကျုပ် နားလည်ပါတယ်ဗျာ။ ဒါကြောင့် ကျုပ်တို့ကို သွားခွင့်ပြုပါ'

'မင်း သွားနိုင်ပါတယ်'

ယဉ်မင်းဝါးက လုထင်းအား ညွှန်ပြလိုက်ပြီး....

'သူကတော့....'

သူမ၏စကားမဆုံးမီ ချင်းသက်ထင်းက ကြားဖြတ်ပြောလိုက်လေသည်။

'သူက ကျုပ်မိတ်ဆွေဆိုတာ ကျုပ်ပြောပြီးပြီပဲ၊ ကံကောင်းရင် သူဟာ ရှင်ပျော်ပျော်အဘိုးအိုရဲ့ တပည့်တောင် ဖြစ်လာဦးမှာဗျ....'

'ဘာ....'

ယဉ်မင်းဝါး၏စကားသံ ဟိန်းထွက်လာလေသည်။

သူမ၏မျက်နှာလည်း နီရဲခက်ထန်သွားသည်။



မြွေလမ်းကြားဆိုသည်မှာ တစ်ဘက်တွင် ကျောက်နံရံ၊ တစ်ဘက်တွင် ချောက်ကမ်းပါးရှိသည့် ကွေ့ကွေ့ ကောက်ကောက် လမ်းကြားကလေးကို ဆိုလိုခြင်းဖြစ်ကြောင်း ချင်းသက်ထင်း နားလည်မိလေသည်။

ထိုလမ်းကြားလေးတစ်ဘက်တွင် ပန်းပေါင်းစုံ နန်းတော် တည်ရှိပေသည်။

ဤဘက်ခြမ်းကား တောင်ကုန်း၊ တောအုပ်နှင့် ပဲ့တင်သံ တောင်ကြား တည်ရှိလေသည်။

ယဉ်မင်းဝါးသည် ဤဘက်ခြမ်း၌ ပန်းပေါင်းစုံ နန်းတော် ပိုင်ရှင်၏ အမိန့်ကို နာခံရန်မလို။ သူမစိတ်သဘောအတိုင်း ပြုလုပ်နိုင်သည်ဟု ခွင့်ပြုထားခြင်းမှာ အမှန်ပင်လော။

- ဤသို့ဆိုလျှင် တိုက်ပွဲကို ရှောင်လွှဲ၍ရတော့မည် မဟုတ်ပါ ချေ။

ယဉ်မင်းဝါးကို စိုက်ကြည့်ရင်း....

'ခင်ဗျားက ကျုပ်တို့နောက်ကိုလိုက်လာတာ ပန်းပေါင်းစုံ နန်းတော်ပိုင်ရှင် သိတယ်ပေါ့ ဟုတ်လား'

ယဉ်မင်းဝါး ခေါင်းညိတ်လိုက်သည်။

'ဒီနေရာမှာ အပ်ကျတာကအစ ပန်းပေါင်းစုံ နန်းတော် ပိုင်ရှင် သိတယ်ဆိုတာ မှတ်ထားပါ'

'ဒါဖြင့် သူက ခွင့်ပြုတယ်ပေါ့'

'မြွေလမ်းကြားတစ်ဘက်မှာ ဘာမဆို လုပ်နိုင်တယ်ဆိုပြီး ကျုပ်ကို ခွင့်ပြုခဲ့တာ အခုမှမဟုတ်ဘူး၊ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်လောက်ကတည်းကဆိုတာ နားလည်စမ်းပါ'

လုထင်းအား သူမ မည်သို့မျှကြည့်မရပါချေ။

လုထင်းကြောင့် သူမ၏ခင်ပွန်းသည် သေဆုံးသွားရခြင်းဖြစ်သည်ဟု ခံယူထား၏။

လုထင်းသည် လူဆိုးဓားပြ မိသားစုအတွင်းမှ ပေါက်ဖွားလာသူဖြစ်၍ လူဆိုးဓားပြတစ်ယောက်သာ ဖြစ်ရမည်ဟု တထစ်ချ ယုံကြည်သတ်မှတ်ထားသည်။

လုထင်းသာ ရှင်ပျော်ပျော်အတိုးအိုး၏ တပည့် ဖြစ်သွားလျှင် ကျားကို အတောင်တပ်ပေးလိုက်သလို ရှိမည်ဟု ယူဆထားလေရာ....

'ဒီအတိုင်းဆိုရင် သူ့ကို ပိုလို့တောင် မလွှတ်နိုင်တော့ဘူး....၊ မင်းကို နောက်ဆုံးအကြိမ် သတိပေးလိုက်မယ်....၊ သူ့ထားပြီး ထွက်သွားပါ'

ချင်းသက်ထင်း ပြုံးလိုက်သည်။

'ကျုပ်ရဲ့စိတ်သဘောထားကို ခင်ဗျား နားလည်သင့်ပါတယ်ဗျာ၊ ဘာကြောင့် အပိုစကားတွေ ပြောနေရသေးတာလဲ'

'ကောင်းပြီ....သတိသာ ထားပေတော့'

စကားဆုံးလျှင် ယဉ်မင်းဝါးက စတင်တိုက်ခိုက်ရန်ဟန်ပြင်လိုက်လေသည်။

ချင်းသက်ထင်း လက်ကာ ပြလိုက်သည်။

'နေဦး....'

ယဉ်မင်းဝါး မျက်မှောင်ကုတ်ကာ....

'မင်း....ဘာပြောချင်လို့လဲ'



'ကျုပ်က တစ်နှစ်ပြည့်တဲ့အချိန် ဒီကိုပြန်လာခဲ့မယ်လို့ ပန်းပေါင်းစုံ နန်းတော်ပိုင်ရှင်ဆီမှာ ကတိပြုခဲ့တယ်၊ ခင်ဗျားစောင့်နေပါ၊ ကျုပ် ပြန်လာခဲ့ပါမယ်'

ယဉ်မင်းဝါးက....

'မင်းကိုတော့ တစ်နှစ်မကဘူး၊ ဆယ်နှစ် စောင့်ရမယ်ဆိုရင်လဲ စောင့်နိုင်ပါတယ်၊ ဒါပေမယ့် သူ့ကိုတော့ တစ်နေ့တစ်ရက်လေးတောင် အခွင့်အရေးမပေးနိုင်ဘူး'

လုထင်းအား ညွှန်ပြရင်း ပြောလိုက်လေသည်။

ယဉ်မင်းဝါးသည် လုထင်းအား အမုန်းကြီး မုန်းနေကြောင်း ချင်းသက်ထင်း ရိပ်မိသွားလေသည်။

လုထင်းဘက်သို့ လှမ်းကြည့်မိ၏။

လုထင်းလည်း အံတင်းတင်း ကြိတ်ကာ စိုက်ကြည့်နေသည်ကို တွေ့မြင်ရလေသည်။

သူသည် ယဉ်မင်းဝါးနှင့် သူသေကိုယ်သေ တိုက်ခိုက်ရန် ဆုံးဖြတ်ထားပုံရ၏။

ချင်းသက်ထင်းမှာ အခြေအနေကို ကောင်းစွာ နားလည်သဘောပေါက်သွားပြီ ဖြစ်၏။

သူသေကိုယ်သေ တိုက်ပွဲဆင်နွှဲခြင်းမပြုဘဲ ညှိနှိုင်းရာမှ ထွက်သွားရန် လုံးဝမဖြစ်နိုင်ပါတော့ချေ။

ချင်းသက်ထင်း လက်ဝေ့ယမ်းပြလိုက်သည်။

'ကောင်းပြီလေ၊ ဘယ်လိုမှပြောမရရင်လဲ ခင်ဗျား သဘောပေါ့....'

ယဉ်မင်းဝါးက သူ့အား အကဲခတ်ကြည့်လိုက်ပြီး....
'မင်းက....'

'ကျုပ်က ခင်ဗျားရဲ့ ပညာကို ဆည်းပူးပါမယ်ဗျာ'
ယဉ်မင်းဝါး သဘောကျစွာ ရယ်မောလိုက်လေသည်။
ရှမ်းရှမ်းက လုထင်းကို လှမ်းကြည့်လိုက်၏။ ချင်းသက်ထင်း ခပ်တည်တည် ရပ်နေ၏။

သို့သော်....

အချိန်မရွေး ရင်ဆိုင် တိုက်ခိုက်နိုင်သည့် အနေအထား ရှိကြောင်း သူမနားလည်ထားလေသည်။
လုထင်းအာက် လှည့်ကြည့်လိုက်ပြန်သည်။
လုထင်းထ သူမ၏မိခင်အား မုန်းတီးစက်ဆုပ်စွာ ကြည့်နေသည်ကိုမြင်လျှင် ဘဝင်မကျဘဲဖြစ်သွား၏။
လုထင်းမှာ လူဆိုးဓားပြဖြစ်သည်ဟု သူမ ယုံကြည်ထား၏။ ထို့ကြောင့်....
လုထင်းနှင့် တစ်ချိန်က ခင်မင်ရင်းနှီးခဲ့သော်လည်း.... ယခုတော့ ရင်ဆိုင်တိုက်ခိုက်ရမည် ဖြစ်သည်။
သူမ၏ဖခင်သည် လုထင်း၏မိခင်လက်ချက်ကြောင့် သေဆုံးသွားခဲ့သည် မဟုတ်ပါလား။
ဖခင်ဖြစ်သူအား လွန်စွာချစ်မြတ်နိုးရကား၊ သူမ မည်သည့်နည်းနှင့်မျှ ကျေနပ်နိုင်လိမ့်မည်မဟုတ်ပါချေ။
'ကောင်းပြီလေ၊ မင်းက ပညာဆည်းပူးချင်တယ် ဆိုတော့လဲ ပညာပြရသေးတာပေါ့၊ ကဲ....သတိထားပေတော့'



ရှမ်းရှမ်း လှမ်းကြည့်လိုက်သောအခါ မိခင်ဖြစ်သူက ချင်းသက်ထင်းအား စတင်တိုက်ခိုက်လိုက်သည်ကို တွေ့မြင်လိုက်ရသည်။

'ယား'

'ဝှစ်'

ချင်းသက်ထင်းကလည်း ဩသံပေးပြီး ပြန်လည်တိုက်ခိုက်လိုက်၏။

သာယာလှပသော တောင်ကုန်းကလေးပေါ်ဝယ် တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာချေပြီ။
သဘာဝအလှအပများသည် လူသားတို့ကြောင့် အကျည်းတန်သွားပြီ ဆိုနိုင်၏။
ယဉ်မင်းဝါးနှင့် ချင်းသက်ထင်းတို့ ယှဉ်ပြိုင်တိုက်ခိုက်ကြလျှင် လုထင်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။
'အစ်ကိုကြီး သူဟာ ကျွန်တော့်အတွက်ပါ၊ အစ်ကိုကြီး နောက်ဆုတ်လိုက်'
သူက အော်ပြောရင်း ယဉ်မင်းဝါးထံ ခုန်ဝင်တိုက်ခိုက်လိုက်၏။
ချင်းသက်ထင်း ရင်ထိတ်သွား၏။
'ညီလေး....မလာနဲ့'
သူက ဟန့်တားလိုက်သော်လည်း လုထင်းကား ခုန်ဝင်လာပြီ ဖြစ်သည်။
ထို့....

လူရိပ်တစ်ခုက ကြားဖြတ်ဟန့်တားလိုက်သည်ကို တွေ့လိုက်ရ၏။

ဟန့်တားလိုက်သူကား ရှမ်းရှမ်း ဖြစ်လေ၏။

ရှမ်းရှမ်းသည် ဓားတစ်လက်ဖြင့် လုထင်းအား လမ်းပိတ်ကာ ကြားဖြတ်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

လုထင်းသည် ယဉ်မင်းဝါးအားတိုက်ခိုက်ရန် ဒေါသတကြီးခုန်ဝင်သွားသည် ဖြစ်ရကား ရှမ်းရှမ်း ဆီးကြိုတိုက်ခိုက်လိုက်သည့်အခါ မရှောင်နိုင်တော့ချေ။

'ဂွမ်'

'ဂွမ်'

ရှမ်းရှမ်း၏ ဓားသည် သူ၏ ဝဲဘက်ပခုံးကို ရှပ်၍ခုတ်ချမိလိုက်သည်။

'အား....'

လုထင်း လွှတ်ခနဲ အော်လိုက်သည်။

သူ၏ပခုံး၌ သွေးချင်းချင်းနီရဲသွားပြီး ချက်ချင်း နောက်ဆုတ်သွားရ၏။

သူ့အား ဝင်ရောက်တိုက်ခိုက်လာသူအား ကြည့်လိုက်လျှင် ရှမ်းရှမ်း ဖြစ်နေသည်ကို တွေ့မြင်လိုက်ရ၏။

လုထင်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာသည်။

တစ်ချိန်က ရှမ်းရှမ်းအား အရူးအမူး ချစ်မြတ်နိုးခဲ့သည့် စိတ်များ တစ်မုဟုတ်ချင်း ကွယ်ပျောက်သွားချေပြီ။



ရှမ်းရှမ်းအား မြတ်နိုးခဲ့ခြင်းသည် သူ၏မိခင်နှင့် အစ်ကိုလေးယောက် သေဆုံးသွားစေသည့် အဓိကအကြောင်းရင်း ဖြစ်နေ၏။

ရှမ်းရှမ်းကား မေတ္တာတုံ့ပြန်ရန် မဆိုထားနှင့် သူ့အပေါ် လူဆိုးဓားပြတစ်ယောက်ဟု သဘောထားကာ တိုက်ခိုက်လာပြီ ဖြစ်သည်။

ချစ်ခြင်းမှ မုန်းခြင်းသို့ ကူးပြောင်းသွားသည့် နောက်ဝယ်နာကြည်းခံပြင်းမှု၏ တိုက်တွန်းလှုံ့ဆော်မှုကြောင့် အရှဲ့တိုက်လိုစိတ်များ၊ ဒေါသလှိုင်းတံပိုးများ ဖြစ်ပေါ်လာရလေတော့သည်။

လုထင်း အံတင်းတင်းကြိတ်ကာ....

'ကျုပ် သိပ်မှားသွားတယ်၊ မင်းဟာ ရှပ်လှပေမယ့် အသိဉာဏ် တစ်စက်ကလေးမှ မရှိဘူး၊ သဘောထား မပြည့်ဝဘူး၊ ကောင်းပြီ...ကျုပ်က လူဆိုးဓားပြဆိုတော့ သတိသာ ထားပေတော့'

နာကြည်းစွာပြောရင်း ပြေးဝင်တိုက်ခိုက်လိုက်၏။

ရှမ်းရှမ်း မဲ့ပြုံးပြုံးလိုက်၏။

'ဗိုက်ချ၊ ကျွန်မကလဲ ရှင့်ကို အလွတ်မပေးပါဘူး'

စကားဆုံးလျှင် ဓားတော့ ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

'ဝှစ်'

'ဝှစ်'

လုထင်းမှာ လက်ချည်းသက်သက် တိုက်ခိုက်နေရခြင်း ဖြစ်ရာ နှစ်ယောက်သား ရင်ဆိုင်မိသွားသည်နှင့် တစ်ခဏအတွင်း နောက်ဆုတ်ပေးလိုက်ရ၏။

ရှမ်းရှမ်း သဘောကျသွား၏။

'ရှင်တို့ လူဆိုးဓားပြတွေကြောင့် ကျွန်မဖေဖေ အသက်ဆုံးရှုံးခဲ့ရတယ်၊ ဒါကြောင့် ရှင့်အသက် ချမ်းသာရာရမယ် မထင်နဲ့'

သူမ၏ တိုက်ခိုက်မှုကား ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေ၏။

ဓားရောင်များ ဖွေးခနဲဖွေးခနဲ လင်းလက်သွားသည်။

တခဏအတွင်း လုထင်းခန္ဓာကိုယ်ပေါ်ဝယ် ဓားဒဏ်ရာ သုံးချက်တိတိ ရရှိသွားလေသည်။

ဒဏ်ရာများ တစ်ချက်ပြီးတစ်ချက် တိုးလာလေလေ လုထင်း ခံပြင်းဒေါသ ထွက်လာလေလေပင်။

တတ်မြောက်ထားသည့် သိုင်းပညာ အစိတ်သွန်ဖာမှောက် အသုံးပြု တိုက်ခိုက်ပါသော်လည်း ရှမ်းရှမ်းအား မယှဉ်နိုင်ဘဲ ဖြစ်နေ၏။



ဤအတိုင်း ဆက်၍တိုက်ခိုက်သွားပါက ကြာလျှင်မိမိသာ ဒုက္ခရောက်ရမည်ဖြစ်ကြောင်း တွေးမိလျှင် မေ့ဆေးပညာထုတ်ဖော် အသုံးပြုလိုက်လေသည်။

တိုက်ခိုက်ရင်း ရှမ်းရှမ်း၏ ဓားကွက်များကြားမှ ပွတ်ကာသီကာ ရှောင်တိမ်းရင်း လူချင်း ဝင်ပူးလိုက်၏။

ရုတ်တရက်မို့ ရှမ်းရှမ်း ရင်ထိတ်ကာ နောက်ဆုတ်ပေးလိုက်၏။

ထိုစဉ်....

လုထင်းက လက်တစ်ဘက်ဝေ့ယမ်းကာ မေ့ဆေးမှုန့်များ ထုတ်ဖော် အသုံးပြုလိုက်လေသည်။

ယခုတကြိမ်....

အရောင်အဆင်း အနံ့မရှိသောမေ့ဆေးကို အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။

ရှမ်းရှမ်းသည် သိုင်းပညာအရ လုထင်းအား အသာစီးယူနိုင်ခြင်းကြောင့် မကြာမီ အနိုင်ရလိမ့်မည်ဟု နားလည်ထားလေ၏။

ထို့ကြောင့်....

အနည်းငယ် ပေါ့ဆမိရာ မေ့ဆေးဖြင့် တိုက်ခိုက်ခြင်းခံရသည်ကိုပင် သတိမထားမိခဲ့ပါချေ။

'သေပေတော့'

အော်ငေါက်ရင်း အားမာန်အပြည့်ဖြင့် တိုက်ခိုက်လိုက်လေသည်။

ခွန်အား ကုတ်ဖော် အသုံးပြုလိုက်သည်နှင့် မေ့ဆေး၏ အာနိသင် ချက်ချင်းပြယ်လာခဲ့တော့သည်။

သူမ၏ တစ်ကိုယ်လုံး ခွန်အားများ ရုတ်တရက်ကွယ်ပျောက် သွားသလို ပျော့ခွေသွား၏။

အခြေအနေ မဟန်မှန်းသိလျှင် နောက်ဆုတ်ရန်ဟန်ပြင် လိုက်၏။

သို့သော်....

သူမ နောက်ကျနေပြီ ဖြစ်လေသည်။

'အင်'

ကပျာကယာ နောက်ဆုတ်လိုက်လျှင် မြေပေါ်မှကျောက်ခဲ တစ်လုံးနှင့် ခလုတ်တိုက်မိပြီး မသဲမကွဲ ညည်းညူကာ မြေပေါ် လဲကျသွား၏။

လုထင်း ဝမ်းသာသွားသည်။

မိခင် သင်ကြားပေးခဲ့သော မေ့ဆေးပညာမှာ သူ့အတွက် လွန်စွာ အသုံးဝင်နေသည် မဟုတ်ပါလား။

သူသာ အဆိပ်ပညာ သင်ကြားခဲ့ပါလျှင် ရှမ်းရှမ်း သေဆုံး သွားရမည်သာ ဖြစ်လေသည်။

သူက ရှမ်းရှမ်းအား သတ်သင်ရန် စိတ်မကူးပါချေ။

သူ တိုက်ခိုက်လိုသူမှာ ယဉ်မင်းဝါး ဖြစ်လေသည်။

ထို့ကြောင့် ယဉ်မင်းဝါးကို လှမ်းကြည့်လိုက်သည်။

ယဉ်မင်းဝါးနှင့် ချင်းသက်ထင်းကား ပြင်းထန်စွာ တိုက် ခိုက်နေကြသည်။



ယဉ်မင်းဝါး၏ တိုက်ခိုက်မှုများ ကြောက်မက်ဖွယ်ကောင်း အောင် ပြင်းထန်နေ၏။

ချင်းသက်ထင်းမှာ တိုက်ခိုက်ရင်း နောက်ဆုတ်နေရသည် ကို တွေ့ရသည်။

လုထင်း အံကြိတ်လိုက်၏။

မိခင် ဝမ်းလျှန်၏မျက်နှာကို ပြန်လည် မြင်ယောင်လာသည်။

သူ၏မိခင်သည် ယဉ်မင်းဝါး၏လက်ချက်ကြောင့် သေဆုံး ခဲ့ရခြင်း ဖြစ်ပေ၏။

လုထင်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပါချေ။

'ယား....'

ဩသံပေးရင်း လျှပ်တစ်ပြက် ခုန်ဝင် တိုက်ခိုက်လေ၏။

ယဉ်မင်းဝါးကား လုထင်းထက် အတွေ့အကြုံ ကုံလုံကြွယ် ဝသူဖြစ်ရကား နောက်ကျောဘက်မှ ပြေးဝင် တိုက်ခိုက်လာ သည်ကိုသိလျှင် ချက်ချင်းနောက်လှည့်ကာ တောင်ဝှေးဖြင့် ရိုက်ချလိုက်လေသည်။

လုထင်း ထိတ်လန့်သွားသည်။

တိုက်ခိုက်မှုကိုရုတ်သိမ်းကာ နောက်ဆုတ်ရန် ဟန်ပြင်လိုက် သည်။

သို့သော် သူနောက်ကျသွားချေပြီ။

တောင်ဝှေးမှာ သူ၏ခေါင်းကို ကန့်လန့်ဖြတ် ရိုက်ချမိလိုက် လေသည်။

'အား....'

လုထင်း စူးရှစွာအော်ဟစ်ကာ မြေပေါ်လဲကျသွားသည်။

ခါးရိုး ကျိုးကျေသွားပြီဟုပင် ထင်မိ၏။

အမှန်တော့ ယဉ်မင်းဝါးက လျှပ်တစ်ပြက် ဝှေ့ယမ်းရိုက်လိုက်သဖြင့် ရှပ်ထိသွားသည်မှာ ကံကောင်းသွားခြင်းဖြစ်လေ၏။

သို့တိုင် မြေပေါ်လဲကျသွားပြီး ရုတ်တရက် ထနိုင်ပါတော့ချေ။

ယဉ်မင်းဝါး သဘောကျသွား၏။

'လူဆိုးဓားပြကလေး....သေပေတော့'

အော်ငေါက်ရင်း တောင်ဝှေးမြှောက်ကာ ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

လုထင်း မရှောင်နိုင်ပါတော့ချေ။

ကြောက်ရွံ့ထိတ်လန့်သွားပြီး မျက်လုံး မှိတ်ထားလိုက်လေသည်။

* * *

'ရပ်လိုက် ခင်ဗျားသမီး အရှင်သေသွားလိမ့်မယ်'

ချင်းသက်ထင်း၏ အော်ငေါက်သံ ထွက်ပေါ်လာ၏။

ယဉ်မင်းဝါး လှည့်ကြည့်လိုက်သည်။



ထိုအခါ ချင်းသက်ထင်းက လက်ဝါးဖြင့် ရှမ်းရှမ်း၏ ဦးခေါင်းပေါ် မိုးထားသည်ကို တွေ့မြင်လိုက်ရလေ၏။

ရှမ်းရှမ်းမှာ လုထင်း၏မေ့ဆေး မိထားသဖြင့် မြေပေါ်လဲကျနေပြီး မလှုပ်မရှားနိုင်ဘဲ ဖြစ်နေ၏။

ယဉ်မင်းဝါး ထိတ်လန့်သွားသည်။

ချင်းသက်ထင်းက....

'ခင်ဗျားမရပ်ဘူးဆိုရင် ကျုပ်ကို အပြစ်မပြောနဲ့'

ဟု အော်ပြောလိုက်ပြန်သည်။

ယဉ်မင်းဝါး မတတ်သာတော့ပါချေ။

လုထင်းအား ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ နောက်ဆုတ်သွားလေသည်။

တောင်ဝှေးကို မြေပေါ်ဆောင့်ရင်း....

'ငါ့သမီးသာ တစ်စုံတစ်ခု ဖြစ်သွားမယ်ဆိုရင် မင်းတို့နှစ်ယောက် အသက်ရှင်ခွင့် ရမယ်မထင်နဲ့'

ချင်းသက်ထင်းက ပြုံးလိုက်သည်။

'ကျုပ်တို့က ခင်ဗျားကို တိုက်ခိုက်ဖို့ မရည်ရွယ်ပါဘူးဗျာ၊ ကျုပ်တို့ ဒီက အေးအေးဆေးဆေး ထွက်သွားချင်ပါတယ်'

'ဖြေဆေးပေးခဲ့'

ယဉ်မင်းဝါး လက်ဖြန့်ကာ ဖြေဆေးတောင်းလေသည်။

လုထင်း မြေပေါ်မှ လူးလိမ့်ထလာသည်။

ယဉ်မင်းဝါးက အန္တရာယ်မပြုဘဲ သူတို့အား လွှတ်ပေးတော့မည်ဟု နားလည်မိ၏။

ထိုခဏ ချင်းသက်ထင်း၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချင်းသက်ထင်းက...

'ညီလေး ဖြေဆေးပေးလိုက်ပါ'

လုထင်းခေါင်းယမ်းလိုက်သည်။

'ဖြေဆေးမရှိဘူး'

'ဘာ...ဘာပြောတယ် မင်းသေချင်ပြီလား'

ယဉ်မင်းဝါး အကြီးအကျယ်ဒေါသထွက်သွားပြီး လုထင်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

လုထင်းက....

'ဖြေဆေးမရှိဘူးဆိုတာ မလိုအပ်လို့ပြောတာပါဗျာ၊ ငါးနာရီကျော်သွားရင် သူ့အလိုလို ပြန်ကောင်းလာပါလိမ့်မယ်'

ယဉ်မင်းဝါး၏ မျက်နှာတွင် ကောက်ကျစ်စဉ်းလဲသည့် အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။

ရှမ်းရှမ်း အန္တရာယ်မဖြစ်နိုင်ကြောင်း သိရသည့်အတွက် စိတ်သဘောထား ပြောင်းလဲသွားပုံရလေသည်။

လက်တစ်ဘက် ဝှေ့ယမ်းပြရင်း...

'မင်းတို့ သွားနိုင်ပြီ'

ဟု ပြောလိုက်၏။

ချင်းသက်ထင်းက လုထင်းကိုကြည့်ကာ....

'လာညီလေး သွားကြစို့'

ပြောပြီး ချာခနဲ လှည့်ထွက်သွားသည်။



လုထင်းလည်း နောက်မှ လိုက်သွားလေသည်။

ယဉ်မင်းဝါးက မြေပေါ်၌ လဲကျနေသည့်ရှမ်းရှမ်းကို လှမ်းကြည့်လိုက်သည်။

ပြီးလျှင် တောင်ဝှေးကိုအားပြုကာ ခုန်ထွက်သွားလေ၏။

နောက်ကျောဘက်မှ လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလျှင် လုထင်း ရင်ထိတ်သွားလေသည်။

ချာခနဲလှည့်ကြည့်လိုက်ရာ ယဉ်မင်းဝါး တိုက်ခိုက်လာသည်ကို မြင်လျှင် အံ့သြသွားလေသည်။

'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ'

အော်ပြောရင်း ဘေးသို့ခုန်ကာ ရှောင်တိမ်းပေးလိုက်လေသည်။

ချင်းသက်ထင်းလည်း ရင်ထိတ်သွား၏။

'ခင်ဗျာ'

စကားဆုံးအောင် မပြောလိုက်ရပါချေ။

လုထင်းက ရှောင်တိမ်းလိုက်ခြင်းကြောင့် ယဉ်မင်းဝါး၏ တောင်ဝှေးသည် ချင်းသက်ထင်းထံသို့ တိုးဝင်သွားလေသည်။

ချင်းသက်ထင်းမှာ ရှောင်တိမ်း၍ မရတော့သဖြင့် ရင်ဆိုင်ခုခံလိုက်ရ၏။

တောင်ဝှေးမှာ ချင်းသက်ထင်း၏ ပခုံးပေါ်သို့ ရိုက်ချမိလိုက်၏။

ချင်းသက်ထင်း၏ လက်ဝါးချောင်းမှာလည်း ယဉ်မင်းဝါး၏ ရင်ဝသို့ တိုးဝင်သွားလေ၏။

ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြသည်ဖြစ်ရာ နှစ်ယောက်စလုံး မရှောင်နိုင်ကြပါတော့ချေ။

'အား....'

'အင့်'

'ဝုန်း'

အော်ဟစ်ညည်းညူသံများ ပြိုင်တူထွက်ပေါ်လာ၏။

ချင်းသက်ထင်း နောက်ဆုတ်သွားပြီး မြေပေါ်လဲကျသွားသည်။

ယဉ်မင်းဝါးလည်း လဲကျသွား၏။

* * *

'အစ်ကိုကြီး'

လုထင်းက ချင်းသက်ထင်းအား ပြေး၍ ပွေ့ထူလိုက်လေသည်။

ချင်းသက်ထင်း အံကြိတ်ထားလိုက်၏။

သူ၏လက်တစ်ဘက်ကား တွဲလောင်းကျနေချေပြီ။

'အစ်ကိုကြီး'



လုထင်းက ချင်းသက်ထင်းအား မည်သို့ ပြုစုရမှန်းမသိ ပျာယာခတ်နေ၏။

ချင်းသက်ထင်းက....

'ညီလေး မင်း မြန်မြန်ထွက်သွားပေတော့'

'ကျွန်တော်မသွားဘူး၊ ဒီလူယုတ်မာ အဘွားကြီးကို သတ်ပစ်မယ်'

'ညီလေး၊ မင်းထွက်သွားပါ၊ ဒီနေရာဟာ သူတို့ပိုင်နက်ထဲမှာပဲ ရှိသေးတယ်ဆိုတာ မှတ်ထားပါ'

'ကျွန်တော်....'

လုထင်း စကားမဆုံးမီ ပြေးလွှားလာသည့် ခြေသံများ ကြားလိုက်ရ၏။

လုထင်း ရင်ထိတ်သွားပြီး လှမ်းကြည့်လိုက်၏။

ထိုအခါ....

အနီရောင် ဝတ်ဆင်ထားသော မိန်းကလေးငါးယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုမိန်းကလေးငါးယောက်မှာ ပန်းပေါင်းစုံ နန်းတော်ပိုင်ရှင်၏ ကိုယ်ရံတော်များ ဖြစ်ကြသည်။

ထိုမိန်းကလေးများ ရောက်လာလျှင် ပန်းပေါင်းစုံနန်းတော်ပိုင်ရှင်လည်း ရောက်လာလိမ့်မည် ဖြစ်ပေသည်။

လုထင်း ရင်ထိတ် သွားသည်။

'အစ်ကိုကြီး ကျွန်တော်တို့ သွားမှဖြစ်မယ်'

ပြောပြီး ချင်းသက်ထင်းအား ပခုံးပေါ်ထမ်းလိုက်သည်။

ပြီးလျှင် ပြေးလွှားထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်လေသည်။

'ရပ်လိုက်'

ရုတ်တရက် အော်ငေါက်သံများ ထွက်ပေါ်လာသည်။

အနီရောင် ဝတ်ဆင်ထားသည့် မိန်းကလေး ငါးယောက် ချက်ချင်း ရောက်ရှိလာပြီး သူ့အား ဝိုင်းရံထားလိုက်ကြသည်။

လုထင်း ထွက်ပြေးသွားရန် မဖြစ်နိုင်ပါတော့ချေ။

ချင်းသက်ထင်းက....

'ညီလေး အစ်ကိုကြီးဆို အောက်ချပေးပါ'

လုထင်းက သူ့အား အောက်ချပေးလိုက်လေသည်။

ချင်းသက်ထင်းက မြေပေါ်၌ ကြိုးစား၍ ထိုင်လိုက်သည်။

လုထင်းက ကြည့်ကာ....

'အစ်ကိုကြီးသူတို့ကို ရင်ဆိုင်ထားမယ်၊ ညီလေး ဒီစာအုပ်ကိုယူပြီး ပြေးပေတော့'

ဟု ပြောလိုက်လေသည်။

လုထင်းက....

'ကျွန်တော်မသွားဘူး၊ သူတို့ကိုမောင်းထုတ်ပစ်မယ်'

ဟု ပြောလေသည်။

ချင်းသက်ထင်း ခေါင်းယမ်းလိုက်သည်။

'မဖြစ်ဘူး၊ ညီလေး သူတို့ကို ယှဉ်နိုင်မှာမဟုတ်ဘူး၊ မြန်မြန် သွားပေတော့'

'ကျွန်တော် မသွားဘူး'

'ညီလေး'



ချင်းသက်ထင်းက အတင်းထိုးပေးလိုက်သဖြင့် လုထင်းမှာ စာအုပ်ကလေးကို ယူထားလိုက်ရလေသည်။

ထိုစဉ် အနီရောင်ဝတ်ထားသည့် မိန်းကလေးတစ်ယောက်က ယဉ်မင်းဝါးအား ပွေ့ထူလိုက်သည်ကို တွေ့ရလေသည်။

ထိုမိန်းကလေးသည် ယဉ်မင်းဝါးအား စစ်ဆေးကြည့်လိုက်ပြီး....

'အတော်ရက်စက်ကြမ်းကြုတ်တာပဲ၊ ပန်းခေါင်းတုံ နန်းတော်မှာ လာပြီးစော်ကားတာ နည်းတဲ့သတ္တိမဟုတ်ဘူး'

စကားဆုံးလျှင် လုထင်းနှင့် ချင်းသက်ထင်းကိုဘက် လှည့်ကြည့်လိုက်သည်။

လုထင်း အံကြိတ်ရင်း....

'ဘယ်သူက ရက်စက်တာလဲ၊ သူက ကျုပ်တို့ကို သတ်ပစ်ဖို့ ကြိုးစားခဲ့တာဗျ၊ ကျုပ်တို့ထွက်သွားတာကို နောက်ကလိုက်ပြီး အတင်းတိုက်ခိုက်တာ၊ သူ့ကြောင့် ကျုပ်အစ်ကိုကြီး ဒုက္ခရောက်ရတာကိုကော ခင်ဗျား ဘာပြောမလဲ'

ဟု ပြန်လည် အော်ပြောလိုက်သည်။

အနီရောင် မိန်းကလေးများ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

တစ်ယောက်က ယဉ်မင်းဝါးကို စမ်းသပ်ကြည့်လိုက်ပြီး....

'သူသေသွားပြီ'

ဟု ပြောလိုက်၏။

ထိုစကားကြားလျှင် လုထင်း မျက်လုံးပြူးသွားသည်။

ချင်းသက်ထင်းကိုလည်း လှမ်းကြည့်လိုက်မိသည်။ ချင်းသက်ထင်း သက်ပြင်းချလိုက်သည်။

'သူက အလစ်တိုက်ခိုက်လိုက်လို့ ကျုပ်က ပြန်ပြီး ခုခံသိုက်တာ ဘာယ်လိုရည်ရွယ်ချက်မျိုးမှ မရှိဘူး၊ သူဟာ ညီလေးအတွက်ဆိုဘာ ကျုပ်မမေ့ပါဘူးကွာ'

လုထင်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

သူ၏ အဓိကရန်သူမှာ ယဉ်မင်းဝါးဖြစ်သည်။

ယဉ်မင်းဝါးကြောင့် သူ၏မိခင်နှင့် ညီအစ်ကိုများ သေဆုံးသွားခဲ့၏။

ယခုတော့ ယဉ်မင်းဝါး သေဆုံးသွားချေပြီ။

သူ မေတ္တာသက်ဝင်မိသည့် ရှမ်းရှမ်းသည်လည်း သူ့အား မုန်းတီးသွားပြီဖြစ်သလို သူကလည်း စိတ်ပျက်နေပြီ ဖြစ်လေသည်။

ယဉ်မင်းဝါး သေဆုံးသွားပြီဆိုလျှင် သိုင်းလောကၡ ကျင်လည်ကျက်စားရသည့် သူ၏ဘဝမှာလည်း အဓိပ္ပာယ်ရှိနိုင်တော့မည် မဟုတ်ပါ။

လုထင်း ငိုင်နေ၏။

ထိုစဉ် ချင်းသက်ထင်း၏စကားသံ ကြားလိုက်ရပြန်သည်။

'ယဉ်မင်းဝါးက အစ်ကိုကြီးလက်ချက်ကြောင့် သေဆုံးသွားရပေမယ့် အစ်ကိုကြီးကလဲ စုမာကျင်းကို သတ်သင်နိုင်တော့မှာ မဟုတ်ဘူး၊ ယဉ်မင်းဝါးရဲ့ တောင်ဝှေးရိုက်ချက်က အစ်ကိုကြီးကို ဒုက္ခပေးခဲ့ပြီလေ'



'ဗျာ....'

စုမာကျင်းဆိုသူကား ချင်းသက်ထင်း၏ ဇနီးသည်အား အဓမ္မသိမ်းပိုက်ခဲ့သူ ဖြစ်သေသည်။

စုမာကျင်းအား ချင်းသက်ထင်းက သဲကြီးမဲကြီး ရှာဖွေခဲ့သည် မဟုတ်ပါလား။

ယခုအတိုင်းဆိုလျှင် စုမာကျင်းအား ရင်ဆိုင်နိုင်တော့မည် မဟုတ်ချေ။

ချင်းသက်ထင်းက ဆက်ပြောလိုက်ပြန်သည်။

'အစ်ကိုကြီးက ယဉ်မင်းဝါးကို တာဝန်ယူလိုက်တယ်၊ ညီလေးက စုမာကျင်းအတွက် တာဝန်ယူပါ'

လုထင်း သက်ပြင်းချလိုက်သည်။

ချင်းသက်ထင်းအပေါ် အပြစ်မဆိုချင်တော့ပေ။

ချင်းသက်ထင်းကသာ ခုခံတိုက်ခိုက်ခြင်း မပြုလျှင် ယခုလို အသက်ရှင်လျက် ရပ်တည်နေနိုင်မည် မဟုတ်ချေ။

'ဒါတွေ ပြောမနေပါနဲ့ အစ်ကိုကြီးရယ်၊ ကျွန်တော်တို့သွားကြပါစို့'

ပြောပြီး ချင်းသက်ထင်းအား ပွေ့ချီရန် ဟန်ပြင်လိုက်လေသည်။

ချင်းသက်ထင်း လက်ကာပြလိုက်သည်။

'နေပါစေ ညီလေး၊ သူတို့က တို့ကို ထွက်သွားဖို့ ခွင့်ပြုမယ်များ ညီလေးထင်သလား'

'သူတို့ အခုထိ မတိုက်ကြသေးဘူးဆိုတော့ တိုက်ခိုက်ကြမယ် မထင်ပါဘူး'

ချင်းသက်ထင်းက....

'သူတို့က တစ်ယောက်ယောက်ကို စောင့်နေတာပဲဖြစ်မယ်၊ ညီလေး မြန်မြန်သွားပါ။ မိစ္ဆာလက်ပညာကို လေ့ကျင့်ပြီးရင် အစ်ကိုကြီးရဲ့ရန်သူကို သုတ်သင် ရှင်းလင်းပေးပါ'

'အစ်ကိုကြီး ဘာတွေပြောနေတာလဲ'

'ညီလေး သွားပေးတော့'

'ကျွန်တော် မသွားဘူး'

ချင်းသက်ထင်း၏မျက်နှာ တင်းမာသွားသည်။

သူသည် ပကတိ ကျန်နေသေးသော လက်တစ်ဘက်ဖြင့် လုထင်းအား ရိုက်ချလိုက်လေသည်။

လုထင်း ထိတ်လန့်သွားသည်။

'အစ်ကိုကြီး ဘယ်လိုလုပ်လိုက်တာလဲ'

'ညီလေး ထွက်မသွားရင် အစ်ကိုကြီးက ရန်သူလို့သတ်မှတ်ရတော့မှာပဲ'

ပြောပြောဆိုဆို တရကြမ်း တိုက်ခိုက်လေသည်။

'အစ်ကိုကြီး'

လုထင်း အထိတ်တလန့်ဖြင့် နောက်ဆုတ်သွားလေသည်။

ချင်းသက်ထင်းက အလွတ်မပေးဘဲ လိုက်လံ တိုက်ခိုက်လေသည်။



သူတို့အချင်းချင်း ပြန်လည် တိုက်ခိုက်နေကြသည်ကို မြင်လျှင် အနီရောင်ဝတ်ဆင်ထားသည့် မိန်းကလေးငါးယောက် ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး လုထင်းတို့အား ငေးကြည့်နေမိကြသည်။

လုထင်း ဒေါသထွက်လာသည်။

'အစ်ကိုကြီး ရပ်လိုက်ပါတော့'

'မင်းထွက်သွား'

'ကျွန်တော်....'

'ဂွမ်း'

လုထင်းရှောင်တိမ်းရာ၌ ကနည်းငယ် နှေးကွေးသွားခြင်းကြောင့် ချင်းသက်ထင်း၏ [illegible]တ်ဝါးတစ်ချက် မိသွားလေ၏။

ခန္ဓာကိုယ်အပေါ်သို့ မြေ[illegible]က်တက်သွားပြီး အနောက်ဘက် လွင့်စဉ်သွား၏။

တောင်ကုန်း ဆင်ခြေလျှောအတိုင်း တောင်ကုန်းအောက် ဘက်သို့ လိမ့်ကျသွားခြင်း ဖြစ်သွားတော့သည်။

အနီရောင် ဝတ်ဆင်ထားသော မိန်းကလေးငါးယောက်သည် လုထင်းတို့အချင်းချင်း တိုက်ခိုက်နေသည်ကိုမြင်လျှင် လက်ပိုက်ကြည့်နေကြသည်။

တားမြစ်ဟန့်တားခြင်း၊ ဝင်ရောက်တိုက်ခိုက်ခြင်း လုံးဝမပြုဘဲ ရပ်ကြည့်နေကြခြင်း ဖြစ်၏။

လုထင်း လွင့်စဉ်ကာ တောင်ကုန်းအောက်သို့ ကျသွားသည်ကိုမြင်လျှင် လက်ခုပ်လက်ဝါးတီးကာ ဩဘာပေးလိုက်ကြ၏။

ချင်းသက်ထင်းက သူတို့ဘက်လှည့်ကြည့်လိုက်ပြီး....

'ကဲ....ခင်ဗျားတို့ ကျုပ်ကို ဟန့်တားမယ်ဆိုရင် လာကြပေတော့'

ဟု ပြောလိုက်လေသည်။

သူ၏စကား ကြားလိုက်ရသော်လည်း မိန်းကလေးများ တုတ်တုတ်မျှ မလှုပ်ကြချေ။

ချင်းသက်ထင်းက....

'ခင်ဗျားတို့ ဘာကိုစောင့်နေတာလဲ လာကြပါတော့လား'

ဟု ထပ်မံပြောလိုက်သည်။

မိန်းကလေးများ တုတ်တုတ်မျှ မလှုပ်ကြချေ။

ချင်းသက်ထင်း သည်းမခံနိုင်ပါတော့ချေ။

အကောင်းပကတိ ရှိနေသေးသောလက်ကို ဝှေ့ယမ်းကာ စတင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....



'ရပ်လိုက်'

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချင်းသက်ထင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဟန့်တားသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ အဘွားအိုတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ချင်းသက်ထင်း ပြုံးလိုက်သည်။

ပန်းပေါင်းစုံ နန်းတော်ပိုင်ရှင် ရောက်လာပြီမဟုတ်လား။

'အတော်ပဲ ကျုပ်ကလဲ ခင်ဗျားကိုတွေ့ချင်နေတာ'

ပန်းပေါင်းစုံနန်းတော်ပိုင်ရှင် ချီအင်းရှန်းမှာ သူ၏အနီးသို့ ရောက်ရှိလာလေသည်။

ချင်းသက်ထင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....

'ကျုပ်က မင်းကိုလွှတ်ပေးမလို့ဘဲ၊ ဒါပေမယ့် အခုတော့ စိတ်ထားပြောင်းသွားပြီ'

'ကျုပ်လဲ ထွက်မသွားတော့ဘူးဗျ'

ချင်းသက်ထင်းက တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။

ချီအင်းရှန်းက....

'ရှင်ပျော်ပျော်အဘိုးအို ဘယ်မှာလဲ'

'ကျုပ်မသိဘူး'

'ဘာ....'

'ကျုပ်မသိဘူး'

ချိုအင်းရှန်း မကျေမနပ် ဖြစ်သွားလေသည်။

ချင်းသက်ထင်းကို စိုက်ကြည့်ရင်း....

'မင်းဟာ ရှင်ပျော်ပျော်အဘိုးအို ကျိုသန်းရဲ့တပည့်ပဲ၊ သူ ဘယ်မှာရှိတယ်ဆိုတာ မင်းသိရမှာပေါ့'

'ကျုပ် တကယ်မသိဘူးဗျ'

'ကောင်းပြီ၊ သူက ဒီနေရာကိုမလာရဘူးလို့ မင်းကို မမှာ ထားဘူးလား'

ချင်းသက်ထင်း ခေါင်းညိတ်လိုက်သည်။

'မှာထားပါတယ်'

'ဒါဖြင့် မင်းဒီနေရာကိုလာတာ ဘာကြောင့်လဲ၊ သူ့ကလာ ခိုင်းလို့ မဟုတ်လား'

'မဟုတ်ဘူးဗျာ'

'သူလာခိုင်းတာမဟုတ်ရင် မလာရဘူး၊ မှာထားလျက်နဲ့မင်း လာတာ ဘာသဘောလဲ'

'ကျုပ်က အေးချမ်းတဲ့နေရာရှာရင်း ဒီနေရာကို မမျှော်လင့် ဘဲ ရောက်လာတာပါ၊ ဒီနေရာဟာ ပန်းပေါင်းစုံ နန်းတော်ဆို တာသိတော့ နောက်ကျနေပါပြီ'

'မင်းလိမ်ပြောတာ'

"ဆရာမွန်ကျော်" စာပေ



'ဗျာ....'

ချိုအင်းရှန်းက ရှေ့သို့ ခြေတစ်လှမ်းတိုးလာရင်း....

'မှန်မှန်ပြောစမ်း၊ မင်းဒီကို ဘာကြောင့်လာခဲ့တာလဲ၊ သိုင်း သုံးကွက်ကျမ်းကြောင့် မဟုတ်လား'

'ဗျာ....'

ချင်းသက်ထင်း အံ့သြသွားသည်။

သိုင်းသုံးကွက်ကျမ်း ဟူသည်ကို ယခုမှ ကြားဖူးခြင်းဖြစ်လေ သည်။

သူ၏ဆရာ ရှင်ပျော်ပျော်အဘိုးအိုက ပြောပြခဲ့ခြင်း မရှိချေ။ ထို့ကြောင့် နားမလည်နိုင်စွာဖြင့် ချိုအင်းရှန်းကို ကြည့် နေမိလေသည်။

ချိုအင်းရှန်း၏မျက်နှာ ဒေါသကြောင့် နီရဲလာသည်။

ချင်းသက်ထင်းကို စိုက်ကြည့်ရင်း....

'ပြောစမ်း သူက သိုင်းသုံးကွက်ကျမ်းကို လာပြီး ခိုးခိုင်းတာ မဟုတ်လား'

ချင်းသက်ထင်း ကပျာကယာ လက်ကာပြလိုက်သည်။

'မဟုတ်ဘူး၊ ခင်ဗျားပြောတာ မဟုတ်ဘူးဗျ'

'ဟွန်း...ကျုပ်သူ့ကို ကြောက်မယ်ထင်သလား၊ သိုင်း သုံးကွက် ကျမ်းထဲက သိုင်းကွက်တစ်ကွက် သူရခဲ့သလို ကျုပ်လဲ ရခဲ့တာပဲ၊ မင်းကိုလွှတ်ပေးမယ်လို့ စဉ်းစားပြီးမှ မင်းကို လွှတ် လိုက်ရင် ကျိုသန်းအတွက် အခွင့်အရေးရသွားနိုင်တယ်ဆိုတာ

ကျုပ်တွေးမိတယ်၊ မင်းကို ဘယ်နည်းနဲ့မှ လွှတ်မပေးနိုင်တော့ဘူး'

ချင်းသက်ထင်း မကျေမနပ် ဖြစ်သွားလေသည်။

'ခင်ဗျားက စကားမှ မတည်တာ'

'ဘာပြောတယ်'

'အခုလွှတ်မယ်၊ အခုမလွှတ်ဘူး၊ စကား အမျိုးမျိုးပြောတယ်၊ ခင်ဗျားမလွှတ်လို့လဲ ကျုပ်က မမှုပါဘူး'

ချီအင်းရှန်း သဘောကျစွာ ရယ်မောလိုက်သည်။

ချင်းသက်ထင်းက ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

• • •

ချီအင်းရှန်းအား ဘယ်နည်းနှင့်မျှ ယှဉ်နိုင်မည်မဟုတ်ကြောင်း နားလည်ထား၏။

သို့သော် သူက ခုခံတိုက်ခိုက်ခြင်းမပြုဘဲ ဤနေရာမှ ထွက်သွား၍ ရတော့မည်မဟုတ်ကြောင်း ကောင်းစွာ နားလည်ထားသည်။



ချီအင်းရှန်းက အတန်ကြာ ရယ်မောလိုက်ပြီးမှ လက်ဝေယမ်းပြလိုက်သည်။

ထိုအခါ အနီရောင် ဝတ်ဆင်ထားသည့် မိန်းကလေး ငါးယောက် လျပ်တစ်ပြက် ရှေ့တိုးလာကြသည်။

ချင်းသက်ထင်း မဲ့ပြုံးပြုံးကာ....

'သတ္တိရှိရင် ခင်ဗျားကိုယ်တိုင် လာခဲ့ပါလား'

ဟု အော်ပြောလိုက်၏။

ချီအင်းရှန်း ခေါင်းယမ်းလိုက်သည်။

'ကျုပ်လာစရာမလိုပါဘူး၊ ကျုပ်တပည့် ငါးယောက်ကိုပဲ နိုင်အောင်တိုက်ခိုက်ကြည့်စမ်းပါဦး'

စကားဆုံးလျှင် လက်ဝေယမ်းပြလိုက်၏။

အနီရောင် ဝတ်ဆင်ထားသည့် မိန်းကလေးငါးယောက်မှာ ဩသံများပေးကာ ချင်းသက်ထင်းအား ခုန်ဝင်တိုက်ခိုက်လိုက်သည်။

ချင်းသက်ထင်းကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

သူက အရိုးအဆစ်များ လဲ့စေသော သိုင်းကွက်များ အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

လက်တစ်ဘက်တည်းသာ အကောင်းပကတိ ကျန်နေသော်လည်း၊ သူ၏ ခုခံတိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေပေတော့၏။

မိန်းကလေးငါးယောက် ပေါ့ပါးသွက်လက်စွာ ရှောင်တိမ်းယင်း ပြန်လည်တိုက်ခိုက်ကြလေသည်။

နွဲ့နှောင်း ပျော့ပျောင်းသော မိန်းကလေးများ ဖြစ်သော်လည်း၊ အထင်သေးရှုံမရပါချေ။

သူတို့သည် ပန်းပွင့်တစ်ခုမှ ပွင့်ဖတ်များပမာ ခွဲခြားမရနိုင်အောင် ငါးယောက် စုစည်းစည်း ရှိနေပြီး၊ တိုက်ခိုက်လိုက်သည့်အခါ တက်ညီလက်ညီ ရှေ့နောက်ဝဲယာ ဟာကွက်မရှိအောင် ပိတ်ဆို့ တိုက်ခိုက်ကြခြင်း ဖြစ်ပေတော့သည်။

* * *

ချိုအင်းရှန်းက မလှုပ်းမကမ်း၌ရပ်ကာ တိုက်ပွဲကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။

ချင်းသက်ထင်း အသုံးပြုသည့် သိုင်းကွက်များကို အံ့အားရချိုက်လေ လာနေခြင်း ဖြစ်ပေ၏။

သိုင်းကွက်သုံးဆယ်ခန့် ယှဉ်ပြိုင် တိုက်ခိုက် ပြီးသည့်တိုင် မိန်းကလေးငါးယောက်မှာ ချင်းသက်ထင်းအား အနိုင်မရနိုင်ဘဲ ဖြစ်နေကြ၏။



'ဖယ်စမ်း'

ချိုအင်းရှန်း၏ စကားသံ ထွက်ပေါ်လာသည်။

မိန်းကလေးငါးယောက် ချက်ချင်း နောက်ဆုတ်သွားကြသည်။

ချင်းသက်ထင်း ရင်ထိတ်သွား၏။

လူရိပ်တစ်ခု ခုန်ဝင်လာသည်ကို ရိပ်ခနဲ တွေ့မြင်လိုက်ရခြင်းကြောင့် ကပျာကယာ နောက်ဆုတ်လိုက်၏။

သို့သော် သူ နောက်ကျသွားချေပြီ။

ချိုအင်းရှန်းသည် လှစ်ခနဲ ခုန်ဝင်လာပြီး ခြေထောက်ဖြင့် ကန်ကျောက်လိုက်ရာ၊ သူမ၏ ခြေထောက်ကန်ချက်မှာ ချင်းသက်ထင်း၏ ရင်ဝ၌ တည့်တည့်မတ်မတ် ထိမှန်သွားလေသည်။

'ဝုန်း'

'အား...'

ချင်းသက်ထင်း လွှတ်ခနဲ အော်လိုက်သည်။

သူ၏ခန္ဓာကိုယ် အပေါ် မြောက်တက်သွားပြီး အနောက်ဘက် လွင့်စဉ်သွားသည်။

ချိုအင်းရှန်းက ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ လက်နှစ်ဘက် နောက်ပစ်ကာ အေးအေးဆေးဆေး ရပ်နေ၏။

အနီရောင် ဝတ်ဆင်ထားသည့် မိန်းကလေးများက သူမ၏ ရှေ့၌ စီတန်းရပ်နေလိုက်ကြသည်။

ချင်းသက်ထင်း မြေပေါ်မှ လူးလိမ့်ထလိုက်သည်။

သို့သော် သူ၏ခန္ဓာကိုယ် ကောင်းစွာ ရပ်တည်နိုင်ခြင်း မရှိဘဲ ယိုးဒယိုင် ဖြစ်နေ၏။

ချီအင်းရှန်းကို စိုက်ကြည့်ရင်း....

'ခင်ဗျား ဘာကြောင့် သည်လောက် ရက်ရက်စက်စက်' စကားဆုံးအောင် မပြောနိုင်ပါချေ။

ပါးစပ်မှ သွေးများ ဝေါခနဲ အန်ထုတ်လိုက်ပြီး ဒူးထောက်ကျသွား၏။

ချီအင်းရှန်း ပြုံးလိုက်သည်။

'သူက မင်းကို သင်မပေးခဲ့ဘူးဆိုတာ ထင်ရှားနေတာပဲ၊ အင်းပေါ့လေ၊ သူဟာ သိုင်းလောကမှာ ဖြိုင်ဘက်ကင်းတဲ့လူ ဘယ်သူမှ သူ့ကို မယှဉ်နိုင်ဘူးဆိုတဲ့ဘဝမျိုး လိုချင်တာကိုး၊ ဒါပေမယ့် သိုင်းသုံးကွက် သိုင်းကျမ်းဟာ သုံးပိုင်းဖြစ်သွားပြီး လူသုံးယောက်စီ တကွဲတပြား ရောက်နေတဲ့ နောက်ပိုင်း သူ မျှော်လင့်တဲ့ ဘဝမျိုး ဘယ်တော့မှ ရနိုင်မှာ မဟုတ်တော့ပါဘူး။ မင်းအတွက် ကျုပ်စိတ်မကောင်းပါဘူး၊ တကယ်လို့များ ကျုပ်တပည့်တစ်ယောက်ယောက် သူ့ဆီကိုရောက်သွားရင် မင်းထက် ဆိုးတဲ့ အဖြစ်မျိုးနဲ့ ကြုံတွေ့ရမှာ သေချာတယ်'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ကျောခိုင်းထွက်သွားလေသည်။

အနီရောင်ဝတ်ဆင်ထားသည့် မိန်းကလေးငါးယောက်ကလည်း နောက်မှ ထက်ကြပ်မကွာ လိုက်သွားကြ၏။

ချင်းသက်ထင်း လူးလိမ့်ထလိုက်၏။

သို့သော် ချက်ချင်း ပြန်လည်လဲကျသွားသည်။

သူ၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေပြီဖြစ်သည်။



ချင်းသက်ထင်း အံကြိတ်လိုက်၏။

တောင်ကုန်းဆင်ခြေလျှော လမ်းကလေးအတိုင်း အောက်ဘက်သို့ လှိမ့်ဆင်းလိုက်လေသည်။

သူ၏ခန္ဓာကိုယ် တလိမ့်လိမ့်ဖြင့် တောင်ကုန်းအောက်သို့ကျသွားလေတော့သည်။

* * *

တတိယပိုင်းပြီး၏။

(စတုတ္ထပိုင်းကို ဆက်လက်ဖတ်ရှုပါရန်)

မိုးကျော်သူ